
www.burmeseclassic.com



www.burmeseclassic.com

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

မြလွှန်းချို (ဆေးတက္ကသိုလ်)

# မဇ္ဈိမအချစ်

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်

# မြလွန်းချို

(ဆေးတက္ကသိုလ်)

# မရှုံမအာချစ်

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက် → ၅၀၁၀၄၅၀၇၀၈

မျက်နှာဖုံးခွင့်ပြုချက် → ၅၀၁၁၉၅၀၉၀၈

အကြိမ် → ပထမအကြိမ်
၂၀၀၈-ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ → ၅၀၀

တန်ဖိုး → ၁၅၀၀/

ထုတ်ဝေသူ → ဒေါ်ကေခိုင်ဦး(မြဲ-၀၃၇၆၉)
ရွှေသမင်စာပေ
၃၇/၄၄-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်တိုင်း။

အတွင်း/အဖုံး ပုံနှိပ်သူ → ဒေါ်ဖြူဖြူညွန့် (မြဲ-၀၇၈၄၈)
ပြည့်ရန့်အော့ဖ်ဆက်
အမှတ်(၂၂၁)၊ ဒီဒင်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။




အချစ်ဟာ သိမ်မွေ့နူးညံ့မှုရဲ့
အစွန်းတစ်ဖက်ကို ရောက်သွားတဲ့အခါ...
ယုံကြည်ထားတာတွေအားလုံး...
တစ်စစီဖြစ်သွားတဲ့အခါ...
ချစ်သူကို ပွေ့ဖက်ခဲ့တဲ့ သူ့လက်တွေက
သူသတ်သမားအသွင်သို့ တဖြည်းဖြည်း
ပြောင်းလဲရောက်ရှိသွားတော့တယ်။
တကယ်တော့ သူက အရင်ဆုံး
သေဆုံးခဲ့ရသူသာလျှင် ဖြစ်သည်။

မြလွန်းချို(ဆေးတက္ကသိုလ်)





www.burmeseclassic.com

www.burmeseclassic.com





## မဍ္ဍီမအချစ်

ကြည့်ခဲ့ဖူးသော ဟယ်ရီဆယ်လီ၏ ရုပ်ရှင်တစ်ကားနှင့် *Someone behind you* ရုပ်ရှင်ကားကို ဆင့်ပွား ခံစားလျက် ရေးဖွဲ့ပါသည်။





အိပ်ရာမှ လန့်နိုးလာချင်းမှာ ပထမဆုံး သတိပြုမိသော အတွေ့သည် သူ့ညာဘက်လက်ဝါးမှာ စေးထန်းထန်းဖြစ်နေခြင်းကို ဖြစ်သည်။ လက်ဝါးကို လက်မြှောက်၍ ဖြန့်ကြည့်လိုက်သောအခါ နီရင့်ရင့် ခြောက်သွေ့သော သွေးစသွေးနများ. . .။

သူ့နှလုံးက ရင်ဘတ်ကို ဆောင့်တိုး၍ ဒိတ်ခနဲ ခုန်လာသည်။ တစ်ချက်ပြီး တစ်ချက်. . . တစ်ချက်ပြီးတစ်ချက်။

သူ ညက ဘာလုပ်ခဲ့ပါသလဲ။ ညက. . . ညက အကြောင်းကို စဉ်းစားတာနှင့် ခေါင်းကိုက်လာသည်။

ညကအကြောင်းကို စဉ်းစား၍မရ။ မနေ့က. . . မနက်။ အဲ. . . ဟုတ်ပြီ။ မနေ့ကမနက်က သူ ဘဏ်သို့သွားသည်။ ထုံးစံအတိုင်း တစ်နေကုန်. . .။ စားပွဲမှာထိုင်၍ ငွေစာရင်း ငွေသွင်း၊ ငွေထုတ် လက်မှတ်ထိုးရသည်။ သူ့အလုပ် လုပ်သော



www.burmeseclassic.com

www.burmeseclassic.com



ဘဏ်သည် တောင်ပေါ်မြို့တစ်မြို့ဖြစ်၍ ဘဏ်အံလွှဲအပြောင်း လုပ်၍ ငွေလွှဲသောကိစ္စများကို သူ သေချာစစ်ဆေးရသည်။

နိုဝင်ဘာလသည် ရန်ကုန်တွင် အအေးဒဏ် ရှိချင်မှ ရှိမည်ဖြစ်သော်လည်း သူနေထိုင်သည့် မြို့ကလေးမှာမူ နှင်းထုတို့ သိပ်သိပ်သည်းသည်းဖြင့် ဆေးရုံတင်မက စက်စက် ယိုအောင် ချမ်းတုန်နေရပြီ။ ထို့ကြောင့် ဒီမှာ နိုင်ငံရပ်ခြား လို အနွေးထည်ထူထူ လောင်းကုတ်တွေဝတ်တာမျိုး လူတိုင်း တွင် တွေ့နိုင်သည်။

သိပ်အေးလွန်း၍ လက်များ ခြေများကို ဘဏ်သို့ရောက် အောင် တော်တော်ကြီးအားစိုက် သယ်ယူရသည်။ ဘဏ်မှာ တစ်နေကုန် သူရှိနေတာ သေချာသည်။ နေ့လယ် တစ်နာရီ ခွဲခန့်မှာ သူ ထမင်းစားသည်။ အဲ... ထမင်းစားနေစဉ် အတွင်းမှာ ဖုန်းတစ်ခုကို သူ လက်ခံရရှိသည်။ ဖုန်းကို သူ မကိုင်ခင် ဘဏ်မှဝန်ထမ်းတစ်ဦးက အရင်ကိုင်သည်။

"ဆရာနရီနဲ့ တွေ့ချင်လို့တဲ့... ဂျွန်ခိုင်လို့ ပြောတယ်"

သူ ဖုန်းကို ကောက်ကိုင်လိုက်ချိန်တွင် ဖုန်းထဲမှ ဘာ သံမှ မကြားရ။ ဂျွန်ခိုင် ဆိုသော နာမည်ကို သူ မသိတာ သေချာပါသည်။

သူ့အသိထဲမှာ ဂျွန်ခိုင် နာမည်နှင့် တစ်ယောက်မှမရှိ။





ညနေ ငါးနာရီထိုးသောအခါ သူ ရုံးဆင်းသည်။

ရုံးအပြန်မှာ မေရီ့ကို ကျောင်း၌ ဝင်ကြိုသည်။ မေရီ သည် အဖြူအစိမ်းဝတ်စုံ၊ မျက်နှာထားခပ်နွမ်းနွမ်းနှင့် ကျောင်း အဝင်ဝ၌ သူ့ကို စောင့်နေခဲ့သည်။ ဆိုင်ကယ်လ် နောက်ခုံပေါ် မေရီ တက်ထိုင်ပြီး...

"ချမ်းပြီ...ကိုကို... မောင်းတော့"

ဟု ပြောသံကိုသာ သူ နောက်ဆုံးမှတ်မိသည်။

နာရီစက္ကန့်တံ သွားနေသောကြောင့် နာရီမှ တစ်ချက် ချက် မြည်နေသည်။ သူ အိပ်ရာမှထထိုင်လိုက်ပြီး ခုတင် ပေါ်မှ ခြေတွဲလောင်းချလိုက်သည်။ သူ့ခြေထောက်မှာ ဖိနပ် စီးထားဆဲပင်တည်း။ ဖိနပ်ကို အထိတ်တလန့် ငုံ့ကြည့်ပြီး သူ့မှာ နှလုံးခုန်သံပင် ရပ်ဆိုင်းသွားတော့အောင် ကြောက် လန့်သွားပြန်သည်။

သူ့ဖိနပ်မှာ သွေးစသွေးနတွေ။ ပြီးတော့ ရေခဲမှုန်တွေ။ သူ ယောင်ပြီး မတ်တတ်ထရပ်လိုက်သည်။ သူ တစ်ခုခု ဘာများလုပ်ခဲ့ပြီလဲ။ သူ့အိမ်သည် တောင်ပေါ်မြို့လေး၏ အစွန်အဖျားတွင် ရှိသည်။ အိမ်ခြေကျဲပါးသွားသော မြို့၏ အစွန်တွင် ထင်းရှူးပင်များ ခပ်စိပ်စိပ်ရှိပြီး မြေပြင်မှာ ရေအနည်းငယ် ခဲနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်မြို့ဆိုသော်လည်း တောင်တန်းတစ်ခုပေါ်တွင် ရှိသောကြောင့် သူတို့မြို့တွင် ဆိုင်ကယ်လ်ကို အသုံးများသည်။ နွေရာသီဆို အေးစိမ့်မှုက မပျောက်ပျက်သည့် မြို့လေးသည် ယခုနှစ် ဆောင်းရာသီမှာတော့ ရေခဲမှတ်ပင် ရောက်သည်အထိ အေးနေပြီ။

အိမ်တံခါးခေါက်သံသည် ရုတ်တရက် သူ့အသိအာရုံကို နှိုးလိုက်သည်။ ဒီတံခါးခေါက်သံဟာ သူ့အတွက် မကောင်းဆိုးဝါး၏ ခေါ်သံ။

သူ အိမ်နောက်ဖေး တံခါးပေါက်ဆီသို့ ခြေဦးလှည့်လိုက်သည်။ တံခါးဘုကို လှည့်ဖွင့်လိုက်သည်နှင့် မာကြောသော အရာတစ်ခုက သူ့ဝမ်းဗိုက်ကို ထောက်ထားပြီးသား။

ရဲတွေ... ရဲများသည် သူ့အိမ်ပတ်ပတ်လည်တွင် လက်နက်အပြည့်အစုံ ဝတ်စုံအပြည့်ဖြင့် ဝိုင်းရံထားသည်။ သူ ခေါင်းငိုက်စိုက်ကျသွားတော့သည်။





အခန်းလေးက မီးချောင်းတစ်ချောင်းသာ ထွန်းထားပြီး သူနှင့် သူ့မျက်နှာချင်းဆိုင်တွင် ထိုင်နေသောသူ နှစ်ယောက်သာရှိသည်။ သူတို့နှစ်ယောက်အလယ်တွင် စားပွဲတစ်ခုံ ခြားထားသည်။

မီးချောင်းအလင်းရောင်က စူးရှလွန်းပြီး အခန်းသည် လိုတာထက်ပို၍ တိတ်ဆိတ် ငြိမ်သက်နေကာ အေးစက်နေသည်။

"ခင်ဗျားဇနီးရဲ့အလောင်းကို ခင်ဗျား ကြည့်ချင်စိတ် ရှိရဲ့လား"

သူ့ကို ထိုလူက ထပ်မေးပြန်သည်။ သူ ကြောင်အစွာ နှုတ်ဆိတ်နေမြဲ။ မနေ့ကလေးတင် မေရီဟာ အသက်ထင်ရှားရှိသေးတာ။ ဒီနေ့မနက်မှာတော့ မေရီဟာ အသက်မရှိတော့ဘူးတဲ့လား။

"ခင်ဗျားဇနီးကို ခင်ဗျားကိုယ်တိုင် သတ်ခဲ့တဲ့အကြောင်း စခန်းကို ဖုန်းဆက်လို့ ကျွန်တော်တို့ ရောက်လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိက သူ့ကို ထပ်ရှင်းပြနေသည်။ သူ့အာရုံမှာ ထွေပြားလျက်ရှိသည်။ သူ့ဘဝတစ်လျှောက်မှာ သူများအသက်ဆို၍ ပုရွက်ဆိတ်တောင်မသတ်ဘူး။ ခြင်နှင့် ကြမ်းပိုးက လွဲလို့ပေါ့လေ။ လူ့အသက်တစ်ချောင်းကို သတ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်။

သူဟာ စာရင်းအင်း တွက်ချက်ရာနှင့် လက်မှတ်ထိုးရာမှာသာ မှန်ကန် မြန်ဆန်တဲ့လူ။ အဲဒီလိုလူမျိုးဟာ သူလက်ထပ်ယူထားတာ နှစ်လပဲရှိသေးတဲ့ မိန်းမတစ်ယောက်ကို သတ်နိုင်ပါ့မလား။

"ခင်ဗျား ဇနီးနဲ့ ခင်ဗျားဟာ မိဘ သဘောတူလို့ လက်ထပ်ခဲ့ကြတယ်ဆိုတာ ဟုတ်သလား ကိုနရီ"

သူ နှုတ်ဖြင့်မဖြေဘဲ ခေါင်းကိုသာ ညိတ်ပြသည်။ သူ့မိဘများက ရွှေဆိုင်ပိုင်ရှင်တွေ။ ရန်ကုန်မြို့တွင် ရွှေဆိုင်လေးခု ပိုင်ဆိုင်သည်။

"မေရီဟာ ခင်ဗျားအပေါ်မှာ မိဘသဘောတူလို့ လက်ထပ်လိုက်ရပေမယ့် မချစ်ဘူးဆိုတာကိုရော ခင်ဗျား သိတယ်ဆိုတာ ဟုတ်လား"

"ကျွန်တော် မေရီ့ကို မသတ်ဘူး"

ပထမဆုံး ပြောသောစကားမှာ ထိုစကားဖြစ်နေလိမ့်မည်ဟု ရဲဘက်က မျှော်လင့်ထားပုံရသည်။





"ကျွန်တော်မေးတာသာ ဖြေပါ၊ ခင်ဗျားအပေါ်မှာ မေရီဟာ မချစ်ဘဲ လက်ထပ်ခဲ့တယ်၊ ဝတ်ကျေတန်းကျေပဲ လက်ထပ်ခဲ့တယ်၊ ဒီအပေါ်မှာ ခင်ဗျား မကျေမနပ်ဖြစ်ခဲ့တယ်၊ အဲဒါ ဟုတ်သလား"

"ခင်ဗျား ဘာတွေလာမေးနေတာလဲ၊ ဒါ ကျွန်တော့်ရဲ့ လူမှုရေးကိစ္စတွေပါ၊ ကျွန်တော်တို့နှစ်ယောက် နှစ်ဦးသဘောတူ လက်ထပ်ခဲ့တာပဲဖြစ်ဖြစ်၊ မိဘ သဘောတူလို့ လက်ထပ်ခဲ့တာပဲဖြစ်ဖြစ် ကျွန်တော့်မိန်းမကို ကျွန်တော်ကိုယ်တိုင် သတ်ရလောက်အောင် အဲဒီအကြောင်းပြချက်က မလုံလောက်ဘူး၊ ကျွန်တော်က ဘာဖြစ်လို့ မေရီ့ကို သတ်ရမှာလဲ၊ မေရီ့ကို ကျွန်တော် မသတ်ဘူး"

"ဒါပေမယ့်... ခင်ဗျားကိုယ်တိုင်ပဲ ဒီနေ့မနက် ငါးနာရီခွဲပြီး နှစ်မိနစ်မှာ ခင်ဗျားမိန်းမကို သတ်ခဲ့တဲ့အကြောင်း စခန်းကို ဖုန်းဆက်ခဲ့တယ်လေ"

"ကျွန်တော်မဟုတ်တဲ့ အခြားတစ်ယောက်က သတ်တာ မဖြစ်နိုင်ဘူးလား၊ ဖုန်းဆက်တာ ကျွန်တော်ပါလို့ ခင်ဗျားတို့ ဘာနဲ့ သက်သေပြမလဲ"

ခဏအကြာတွင် သူ့ရှေ့၌ အသံဖမ်း ကက်ဆက်တစ်လုံး ရောက်ရှိလာသည်။ သူ့ရှေ့ရှိလူက ခလုတ်တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



နှိပ်လိုက်စဉ် စန္ဒရားသံ သဲ့သဲ့ကြားရသည်။ ရုတ်တရက် စန္ဒရားသံရပ်သွားပြီး လူတစ်ယောက်သံ ပေါ်လာသည်။

"ရဲစခန်းကပါလား ခင်ဗျာ... ကျွန်တော် နရီပါ၊ ဟုတ်ကဲ့... ( , ) ပုဂ္ဂလိကဘဏ် မန်နေဂျာပါ၊ ကျွန်တော့်ဇနီးကို ကျွန်တော် ဒေါသထွက်ပြီး ညက သတ်ခဲ့မိပါတယ်၊ ပြီးတော့... ကျွန်တော်တို့အိမ်နဲ့ သုံးခြံကျော်က လူမနေတဲ့အိမ်ထဲမှာ ပစ်ထားခဲ့တယ်၊ အဲဒါ မနက် ခြောက်နာရီကျရင် ကျွန်တော့်ကို အိမ်မှာ လာဖမ်းပါလို့ ကိုယ်တိုင် ဝန်ခံတာပါ"

စန္ဒရားသံသည် ခပ်သဲ့သဲ့ ပြန်ပေါ်လာသည်။ ထို့နောက် အသံများအားလုံး တိတ်ဆိတ်သွားတော့သည်။

အသံက ဘုရားစူး သူ့အသံအစစ်။ သူ့တစ်ကိုယ်လုံး အဖျားတက်သလို တုန်ယင်လာသည်။

"ဒါ...ဒါ... ကျွန်တော့်အသံ မဟုတ်ဘူး၊ တစ်ယောက်ယောက် ကြံစည်တာ"

"ကျွန်တော်တို့လည်း ဒီအတိုင်း ယူဆခဲ့ပါတယ် ကိုနရီ၊ ကျွန်တော်တို့ကို တစ်ယောက်ယောက် နောက်ပြောင်တယ်လို့ပဲ စဉ်းစားခဲ့ကြပါသေးတယ်၊ ဒါပေမယ့်... ဒီကိစ္စက လူသတ်မှုပါ၊ လူသတ်မှုဆိုတာ အကြီးလေးဆုံး ပြစ်မှုထဲမှာ





ပါ,ပါတယ်၊ ဒီအတွက် ကျွန်တော်တို့ ပေါ့ဆလို့မရပါဘူး၊ သတင်းပေးချက်အတိုင်း ခင်ဗျားအိမ်နဲ့ သုံးခြံကျော် ဘယ်ရောညာပါ ကျွန်တော်တို့ ချက်ချင်း သွားကြည့်ခဲ့ကြတယ်၊ ညာဘက်လေးခြံမြောက်မှာ လူမနေပါဘူး၊ အဲဒီအိမ်ထဲမှာ ခင်ဗျာဇနီးရဲ့ ရုပ်အလောင်းကို ကျွန်တော်တို့ တွေ့တဲ့အခါ ဒီကိစ္စကို နောက်ပြောင်ကြည်စယ်မှုလို့ ကျွန်တော်တို့ သဘောမထားတော့ပါဘူး"

သူ အသက်ရှူ ရပ်သွားတော့မလို ရင်ဘတ်ထဲက စူးအောင့် နာကျင်လာသည်။

မေရီ... ။

မေရီ့မျက်နှာကလေးဟာ မျက်ခုံးထူထူကလေးရယ်၊ မျက်လုံးဝိုင်းဝိုင်းကလေးရယ်၊ အင်မတန် ဖြူစင်သန့်ရှင်းသော မျက်နှာကလေးပါ။ နှုတ်ခမ်းလေးများက ပါးပါးလေးရယ်။

သူ့ကို 'ကိုကို' ဟု အဲဒီနှုတ်ခမ်းလေးများက ခေါ်ခဲ့တာ။ မချစ်ဘဲနဲ့ ခေါ်ခဲ့တာ သူ မယုံကြည်နိုင်။

မေရီသည် အင်မတန် မိန်းမဆန်သော မိန်းကလေး။ ခါးထိရှည်သော ဆံပင်ကို ကျစ်ဆံမြီး တစ်ချောင်းတည်း ကျစ်ကာ မြန်မာဝတ်စုံ ချည်ထည်ဝမ်းဆက်များနှင့် ကတ္တီပါဖိနပ်ရောင်စုံလေးများကို ဆင်တူဝတ်တတ်သော မိန်းကလေး။

www.burmeseclassic.com



ဘုရားကျောင်း၌ သီချင်း အဆိုကောင်း၍ အေးဆေး နူးညံ့သော မိန်းကလေး။

လက်ထပ်သောညက သူသည် မေ့ရီကျစ်ဆံမြီးအရင်းတွင် ပန်ထားသော စံပယ်အိုးပုတ်ဟု ခေါ်သည့် ပန်းများကို မွှေးမွှေးနှင့် နမ်းကာ မေရီ့ခေါင်းက ဆွဲဖြုတ်ပစ်လိုက်သည်ကို အမှတ်ရနေသည်။

မေ့ရီသည် ထိုစံပယ်ပွင့်လေးများ အိပ်ခန်းကြမ်းပြင်ပေါ် လွင့်စင်ကျသွားသည်ကို နှမြောတသစွာ ငေးကြည့်လျက်ရှိခဲ့သည်။

သူကတော့ ဖြူနုသော မေရီ့လည်တိုင်ကို ခပ်ဖွဖွကလေး နမ်းရှိုက်ရင်း အပျိုစင်၏ လျှို့ဝှက်ရာ အလှအပများအားလုံးကို ပိုင်ရှင်မှန်း တံဆိပ်ခပ်နှိပ်ရန်သာ ကြိုးစားခဲ့သည်။

မေရီသည် သူ့အလိုကို လိုက်လျောသည်လည်း မဟုတ်၊ ငြင်းဆန်သည်လည်း မဟုတ် ဆိုသော အနေအထားမှာ ရှိနေခဲ့ပြီး ဘာမဆို သူ့သဘောဆိုသလို ရှိနေပေးခဲ့သည်။

မေရီဟာ မျက်နှာကလေးတင် မဟုတ်။ တစ်ကိုယ်လုံး ချစ်စရာကောင်းသူပင်တည်း။

နူးညံ့သိမ်မွေ့သော အရည်အချင်းသည် ကိုယ်ကာယ၏ အစိတ်အပိုင်းအားလုံးတွင် ပျော်ဝင်စီးဆင်းနေသော မိန်းကလေး။





သူသည် လက်မထပ်ခင်က လည်းကောင်း၊ လက်ထပ်ပြီး နောက်ပိုင်းမှ ခုချိန်ထိလည်းကောင်း ချစ်တယ်ဆိုသော ကိစ္စကို သိပ်အရေးတယူ ပါးစပ်ထဲ ထည့်မပြောခဲ့။ ခေါင်းထဲမှာလည်း မရှိ။

သူ့မိဘများသည် မေရီ့မိဘများအပေါ်တွင် လယ်ယာကေ တချို့ဝယ်ရန် ငွေကြေး စိုက်ထုတ်ပေးထားခဲ့သည်။ မေရီ့မှာ မောင်တစ်ယောက်နှင့် ညီမတစ်ယောက် ရှိသည်။ မောင်အလတ်က ဒုတိယနှစ်ကျောင်းသား၊ ညီမလေးကမူ ခုမှ လေးတန်းကျောင်းသူ။

မေရီ တက္ကသိုလ်တက်သည့် လေးနှစ်လုံးလုံး မာမီတို့ကပဲ ပိုက်ဆံပေးခဲ့ကြသည်။ မေရီ ကျောင်းပြီး၍ ဆရာမအလုပ် လျှောက်ထားစဉ်မှာ သူနဲ့ မေရီကို လက်ထပ်ပေးဖို့ အစီအစဉ်ရှိကြောင်း သူ သိခဲ့သည်။

ကောင်မလေးက ချစ်စရာလေး...။ လက်ထပ်ပြီးလျှင် အိမ်ထောင်ရေး ပြေလည်နိုင်သည်။ တစ်နည်းအားဖြင့် ကိုယ်မွေးထားသောကြက် ဘယ်အချိန် ရိုက်သတ်စားစား စားလို့ရတာပဲ။

ဖြုန်းခနဲ သူ ထိတ်လန့်သွားသည်မှာ သူသည် မေရီ့ကို ခံစားတတ်သော လူတစ်ယောက်လို့ မမြင်ကြည့်ခဲ့ဘူး



www.burmeseclassic.com

www.burmeseclassic.com

ပါလား။ မနက်,ည သူ့ကို ထမင်းဟင်း ချက်ကျွေး၍ သူ့အာသာရမ္မက် ပြေပျောက်ရန် အလိုဖြည့်ပေးရသည့် မိန်းမတစ်ယောက်မှာ ပြောမထွက်နိုင်သည့် စိတ်ဝင်စားဖွယ်ရာ ဘဝအစိတ်အပိုင်းများ မရှိနိုင်ခဲ့ဘူးလား။ သေချာတာက မေရီ့ကို သူ လူလိုသဘောမထားခဲ့။

ခုချိန်မှာ သူ့ကိုယ်သူ အဲဒီအတွက် သိပ်ရှက်သွားခဲ့ပါသည်။

"ခင်ဗျား မေရီ့ကို ဘာနဲ့ သတ်ခဲ့လဲ"

"ကျွန်တော် မသိဘူး"

"ဒါဆို သူ့အလောင်းကို ခင်ဗျားလိုက်ကြည့်ဖို့ ကောင်းပြီ၊ ခင်ဗျား မကြည့်ရဲသည်ဖြစ်စေ၊ ကြည့်ရဲသည်ဖြစ်စေ ခင်ဗျားလက်ရာကိုတော့ ခင်ဗျား ပြန်ကြည့်ရမယ်၊ ဒါမှ ခင်ဗျား မေ့နေဟန်ဆောင်တဲ့ အကြောင်းတွေ ပြန်သတိရလာမှာပေါ့"

"ကျွန်တော် ဟန်ဆောင်နေတာ မဟုတ်ဘူး"

သူ့ကို စစ်ဆေးနေသောသူက ပြုံးသည်။

"အဲဒီအတွက် ခင်ဗျား ရှေ့နေ ငှားနိုင်ပါတယ်"





အချုပ်ခန်းသံတိုင်များ နောက်ကွယ်တွင် သူ နေထိုင်ရလိမ့်မည်ဟု တစ်သက်နဲ့တစ်ကိုယ် မမျှော်လင့်ဘူးခဲ့။ သူ့အား အချုပ်ခန်းထဲ ထည့်လိုက်စဉ် သူ့အရင် ရောက်ရှိနေခဲ့ကြသူများအားလုံး၏ အကြည့်သည် သူ့အပေါ် စုပြုံကျရောက်လာသည်။

သူ စိတ်ပျက်လက်ပျက်ဖြင့် သံမံတလင်းပေါ် ထိုင်ချလိုက်သည်။ ဆယ်မိနစ်ခန့်အကြာတွင် သူ့ကို အချုပ်ခန်းထဲမှ အပြင်သို့ ခေါ်ထုတ်၍ လက်ထိပ်ခတ်သည်။

ထို့နောက် ကားဖြင့် ဆေးရုံကိုခေါ်သွားသည်။ ရင်ခွဲရုံထဲရှိ ကျောက်ခုတင်ပေါ်တွင် အဝတ်ဖြူ အုပ်ထားသော အလောင်းတစ်လောင်း။ အနီးသို့ သူ တိုးကပ်သွားစဉ် လူတစ်ယောက်က အဝတ်ဖြူအုပ်ထားတာကို ခေါင်းမှ ဆွဲဖယ်၍ ပြသည်။

ချိုစောင်းတွင် ချိုင့်ဝင်နေသော ဒဏ်ရာတစ်ခု။ ပြီးတော့ နှာခေါင်းမှ သွေးကြောင်းများ စီးကျနေသည်။


www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများ စုံမှိတ်ထားသော မျက်နှာသည် မေရီ့ မျက်နှာမှ မေရီ့မျက်နှာ။ ကိုယ်ခန္ဓာတွင် ဘာဒဏ်ရာမှမရှိမနေ။

"မေရီ"

သူ့လက်များဖြင့် လှမ်းကိုင်ဖို့ ကြိုးစားသည်။

"ခင်ဗျား သူ့ကို ထိခွင့်မရှိဘူး"

သူ့လက်ကို သူ့ဘေးမှ ရဲတစ်ယောက်က ဟန့်တားရင်း ပြောသည်။

"သူ... သူ... တကယ့် အသက်မရှိတော့ဘူးလား"

"ခင်ဗျားကိုယ်တိုင် သူ့ကို ဒီလိုဖြစ်အောင်လုပ်ခဲ့တာဆို"

"မဟုတ်ဘူး... ကျွန်တော် မဟုတ်ဘူး၊ ကျွန်တော် မေရီ့ကို မသတ်ဘူး၊ ဘုရားသခင် ကယ်တော်မူပါ... အဖ ဘုရားသခင်... ကျွန်တော် မေရီ့ကို တကယ်မသတ်ပါဘူး"

သူ အာခေါင်ကိုခြစ်၍ အော်သည်။ သူ့အော်သံသည် လှိုင်၍ ကျယ်နေသည်။ သူ့ရင်ဘယ်တွေ နာလာသည်။

ကျောက်ခုတင်၊ အဝတ်ဖြူ၊ ဦးခေါင်းခွံ ကွဲအက် ချိုင့်ဝင်၍ ဦးနှောက်သားများ အပြင်သို့ထွက်နေသော ဒဏ်ရာ၊ မျက်လုံးစုံမှိတ်ထားသော မျက်နှာ။

ဟင့်အင်း... ဒါဟာ မာရ်နတ်ရဲ့ လှည့်စားမှုပါ။ သူ မေရီ့ကို ရက်ရက်စက်စက် ဘာလို့သတ်ဖြတ်ရမှာလဲ။





မေရီဟာ အဲဒီလို အသတ်ခံရအောင် ဘာအပြစ်မှလည်း မရှိ၊ သူ့မှာလည်း အပြစ်မရှိ။

"ကျွန်တော် သူ့ကို မသတ်ပါဘူးဗျာ၊ ကျွန်တော့်မှာ အပြစ်မရှိပါဘူး၊ သူ ဘယ်လိုကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ ကျွန်တော် တကယ်မသိရပါဘူး၊ သူသေရတာ ကျွန်တော့် အပြစ် မဟုတ်ပါဘူး"

"ခင်ဗျားအပြစ် ဟုတ်,မဟုတ် ဥပဒေက ဆုံးဖြတ် လိမ့်မယ်"

သူ့ကို အချုပ်ခန်းထဲ ပြန်ထည့်လိုက်ချိန်တွင် သူ့မှာ ရှိသမျှအားအင်တွေ ကုန်ဆုံးသွားသလိုပဲ။

ရေခဲမှုန်တွေနှင့် သွေးစ,သွေးနတွေ ကပ်ငြိနေသော သူ့ဘွတ်ဖိနပ်၊ သွေးစ,သွေးနများ ရှိနေသော သူ့ညာဘက် လက်ဖဝါး။ အသံဖမ်းကက်ဆက်အတွင်းမှ သူ့အသံ။

အို... မနေ့ကမှ သူ့ဘဝဟာ သာမန်လူတစ်ယောက် လို ရှိနေခဲ့သေးသည်။

ဘွဲ့ရ ပညာတတ် ရုပ်ချော ဥစ္စာပေါ။

ဇနီးချောချောလှလှ ကို ပူပူနွေးနွေး ရထားသူ။

ဘဏ်မန်နေဂျာ... ယနေ့မှာ သူဟာ အချုပ်ခန်း သံတိုင်တွေနောက် ရောက်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



လူသတ်ကောင်...

ကိုယ့်ဇနီး ကိုယ်ပြန်သတ်ခဲ့သူ...။

ဘဝနှစ်ခုက ဘာလို့ ဒီလောက်ကွာခြားပါလိမ့်။

သူ အချုပ်ခန်းသံတိုင်ကိုမှီကာ ခေါင်းကို ငိုက်စိုက်ချထားသည်။

သူ့ခေါင်းထဲမှာ အတွေးတွေ။ သူ မေရီ့ကို ကြိုပြီး ဘယ်ကိုသွားခဲ့လဲ။ အိမ်ကို တန်းပြန်ခဲ့တယ် ထင်တာပဲ။ လုံးဝကို မမှတ်မိတော့။

အချိန်သည် တရွေ့ရွေ့ ကုန်လာသည်။ နေ့လယ်ဘက်တွင် သူ့အား သီးသန့်အခန်းတစ်ခုတွင် ပြောင်းထားသည်။

"ကျွန်တော့်မိဘတွေဆီ အကြောင်းကြားချင်တယ်"

သူတို့ လိုက်လျောကြသည်။ မာမီနှင့် ဒက်ဒီသည် လေယာဉ်ဖြင့် မီရာအချိန်တွင်လိုက်ခဲ့မည်။ ပြီးတော့ သူ့အတွက် အကောင်းဆုံး ရှေ့နေတစ်ယောက်ကို စီစဉ်ပေးလိမ့်မည်။

ဖုန်းပြောပြီးနောက် အနည်းငယ် ရင်အေးသွားသလို ခံစားရသည်။ တဖြည်းဖြည်း သူ အိပ်ငိုက်လာသည်။ ညက တစ်ညလုံး မအိပ်ခဲ့ရသလိုမျိုး အိပ်ချင်လာတာဖြစ်သည်။





ဆွဲသီးအဝိုင်းပြားလေးမှာ 'ဧဂျ' ဟူသော အင်္ဂလိပ်စာလုံးကို ထင်ထင်ရှားရှား မြင်ရသည်။

မေရီ့မျက်နှာသည် ပြုံးရွှန်နေသည်။ မေရီ့လည်ပင်းမှာ ထိုဆွဲသီးကလေးသည် လှပစွာ ဆွဲချိတ်ထားသည်။

မေရီသည် ရှက်သလို ရစ်ခုန်သလို မျက်နှာလေးဖြင့် ကြည့်နေပြီးနောက် တစ်စုံတစ်ယောက်နမ်းရန် မျက်လုံးများကို ဖြည်းညင်းစွာမှိတ်ပြီး လည်တိုင်ကို အလိုက်သင့်မော့ကာ နှုတ်ခမ်းနှစ်မွှာကို လှပစွာ ဖွင့်ဟထားလေသည်။

ချိုသောအနမ်းများသည် သူ့ခန္ဓာကိုယ်တစ်လျှောက် သွေးကြောများအလိုက် စီးဆင်းသွားကာ လူတစ်ကိုယ်လုံးသည် အချစ်စိတ်ဖြင့် တုံအီလာကာ ထပ်၍ထပ်၍ နမ်းသည်။ နဖူးကလေး၊ ဆံစ,ကလေး၊ လည်တိုင်ကျော့ကျော့၊ ပါးပြင်ကလေး။

"မောင် သိပ်ဆိုးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသိစိတ် ဝင်လာအောင် လှုပ်ခတ်လိုက်သော အခေါ်အဝေါ်။

မောင်... ။

သူ့မျက်လုံးများဖွင့်၍ ကြည့်လိုက်သောအခါ ကျဉ်းမြောင်းသော အချုပ်ခန်းထဲတွင် သူတစ်ယောက်တည်းရှိသည်။

သူ့နားမှာ မေရီ မရှိ။ ဆွဲသီးလည်း မရှိ။ ဂျေ... ဟူသော စာလုံးကို သူ အမှတ်တရ ဖြစ်နေမိသည်။ ဂျေ... ဂျေ...။

မေရီဟာ 'မောင်' ဟု သူ့ကို ဘယ်တုန်းကမှ မခေါ်ခဲ့ပါ။ သူနဲ့ လက်ထပ်ပြီးနောက်ပိုင်း သူ့ကို တစ်ခါမှ ပြုံး၍ အနမ်းမခံခဲ့။ မေရီသည် စက်ရုပ်ဆန်သော မျက်နှာမျိုးဖြင့်သာ သူနဲ့ နေခဲ့သည်။ ပြုံးလျှင်တောင် ခပ်နွမ်းနွမ်းသာ ပြုံးသည်။

စောစောက သူ အိပ်မက် မက်ခဲ့တာလား။ အိပ်မက်ထဲတွင် သူသည် သူကိုယ်တိုင်မဟုတ်သော လူတစ်ယောက်လို ခံစားရသည်။ သူဟာ သူ မဟုတ်လျှင် ဘယ်သူလဲ။

သူ့ကိုယ်ထဲမှာ သူ မရှိဘဲ ဘယ်သူရှိနေလဲ။

စောစောက မြင်မက်ရသည့် မေရီ့မျက်နှာကလေးဟာ ချစ်သူပန်ဖို့ ပျိုးထားတဲ့ ပန်းခင်းလိုပဲ။ နုသစ်လိုက်တာ။





သူနဲ့ကျတော့ မေရီဟာ ဆိုင်းကြိုးပြတ်တဲ့ စွန်လိုပဲ။ လူကသာ သူ့ရင်ခွင်ထဲမှာ၊ စိတ်ကတော့ လေနှင်ရာရွှေ့နေသည်။ အဲဒီစိတ်က ဘယ်သူ့ဆီ ရောက်နေမလဲ။ ခုနေမှာ တွေးကြည့်မိတော့သည်။

မေရီက သူ့ထက် ငါးနှစ်ကျော် ငယ်ရွယ်ပြီး တက္ကသိုလ်လေးနှစ်တက်ခဲ့သည့် အတောအတွင်း ချစ်သူတွေ ဘာတွေ ရှိချင် ရှိခဲ့မှာပေါ့။

ဒါပေမယ့် ချစ်သူရှိခဲ့မယ်ဆို ဘာလို့ သူနဲ့ လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့မှာလဲ။

ရုတ်တရက် သူ့ဘယ်ဘက် လက်သူကြွယ်မှာ လက်ထပ်လက်စွပ်ကို သတိရသည်။ သူ့လက်သူကြွယ်မှာ လက်ထပ်လက်စွပ် ရှိမနေတော့ပါ။ အံ့ဩစရာပင်တည်း။

သူ့ကိုယ်နဲ့မကွာ ရေချိုးရင်တောင် မချွတ်ခဲ့သော လက်စွပ်သည် မနေ့ကထိ သူ့ကိုယ်မှာ ရှိခဲ့သေးသည်။ ဒီနေ့တော့ မတွေ့တော့။ သူ ကြက်သီး ဖြန်းခနဲထ,သွားပြီး ကြောက်စိတ် အလိုလိုဝင်လာသည်။ သူ့ဟာသူ မသိသော၊ သူ့ကို ကောင်းကောင်းသိသော တစ်စုံတစ်ယောက်ရဲ့ အကွက်ကျကျ စီရင်ခြင်းကို ခံနေရပြီလား။ သူ့ခေါင်းထဲ၌ မိုက်ခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ချာလည် လည်နေသလို ခံစားလာရပြီးနောက် သူသည် အသိစိတ် ကင်းမဲ့သလို ရုတ်တရက် ရှိုက်ကြီးတငင် ငိုကြွေးပြီးနောက် ကြောင်တောင်တောင် မျက်လုံးများဖြင့် လေးဖက်လေးတန်ရှိ နံရံကို ကြည့်ကာ ဟစ်အော်လိုက်သည်။

သူ့အော်သံကြောင့် အချုပ်ခန်းတံခါး ပွင့်လာကာ လူသုံးယောက် ပြေးဝင်လာကြသည်။

ဒူးနှစ်ဖက်ကို ပူးတုပ်ထိုင်ကာ နဖူးပေါ် လက်နှစ်ဖက် အုပ်ကိုင်၍ အော်ဟစ်နေသော သူသည် ဝင်လာသူများကို မြင်သည့်အခါ အော်သံရပ်သွားသည်။

ပြီးတော့ ခေါင်း နောက်နေရာမှ ကြည်သွားသလို လက်ရှိအခြေအနေကို သတိရသည်။

"ခင်ဗျား နေလို့ကောင်းရဲ့လား ကိုနရီ"

သူ ခေါင်းညိတ်ပြရိုက်မှာ သူ့မျက်နှာမှ ချွေးတစ်စက်သည် သူ့လက်ခုံပေါ်သို့ ပေါက်ခနဲကျသည်။

"ဖြစ်ရဲ့လား... ခင်ဗျားကြည့်ရတာ သိပ်နေကောင်းပုံမရဘူး"

"ရပါတယ်... ကျွန်တော် ဘာမှမဖြစ်ပါဘူး"

သူ့ကိုထား၍ ထိုလူတွေ ပြန်ထွက်သွားကြသည်။ အခန်းထဲမှာ သူတစ်ယောက်တည်း။





ပတ်ဝန်းကျင်မှ တီးလုံးသံလို အသံတစ်ခု ကြားရသည်။ ခပ်တိုးတိုးပဲ။ သေချာ စူးစိုက်နားထောင်သောအခါမှ မြန်မာ့အသံက လာနေသော သီချင်းသံဟု ခန့်မှန်း၍ရသည်။

သို့သော် သီချင်းစာသားကို မသဲကွဲ။

သီချင်းသံသည် အားနည်းစွာဖြင့် တစ်ချက်တစ်ချက်မှာ သံစဉ်လိုက် မြင့်လိုက်မြင့်။ တစ်ချက်တစ်ချက်မှာ ခွေးအူသံကို ကြားရသည်။ သူ့မျက်လုံးများ ပြန်စင်းလာသည်။

သူ အိပ်ချင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တောင်စောင်းပေါ်မှ အောက်ဘက်သို့ ဆီးမြင်နေရသော မြင်ကွင်းသည် အုန်းပင်လို အပင်မျိုးလား။ သီဟိုဠ်ပင်လို အပင်မျိုးတွေလား မခွဲခြားနိုင်အောင် စုံလင်သော အစိမ်းရောင် မြင်ကွင်းဖြစ်သည်။

ဒီမြင်ကွင်းမျိုးကို သူ တစ်ခါမှမမြင်ဘူးခဲ့။ ဒါ မြန်မာပြည်ထဲက တစ်နေရာတော့ သေချာပေမယ့် အခုနေထိုင်သော ရေခဲတတ်သည့် မြို့မဟုတ်။ ဒီမြို့မဟုတ်တာတော့ သေချာသည်။ ဘုရားရှိခိုးကျောင်းက သီချင်းသံတချို့နှင့် ဆုတောင်းသံများကိုလည်း ကြားရသလိုရှိသည်။

ဒီအရာတွေအားလုံးထက် ထူးခြားသော စိတ်ခံစားမှုက သူသည် ဒီတောင်စောင်းကနေ ပြုတ်ကျသွားသလို ရင်ထဲ အသည်းထဲ အေးခနဲခံစားမှုမျိုး ရနေခြင်းဖြစ်သည်။ သူ့လက်ထဲမှာ မိန်းမ လည်စည်းပဝါအဖြူကလေး။ သူ တွယ်စရာ နေရာတစ်ခုခုကို ရှာနေသည်။ သို့သော် တွယ်စရာမမြင်။





တောင်စောင်းတစ်လျှောက် အပင်များစွာသည် ရိပ်ခနဲ ရိပ်ခနဲ သူ့ဘေးမှ ဖြတ်သွားသည်။ တောင်စောင်းထိပ်မှာတော့ အဝါရောင် အရိပ်တစ်ခု။

"မေရီ"

သူ့နှုတ်မှ ခပ်တိုးတိုးရွတ်ကာ အသက်ကိုရှူထုတ်လိုက်သည်။ မျက်လုံး ဖွင့်ကြည့်လိုက်သောအခါ သူ့မျက်နှာပေါ် ထိုးကျနေသော မီးချောင်းအလင်းရောင်၏ စူးရှမှုကို အရင်ခံရပြီး ချက်ချင်း မျက်လုံးကို ပြန်မှိတ်လိုက်သည်။ ခဏကြာမှ မျက်လုံး ပြန်ဖွင့်လိုက်သောအခါ သူသည် အချုပ်အခန်းထဲတွင် ရှိနေဆဲပင်တည်း။ စောစောက သူ အိပ်ပျော်သွားသေးတယ် ထင်၏။

ထိုအခိုက်... အခန်းတံခါး ပွင့်လာပြီး သူ့ကို အပြင်သို့ ခေါ်ထုတ်သည့် လူနှစ်ယောက် ခြံရံပြီး အခန်းတစ်ခန်းထဲ သွားရပြန်သည်။ ဟိုဘက်ခန်း ဒီဘက်ခန်းမှာ မှန်နံရံတစ်ခုသာ ခြားလျက်ရှိပြီး နံရံ၏နှစ်ဖက်လုံးသည် တယ်လီဖုန်းဖြင့် ဆက်သွယ် စကားပြောရသော အနေအထားမျိုး။ ဟိုဘက်နံရံတွင် မြင်နေရတာ သူ့မိခင်၏ အငိုမျက်လုံးဖြင့် မယုံကြည်နိုင်သော မျက်နှာ။

"သား... သားလေး"



www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ မာမီရယ်... မငိုပါနဲ့"

"ဘယ်လိုတွေ ဖြစ်ကြတာလဲ သားရယ်၊ မာမီဖြင့် မယုံနိုင်အောင်ဘဲ၊ သမီးလေး... သမီးလေး မေရီ..."

"သား မေရီ့ကို ဘာမှမလုပ်ခဲ့ပါဘူး မာမီရယ်၊ ဘာတွေ ဖြစ်ကုန်မှန်း သားလည်း မသိတော့ပါဘူး"

"မာမီလည်း နားမလည်နိုင်လောက်အောင်ဘဲ၊ အထူးသဖြင့် မေရီ့ကို ဒီလို သား လုပ်ရက်လိမ့်မယ်လို့ မာမီဖြင့် လုံးဝမထင်ဘူး။ အို... ဘာပဲဖြစ်ဖြစ် သား စိတ်ချမ်းသာအောင်နေ၊ သားအတွက် အတော်ဆုံးဝတ်လုံ ငှားပေးမယ်၊ သား ဒယ်ဒီ ရန်ကုန်မှာ အဲဒီကိစ္စ စီစဉ်နေလို့ မနက်မှရောက်မယ်၊ စိတ်မပူနဲ့... သိလား"

ဒီအခြေအနေရောက်မှတော့ သူ ဘာကို စိတ်အေးနိုင်မည်လဲ။ သူ့အတွက် အခြေအနေတွေက ရှုပ်ထွေးနေဆဲဖြစ်သည်။

"ကျွန်တော် ဒီအချုပ်ခန်းထဲမှာ မနေချင်ဘူး မာမီ"

"သိတယ်... မာမီသိပါတယ်၊ ဒါပေမယ့် သည်းခံလိုက်ပါ သားရယ်၊ ခဏနော်... မာမီတို့ သားကို အပြင်ရောက်ဖို့ ရှေ့နေနဲ့ တိုင်ပင်ထားပါတယ်"

"မာမီ..."





"သား..."

"ကျွန်တော် မေရီ့ကို မသတ်ဘူးဆိုတာ မာမီ ယုံလား"

"ယုံပါတယ် သားရယ်"

"သူတို့က မယုံဘူး မာမီ၊ သူတို့ မယုံကြဘူး"

မာမီသည် သူ့ကို ယုံကြည်သော မျက်လုံးများဖြင့် ကြည့်နေသည်။ ထိုမျက်လုံးများကို သူ စူးစိုက်ကြည့်နေရင်းမှာပင် မိုက်ခနဲ ခံစားရပြီး စောစောက မျက်လုံးများနေရာမှာ လှောင်ပြောင် သရော်သော မျက်လုံးကို မြင်ရသည်။ ဒီလူဟာ မာမီလား... ဘယ်သူလဲ။

သူ တယ်လီဖုန်း ပြောခွက်ကို ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူနဲ့ ဒယ်ဒီ့ကြားမှာတော့ ပြောစရာစကား သိပ်မရှိပါ။ ဒယ်ဒီခေါ်လာသော ရှေ့နေပုံစံက ရည်မွန် ယဉ်ကျေးသည်။ အသက်က ငါးဆယ်ခန့် ရှိမည်။ အမှုပေါင်း ရာနှင့်ချီ၍ လိုက်ခဲ့ဖူးပုံ ပေါ်သည်။ နားထင်မှ အရေပြားများ၊ မျက်လုံး တစ်ဝိုက်မှ အရေပြားများသည် တွန့်လိမ့်လျက်ရှိပြီး ကွမ်း အမြဲတစေ စားတတ်သောကြောင့် နှုတ်ခမ်းများပင် နီရဲလျက် ရှိသည်။ လူပုံက အသားဖြူဖြူ၊ အရပ်ညှက်ညှက် ရည်မွန် သော်လည်း ကွမ်းသွေးစွဲနေသော နှုတ်ခမ်းများကြောင့် ကျက်သရေသည် အနည်းငယ် ယုတ်လျော့သွားသလို ထင်ရ သည်။

မျက်လုံးများ...

အဲဒီမျက်လုံးများကိုတော့ သူ မနှစ်မြို့ချင်။ နီရဲသော ဒါမှမဟုတ် အရောင်ရင့်ရင့်တစ်ခု၏ ဘေးဘက်မှ သန်းနေ သော အရောင်လိုမျိုး ဖြာထွက်လျက်ရှိသော မျက်လုံးများ၊





သနားကြင်နာမှု ဟူသမျှကို ဟန်ဆောင်ခြင်းဖြင့်သာ ပြသမည့် မျက်လုံးများ။ ဒီလူဟာ ကြောက်စရာကောင်းသူမျိုး။

"ကျွန်တော် ဒီထဲမှာ မနေချင်ဘူး"

ရှေ့နေကို စတွေ့စဉ် သူပြောသောစကားသည် ဤ စကား ဖြစ်နေသည်။ ဤလူကို သူ့မသိစိတ်က မနှစ်မြို့သော် လည်း အားကိုးချင်နေမိသည်။ တစ်သက်လုံး လွတ်လွတ် လပ်လပ် နေလာခဲ့သူ မဟုတ်လား။

သူ့ကို ကာရံထားသော နံရံလေးဖက်စလုံးတွင် သူ မသိသော သူ့ကို အန္တရာယ်ပေးနိုင်မည့် တစ်စုံတစ်ရာသည် အမြဲတစေ သူ့ကို စောင့်ကြည့်လျက်ရှိသည်ဟု စိတ်ထဲမှာ ခံစားရသည်။

ဒီနံရံလေးဖက်ထဲက အပြင်ကို ထွက်နိုင်ရင် သိပ် ကောင်းမှာပဲ။

"ဦးနာမည် မောင်ရင် သိပြီးပြီလား"

"ဗျာ..."

"ဦးနာမည်ကို မောင်ရင် သိပြီလားလို့ မေးတာ"

"အဲ..."

ဒယ်ဒီ သူ့ကိုပြောသည်။ နာမည်က နှစ်လုံးလား၊ သုံးလုံးလား။ သူ မမှတ်မိ။ သူ ရှေ့နေကို အားနာသွားသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဦးနာမည်က ခင်ဇော်ပါ၊ မောင်ရင့်နာမည်က နရီလို့ ခေါ်တယ်၊ လောလောဆယ် မောင်ရင့်ကို စွဲထားတဲ့ပုဒ်မက ၃၀၂… လူသတ်မှု၊ မောင်ရင့်အသက်က သုံးဆယ့်သုံး၊ မောင်ရင့်အလုပ်အကိုင်က ဘဏ်မန်နေဂျာ၊ မောင်ရင့်မှာ ငယ်ရွယ်လှပတဲ့ ဇနီးချောလေး ရှိတယ်၊ အဲဒီဇနီးချောလေးဟာ လွန်ခဲ့တဲ့ ရက်အနည်းငယ်က အသတ်ခံခဲ့ရတယ်၊ ရဲဘက်ကတော့ မောင်ရင်ကိုယ်တိုင် လာဖမ်းဖို့ တိုင်ကြားခဲ့တယ်လို့ ဆိုတယ်၊ သူတို့မှာ အဲဒီအတွက် မောင်ရင့်အသံနဲ့ သက်သေလည်း ရှိနေတယ်၊ ပြီးတော့ မေရီ့အလောင်းမှာ တွေ့ရတဲ့ ဒဏ်ရာက ခွန်အားသုံးပြီး ထုနှက်ထားလို့ သေစေလောက်တဲ့ ဒဏ်ရာလည်း ဖြစ်တယ်၊ တကယ်လို့ မောင်ရင်သာ မသတ်ခဲ့ဘူးဆိုရင်တော့ ဒီလိုအမှုသွားပုံစံမျိုးဟာ အလွန်စေ့စပ် သေချာတဲ့၊ မောင်ရင့်ကို တစ်ဖက်သတ် မုန်းတီးနေတဲ့ လူတစ်ယောက်ရဲ့ အကွက်ကျကျ ချောက်တွန်းမှုပဲ၊ ပြီးတော့ ဒီလိုအမှုသွားပုံစံမျိုးဟာ တစ်ဖက်ရှေ့နေအတွက် အားသာချက်တွေ များသလောက် ဦးတို့ ဘက်ကတော့ အားနည်းချက်တွေချည်းပဲ"

ရှေ့နေ ဦးခင်ဇော်၏စကား ဆုံးသွားသည်။ သူ စိတ်ဓာတ် ကျသွားပြီး ခေါင်းငိုက်စိုက်ဖြစ်နေသည်။





သူ့ကို အကွက်ကျကျ ချောက်တွန်းမှု ဆိုပါလား။

သူ့ကို မုန်းတီးနေသောသူ ဆိုတာ စဉ်းစား၍မရနိုင်။ တစ်နေ့တစ်နေ့ ဘဏ်ကို လူပေါင်းများစွာလာသည်။ လူမျိုးစုံ၏ မျက်နှာသည် သူ့အာရုံထဲတွင် ရောထွေးနေသည်။ ဘဏ်ရှိ ဝန်ထမ်းမိန်းကလေးများ၏ ကာလာစုံ မျက်နှာသည်လည်း မမှတ်မိနိုင်တော့အောင် ရှုပ်ထွေး များပြားနေသည်။

"မောင်ရင် မသတ်ခဲ့ဘူးဆိုတာ သေချာလား"

သူ့ရှေ့နေကို သူ မျက်လုံး အကြောင်သားဖြင့် စိုက်ကြည့်နေသည်။

"မောင်ရင် နေကောင်းရဲ့လား"

"ကျွန်တော် ခေါင်းတွေအုံနေတယ်၊ ပြီးတော့ ဘာကိုမှ စဉ်းစားလို့မရဘူး၊ ကျွန်တော် မေ့နေတဲ့ အဖြစ်အပျက်တချို့ ရှိနေတယ်၊ မှတ်မိနေတာတချို့လည်း ရှိတယ်၊ ထူးဆန်းတယ်ဗျာ ကျွန်တော့် လက်ထပ်လက်စွပ် မရှိတော့ဘူး၊ ကျွန်တော် မေရီကို ဘာလို့သတ်ရမှာလဲ၊ သတ်စရာအကြောင်း မရှိဘူး၊ မေရီ့ကို ကျွန်တော် နှစ်နှစ်ကာကာ ရူးမူးပြီးချစ်တာမျိုး မရှိပေမယ့် သတ်လောက်အောင် မုန်းမနေဘူး၊ ဒါပေမယ့် ဦး သိလား… ကျွန်တော် သတိဝင်လာတဲ့အချိန်မှာ မေရီ သေနေပြီဆိုတာ ကျွန်တော် အလိုအလျောက် သိလိုက်သလိုပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်မှာ စ,သိတာလဲ၊ အဲဒီအချိန် မှတ်မိလား"

"ရဲတွေလာမဖမ်းခင် မိနစ်ပိုင်းအလို ကျွန်တော် အိပ်ရာက နိုးလာတဲ့အချိန်ပေါ့"

"ဘာဖြစ်လို့ အလိုအလျောက် သိတာလဲ"

"မပြောတတ်ဘူး... ကျွန်တော့်လက်မှာ သွေးတွေပေနေတယ်၊ ကျွန်တော့်ဖိနပ်မှာလည်း သွေးတွေ..."

ရှေ့နေသည် သူ ပြောသမျှကို စိတ်ပါဝင်စားစွာ နားထောင်ဟန် ပြုလာသည်။

"သွေးတွေကိုတွေ့တော့ မောင်ရင် ဘယ်လိုခံစားရလဲ"

"လန့်သွားတယ်"

"နောက်တော့ကော..."

"ကျွန်တော် မနေ့ညက ဘာဖြစ်ခဲ့လဲဆိုတာ စဉ်းစားတယ်"

"စဉ်းစားလို့ ရလား"

"မရဘူး"

"ညက ဘာဖြစ်လဲဆိုတာ စဉ်းစားလို့မရဘူးဆိုတော့ နေ့ဘက်ပိုင်းကျတော့ရော မှတ်မိလား"

"ကျွန်တော် မေရီ့ကို ကျောင်းသွားကြိုတဲ့အသိ မှတ်မိတယ်"





"နောက်ပိုင်း မသိတော့ဘူးပေါ့"

"ဟုတ်ကဲ့"

"ဒါနဲ့... မောင်ရင့်ဇနီး ရုပ်အလောင်းမှာ ဝတ်ထားတဲ့ အင်္ကျီကို ခုနေ ဘာလို့ပြောနိုင်လား"

"ကျောင်းကိုသွားကြိုတာဆိုတော့ ကျောင်းစိမ်း ထင်တယ်"

"ကျောင်းစိမ်းပဲ ဖြစ်မယ်လို့ ထင်တယ်ပေါ့"

"ဟုတ်ကဲ့"

"မောင်ရင့်ဇနီး ရုပ်အလောင်းမှာတွေ့တဲ့ အင်္ကျီနဲ့လုံချည်ဟာ အဝါရောင်အခံမှာ အနက်စက်သေးသေးလေးတွေပါတဲ့ အဆင်မျိုးပဲ၊ မောင်ရင်တို့နှစ်ယောက် အိမ်ပြန်ခဲ့ကြသေးလား"

"ကျွန်တော် စဉ်းစားလို့မရဘူး"

"သေချာ စဉ်းစားကြည့်ပါဦး... ဒီမေးခွန်းတွေဟာ မောင်ရင့်ကို မောင်ရင့်ရှေ့နေကမေးတဲ့ အနေအထားမျိုး မဟုတ်ဘူး၊ တရားလိုရှေ့နေက မေးတဲ့ အနေအထားမျိုး မေးနေတာနော်၊ ဒါကြောင့် သတိထားပြီး စဉ်းစဉ်းစားစားဖြေပါ"

သူ ငိုင်သွားသည်။

အဝါရောင်... ။

အဝါရောင် အရိပ်တစ်ခုကို တောင်စောင်းမှာ ရိပ်ခနဲ မြင်လိုက်ရသော မြင်ကွင်း။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ အိမ်ကို ပြန်ခဲ့တယ် ထင်တယ်"

"ဟုတ်ပြီ... အိမ်ကိုပြန်ခဲ့တယ်၊ ဒါဖြင့်... ဘာဖြစ်လို့ အပြင်ကို ပြန်ထွက်ခဲ့ကြလဲ၊ မောင်ရင်တို့ ရန်ဖြစ်ကြသေးလား"

"မသိဘူး... ကျွန်တော်တို့ ရန်တော့မဖြစ်လောက်ဘူး"

"ဘာလို့လဲ... ရန်မဖြစ်ဘူးလို့ ဘာလို့ပြောနိုင်တာလဲ"

"ကျွန်တော်တို့နှစ်ယောက် ရန်ဖြစ်လေ့မရှိဘူး"

"မောင်ရင်နဲ့ မေရီ သိတာကြာပြီလား"

"ကြာပြီ"

"ကြာပြီဆို... ဘယ်နှစ်နှစ်လောက် ရှိပြီလဲ"

"ကျွန်တော် ဆယ့်ငါးနှစ်လောက်မှာ ကျွန်တော်တို့က ရွှေဆိုင် ဖွင့်ထားတယ်၊ ရွှေဆိုင်မှာ ကျွန်တော် ရှိနေတုန်း သူတို့ ရွှေပေါင်ဖို့လာကြတယ်၊ အဲဒီမှာ ကျွန်တော်နဲ့ စ,သိတာ၊ မာမီတို့နဲ့က သိတာကြာပြီ"

"သူတို့... ဆိုတော့ မောင့်ရင့်ဇနီး မေရီနဲ့ ဘယ်သူပါတာ"

"သူနဲ့ သူ့အမေ"





"ဒီပစ္စည်းလေး ရောင်းချင်လို့ပါ သားရယ်"

သူ့လက်ထဲသို့ ရောက်လာသော ပစ္စည်းသည် ရွှေရောင်မှိန်နေသော ပတ္တမြားလက်စွပ်တစ်ကွင်း။ ပတ္တမြား အလုံးကလေးများပင် အရောင်မှိန်နေပြီ။ လက်စွပ် အတွင်းပိုင်း ပတ္တမြားလေးများကို ငုံထားသော နေရာတွင် သနပ်ခါးချေးများ ထူထဲစွာရှိသည်။

အဒေါ်ကြီးပုံစံက ခပ်နွမ်းနွမ်းပါးပါးပုံမျိုး မဟုတ်ပေမယ့် မျက်နှာက နွမ်းနေသည်။ ဘေးတွင်ပါလာသော မိန်းကလေးသည် အရောင်အဆင်း ဝါဝင်းလျက်ရှိသော အသားအရေကို ပိုင်ဆိုင်သည်။ ကောင်မလေး ကြည့်ရတာ ရှက်ရွံ့နေသလိုပဲ။ အေးလေ... ရွှေလာရောင်းရတယ် ဆိုတော့လည်း ရှက်မှာပေါ့။

"ဘယ်လောက်ရမလဲ သားလေး"

"ကျောက်ဖြုတ်ပြီး ဆိုရင်..."

သူ ချိန်ခွင်ထဲသို့ သွက်လက်စွာထည့်ပြီး ချိန်တွယ်၍ အလျော့တွက်ဖိုး နုတ်ကာ ပြန်ဝယ်ရွှေဈေးဖြင့် တွက်ချက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး သုံးသောင်းနှစ်ထောင့်လေးရာ"

သူက ကျသင့်ငွေကိုပြောနေချိန်တွင် သူ့မာမီ ဝင်လာသည်။

"ဟယ်... မရွှေအေးကြီးပါလား၊ ဘာကိစ္စ..."

"သမီး ကျောင်းအပ်ဖို့ကွယ်"

မာမီက သူ့လက်ထဲမှ လက်စွပ်ကို ယူကြည့်ပြီး...

"အင်း... ငွေသုံးသောင်း ကျွန်မ ထုတ်ချေးလိုက်မယ်လေ၊ ရွှေ မရောင်းနဲ့၊ ဒါ အပေါင်ခံသဘောမျိုး ယူလိုက်မယ်၊ အတိုးကိုလည်း လာရွေးမှ ပေါင်းပြီးဆပ်၊ အဆင်ပြေလား... နို့မို့ ပစ္စည်းတစ်ခု ရောင်းလိုက်ရင် အဲဒီပစ္စည်း ပြန်ဖြစ်ဖို့ မလွယ်ဘူး"

"ကျေးဇူးတင်ပါတယ်ကွယ်... အရေးကြီးတာ ကျောင်းအပ်နိုင်ဖို့ပဲ၊ သမီးလေးကို ကျင်စိန် မမြင်ဖူးဘူးမို့လား၊ ဒါ သမီးလေ... ရှစ်တန်းတက်မှာ"

"ချစ်စရာလေးပဲ"

မာမီက ဖော်ရွေသောမျက်နှာဖြင့် ကောင်မလေးကို ပြုံးပြသည်။ ကောင်မလေးမျက်နှာကလေးမှာ အခြယ်အသ လုံးဝမရှိ။

သူတို့ ပြန်သွားမှ မာမီက...





"မာမီတို့က တစ်နယ်တည်းသားတွေလေ၊ သူတို့လည်း အစကတော့ သူဌေးတွေပဲ၊ တစ်နှစ်မှာ ရေကြီးတုန်း သူတို့ပိုင်တဲ့လယ်တွေအားလုံး မြုပ်သွားတယ်၊ သဘာဝအန္တရာယ်ဆိုတော့လည်း လူ့ကံလို့ဆိုရမှာပဲ၊ ချေးငှားပေါင်နှံပြီး ယူထားသမျှ ကြွေးတွေ လယ်တွေရောင်းဆပ်လိုက်ရတယ်၊ ခုတော့ လယ်တွေအားလုံး မာမီ့အပိုင်လို့ ပြောရမှာပေါ့၊ ဒါပေမယ့်... မာမီကတော့ သူတို့အပိုင်လို့ပဲ သဘောထားတယ်၊ ဒုက္ခရောက်နေတဲ့သူကို တွေ့တုန်းကယ်တင်ရတယ် မဟုတ်လား၊ သူတို့က သစ္စာရှိတယ်၊ လယ်ကရသမျှပိုက်ဆံ တစ်ကျပ်မကျန် ပြန်ပေးတယ်၊ မာမီက ခွဲဝေပေးရတာပေါ့၊ နောက် သူတို့လာရင် ရွှေကို အပေါင်ခံပဲယူထား၊ ငွေပေါ်တဲ့အခါ ပြန်ရွေးလိမ့်မယ်"

"အဲဒီတစ်ခါ စ,မြင်ဖူးတယ် ပြောရမှာပဲ၊ နောက်နှစ်ဆယ်တန်းဖြေနေတုန်း သူတို့ တစ်ခေါက် ထပ်ရောက်လာတယ်"

"ပစ္စည်းရွေးဖို့လား"

"ဟုတ်တယ်... နောက်ပြီး ဆေးရုံစောင့်ဖို့"

"ဆေးရုံစောင့်ဖို့... ဟုတ်လား၊ ဘယ်သူလဲ... ဘယ်သူ ဘာဖြစ်လို့ ဘယ်သူစောင့်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နေမကောင်းလို့ သူတို့ အဲဒီသတင်း ကြားတယ်နဲ့တူတယ်၊ မာမီက ဆိုင်တစ်ဖက်နဲ့မို့လား"

"အဲဒီတုန်းက ဘာဖြစ်လို့လဲ"

"သုံးရက်ဆက်တိုက် မအိပ်ဘဲ စာကျက်လို့"

"ဩော်..."

"ကျွန်တော်တို့ ဓနုဖြူကို သွားလည်ကြသေးတယ်၊ သူတို့အိမ်မှာပဲ တည်းတယ်"

"ဒါနဲ့... မောင်ရင်နဲ့ မေရီက မိဘသဘောတူလို့ လက်ထပ်ခဲ့ကြတယ်ဆိုတော့ တစ်ယောက်ကို တစ်ယောက် မေတ္တာရော ရှိကြရဲ့လား၊ ဦး ဆိုလိုတာက မေရီ့မှာ မောင်ရင် မဟုတ်တဲ့ ချစ်သူတစ်ယောက်လောက် ရှိနေအောင်မျိုးလေ"

သူ အစာနင်သလို ခံစားရသည်။ မေတ္တာရော ရှိကြရဲ့လား ဆိုသောမေးခွန်းသည် သူ့ရဲ့စိတ်နှလုံးကို ထိခိုက်နာကျင်စေသည်။ သူ လက်ထပ်ခဲ့သောမိန်းမသည် သူ့ကို မနှစ်သက်ဘဲ သူစိမ်းတစ်ယောက်ကို ချစ်ခင် နှစ်သက်နေခဲ့လျှင် အဲဒီသူစိမ်းယောက်ျားဟာ မေရီ့ကို ဘယ်လို အပွေ့အပိုက် အယုအယတွေနဲ့ ဆွဲဆောင် သိမ်းသွင်းနိုင်ခဲ့ပါသလဲ။

မေရီကရော အဲဒီယောက်ျားရဲ့ ဘယ်အချက်တွေကို သဘောကျ နှစ်သက်ခဲ့ပါသလဲ။ သူ့ဇနီးရဲ့ ဖုံးကွယ်ထားသော





အတိတ်တချို့သည် သူ့ဇနီး သေဆုံးမှုနှင့် ဆက်သွယ်မနေနိုင်ဘူးလို့ ဘယ်သူပြောလဲ။

သူ့ခေါင်းတွေ ကျဉ်ခဲလာသည်။ နှလုံးခုန်နှုန်း တဒိတ်ဒိတ် မြန်လာသည်။

"ကျွန်တော် ဆေး သောက်ချင်တယ်"

"ဆေး... ဘာဆေးလဲ၊ ဘာဖြစ်လို့ သောက်ချင်တာလဲ"

"ကျွန်တော်သောက်နေကျ ဆေးပါ၊ မာမို့ကို ကျေးဇူးပြုပြီး ပြောပေးပါ၊ ဆေးလာပို့ပေးပါလို့"

"အချုပ်ခန်းထဲကို သက်ဆိုင်ရာမသိဘဲ ဘာမှသွင်းခွင့်မရှိဘူးဆိုတာ မောင်ရင် သိလား၊ မောင်ရင် အခု အချုပ်ခန်းထဲ ရောက်နေတယ်၊ မသင်္ကာမှုနဲ့ စွဲခံထားရတယ်၊ သက်ဆိုင်ရာ ဆရာဝန်ကြီး တစ်ဦးဦးရဲ့ ဆေးညွှန်းလက်မှတ် မပါဘဲနဲ့ မောင်ရင့်မှာ ဆေးသောက်ခွင့်မရှိဘူး၊ ဒါပေမယ့်... မောင်ရင့်ရှေ့နေ အနေနဲ့ ဦး မောင်ရင့်အမေကို ဖုန်းဆက်ပေးပါ့မယ်၊ ဒီနေ့တော့ ဒီလောက်ပဲ မောင်ရင်"



www.burmeseclassic.com

www.burmeseclassic.com



မေရီ… လက်ချောင်းကလေးများ သွယ်သွယ်လျလျ ကလေး။

လူတစ်ယောက်သည် မေရီ့နံဘေးမှာ ဆိုင်ကယ်လ်ကို တွန်း၍ အတူတူ ယှဉ်တွဲ လမ်းလျှောက်နေသည်။ လယ်ကွင်းများသည် စိမ်းမြ၍နေသည်။ လယ်ကွင်းကို ဖြတ်တိုက်လာသော လေသည် လူကို စိမ်းအေးကာ ကြာလျှင် ချမ်းလာတတ်သော သဘောရှိသည်။

မေရီသည် နံဘေးမှလူကို တစ်ချက် တစ်ချက် နိုးကြည့်သည်။ ဖြူသောမျက်သားမှာ နက်၍ တောက်နေသော မျက်ဆံကလေးသည် ထင်ထင်လင်းလင်းရှိသည်။ လှပသော နှုတ်ခမ်းကလေးသည် ချစ်ဖွယ်ကောင်းအောင် ပြုံးနေသည်။

"ဘာပြုံးတာလဲ"

"ဪ… မေရီတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားကြတာကိုလေ၊ မောင်ရော… မအံ့သြဘူးလား"





"မောင်လား… အံ့သြစရာဘာရှိလဲ ချစ်ရဲ့၊ ချစ်ကို တွေ့ကတည်းက တစ်နေ့ ဒီကောင်မလေး ငါ့ရည်းစားဖြစ်ရမယ်လို့ သန္နိဋ္ဌာန် ချထားတာ"

"အောင်မယ်… ပိုင်စိုးပိုင်နင်း သူနဲ့ ဘာမှမဆိုင်ဘဲနဲ့"

"အခု ဆိုင်နေပြီမို့လား"

တစ်နေရာတွင် ဆိုင်ကယ်လ်ကို ဒေါက်ထောက်ရင်း ရပ်လိုက်သည်။ ထိုနေရာတွင် ရေမြောင်းအသေးစားတစ်ခုရှိသည်။ရေမြောင်းပေါ်တွင် အုတ်ဘောင်တစ်ခုရှိပြီး အုတ်ဘောင်၏ နှစ်ဖက်မှာ အုတ်ခုံနှစ်ခုကို ပြုလုပ်ထားသည်။ သူတို့နှစ်ယောက်သည် အုတ်ခုံတစ်ဖက်စီတွင် ထိုင်လိုက်ကြသည်။

"ဒီဘက်လာထိုင်လေ မေရီ"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း… မထိုင်ချင်ဘူး"

"ဘာဖြစ်လို့ မထိုင်ချင်ရမလဲ၊ လာ… ထိုင်"

"မထိုင်ချင်ဘူးဆို"

"ဒါဆို မောင် အဲဒီဘက်လာခဲ့မယ်"

သူက မေရီ့နားကို တိုးကပ်ထိုင်တော့ မေရီသည် အနည်းငယ် ရှက်ဟန်ဖြင့် တစ်ဖက်သို့ရွှေ့သည်။ သူက ထပ်တိုးကပ်ရင်း မေရီ့ပခုံးကို သိုင်းဖက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မောင်နော်... မရှက်ဘူးလား"

"ဘယ်သူမှ မရှိဘဲ"

မေရီ့ပါးကို တစ်ချက်နမ်းတော့ ရယ်ပြန်သည်။

"ဒီကောင်မလေး ဘာလို့ရယ်တာလဲ"

"ယားလို့"

သူ အသည်းယားသွားသည်။

"ဒါနဲ့ လက်ဆောင်ပေးစရာရှိလို့ဆို... မောင်ပဲပြောပြီး တော့"

"ဩော်... ဟုတ်သားပဲ၊ မောင် မေ့နေတာ"

သူ့ရှပ်အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်သည်။ လက်ကို ထုတ်လိုက်စဉ် ပါလာသောအရာသည် ဆွဲသီးကလေးနှင့် ကြိုးကလေး။ ဆွဲသီးအဝိုင်းပြားအလယ်မှာ 'ဂျေ' ဟူသော အင်္ဂလိပ်စာလုံး။

"မေရီ့အတွက် လုပ်လာတာ၊ မောင့်နာမည် အတိုကောက်နဲ့လေ၊ အမြဲဆွဲထားရမယ်နော်... သိလား"

ဆွဲသီးပြားကလေးသည် မေရီ့လည်ပင်းတွင် အသက်ရှူတိုင်း မြင့်တုန်နိမ့်တုန်ဖြင့် နေလေသည်။ နားသယ်စပ်မှ ဆံပင်တို့သည် ကပိုကရိုဖြင့် မေရီ့ပါးပြင်ပေါ်ကတစ်ဆင့် လည်ပင်းပေါ်ကျနေသည်။ အသားဝင်းသူမို့ မေရီ့ကုတ်သား





လေးသည် နမ်းချင်စရာလေး။ သူ တစ်ရှိုက်မက်မက် နမ်းသောအခါ မေရီ့အသက်ရှူသံပြင်းပြင်းကို အနီးကပ် ကြားရသည်။ မေရီသည် တစ်ချက်ချက်မှာ ယား၍ ကိုယ်ကလေးကို ဆတ်ခနဲတွန့်သွားသည်။ တစ်ခါတစ်ခါလည်း ရယ်လေသည်။

"ကြောင်နဲ့တူတယ်"

"ဟင်... ဘာလို့လဲ"

"မောင်လေ... လိုက်ပြီး ပွတ်သီးပွတ်သပ်နဲ့ လုပ်တတ်တဲ့ ကြောင်လိုပဲ"

"ဒါဆို ကျားနဲ့ တူလိုက်ရမလား"

"အံမယ်"..."

"အေးလေ... ကျားနဲ့တူရင် ဘာဖြစ်မလဲ သိတယ်မို့လား"

ခပ်ဝေးဝေးကနေ ရယ်သံတချို့ ကြားရသည်။ ပြီးတော့ ပုလင်းသံတွေ ခွက်သံ ပန်းကန်သံတွေ ဖွန်းသံတွေ။

သူ့မျက်လုံးများ မဖွင့်ချင် ဖွင့်ချင်နဲ့ ဖွင့်လိုက်သောအခါ အလင်းရောင် မှိန်မှိန်ရှိနေသော အခန်းထဲ ပြန်ရောက်နေသည်။ သူ ဒီအခန်းထဲကို ဘယ်လိုလုပ် ရောက်နေသလဲ။ အပြင်ဘက်မှာ ထမင်းစားနေကြဟန် တူသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဗိုက်ဆာလာပြန်သည်။ ဗိုက်ထဲက တဂွီဂွီမြည်သံကြားရသည်။ ထိုအခိုက် တံခါးပွင့်လာပြီး သူ့အတွက် ထမင်းချိုင့်ကို လူတစ်ယောက် လာပေးသွားသည်။

ထမင်းချိုင့်က စတီးလ်ချိုင့် နှစ်ဆင့်ချိုင့်။ အပေါ်ဆင့်မှာ ထမင်းဖြူ၊ ဒုတိယဆင့်မှာ ကြက်သားကြော်နှင့် ဖွန်း။ ဖွန်းဖြင့် သူ ထမင်းနှင့် ကြက်သားကြော်ကို စားလိုက်ရာ ခဏချင်းမှာကုန်သွားသည်။ အခန်းထောင့်မှာ သောက်ရေအိုးရှိသဖြင့် ရေတစ်ခွက် အမြန်ထ,သောက်လိုက်သည်။ အစာဝင်သွားသဖြင့် လူက မှိန်းပြီး ငိုက်ချင်လာသည်။

ဒီအချိန်မှာ... သူ့ကိုယ်သူ ပြန်မေးမိသည်။

သူ... ဘယ်သူလဲ။ သူ့ကိုယ်သူ သိမနေသောအဖြစ်ကို သူ သိနေသည်။ သူနှင့် အိပ်မက်ထဲက မိန်းကလေးတို့ဟာ ဘာတော်ကြလဲ။ အဲဒီမိန်းကလေးကိုတော့ သူ ချစ်သည်။ စူးစူးနှင့်နှင့်ကို ချစ်တာ။





ရှေ့နေ ဦးခင်ဇော် အနေဖြင့် သူ့အမှုသည်အား လူသတ်မှုမှ အပြစ်မရှိကြောင်း သက်သေပြနိုင်စေရန် ပထမဆုံး အမှုသည်အကြောင်း သေချာသိထားဖို့ လိုသည်။

သူ့အနေဖြင့် ဒီလူသတ်မှုဟာ စင်းလုံးချော လူသတ်မှု၊ တစ်နည်းအားဖြင့် ထင်သာမြင်သာ လူသတ်မှုဟု အတွေ့အကြုံအရ သတ်မှတ်၍မရနိုင်ဘဲရှိသည်။ ဘာလို့ဆို လူသတ်တရားခံဟာ သူ့ကိုယ်သူ လူသတ်မိပါတယ်ဟု သတ်မှုကျူးလွန်ပြီးပြီးချင်း အချိန်အတောအတွင်းမှာ ဝန်ခံတာမျိုး မရှိသလောက် ရှားပါးသည်။

အနည်းဆုံးတော့ ပြစ်မှုမှ လွတ်ရာလွတ်ကြောင်းကို ရှာကြံရင်း ထွက်ပြေးဖို့ပဲ ကြိုးစားကြလိမ့်မည်။ ခုတော့ သူ့အမှုသည် သည် အိမ်မှာ အေးအေးဆေးဆေး အိပ်၍နေသည်။ တာဝန်ရှိသူများ လာရောက်ဖမ်းဆီးချိန်အထိ အမှန်တကယ်ပြစ်မှုကျူးလွန်သူသည် အိပ်၍စောင့်နေမည်လော။ စဉ်းစားစရာ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့အမူသည့်,သည် လက်ထပ်ထားသော မိန်းမအား အကြောင်းပြချက်မရှိဘဲ သတ်မယ့်လူမျိုး။ တစ်နည်းအားဖြင့် ဒေါသရှေ့ထား ဆင်ခြင်တုံတရား နည်းပါးစွာဖြင့် မိန်းမတစ်ယောက်ကို သတ်ဖြတ်လောက်သော ရုပ်လက္ခဏာမရှိ၊

ပထမဆုံး သူ စကားပြောသူမှာ နရီ၏မိခင် ဖြစ်သည်။

"သားက တစ်ဦးတည်းသောသားပေမယ့် အရာရာ သိနားလည်တတ်တယ်၊ ငယ်ငယ်ကတည်းက ‌လိမ္မာတယ်၊ စာလည်းတော်တယ်၊ မိဘကို ဆန့်ကျင်တာမျိုး တစ်ခါမှတောင် မလုပ်ခဲ့ဘူး၊ အိမ်ထောင်ပြုနိုင်းတော့လည်း ကျွန်မတို့ သဘောတူတဲ့ သူနဲ့ပဲ သူ့ခမျာ ပြုရရှာတယ်"

"သူ့မှာ တက္ကသိုလ်တက်တုန်းက လူငယ်ချင်း ရည်ငံတာမျိုး မရှိခဲ့ဘူးလား"

"ကျောင်းတက်တုန်းကတော့ မရှိဘူး၊ အလုပ်ခွင်မှာတော့ မိန်းကလေးဘက်က ကြိုက်တာမျိုးရှိတယ်၊ ဒါနဲ့ အဲဒီကိစ္စက သားအမှုနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

"ကျွန်တော်တို့ဘက်က နရီ့အနေနဲ့ သူ့ဇနီးသည်ကို လုံးဝမသတ်ပါဘူးလို့ သက်သေခိုင်ခိုင်မာမာ ရှိဖို့လိုတယ် အစ်မကြီး၊ ပြီးတော့ တစ်ဖက်က အစိုးရရှေ့နေ ဦးစိုးဝင်း ဆိုတာ ကျွန်တော်တို့ ရှေ့နေလောကမှာ အင်မတိအင်မတန်





လက်ပေါက်ကတ်ပြီး ဆီလိုရေလို အပေါက်ရှာ စိမ့်ထွက်တဲ့ လူစားမျိုး။ ဒီတော့ သူ့ဘက်ကလည်း နရီရဲ့ ဟာကွက်တွေ ရှာမှာပဲ၊ ကျွန်တော် ကြိုသိထားခြင်းအားဖြင့် အကျိုးမရှိသည့် တိုင်အောင် အကျိုးယုတ်မှု မရှိနိုင်ပါဘူး"

"အင်း... ကျွန်မအနေနဲ့ နားမလည်လို့ မေးမိတာ စိတ်မရှိပါနဲ့"

"ရပါတယ်ဗျာ"

"သား လုပ်ငန်းခွင်ထဲမှာတော့ မိန်းကလေးတစ်ယောက် သားကို လွန်လွန်ကဲကဲ ချဉ်းကပ်တာမျိုး ရှိဖူးတယ်၊ အဲဒီ မိန်းကလေးက အိမ်အထိလိုက်လာပြီး သူ့ကိုယ်သူ မိတ်ဆက်၊ လက်ဆောင်တွေ ယူလာ၊ အစကတော့ သားဘက်က ခပ်တန်းတန်းပဲ၊ နောက် အဲဒီမိန်းကလေးနဲ့ သားကို ပတ်ဝန်းကျင်ကပါ မေးလားမြန်းလား လုပ်လာကြတော့ ကျွန်မလည်း သားကို မေးရတယ်၊ လူငယ်ချင်း ကြိုက်လား ဘာလားပေါ့လေ၊ သားဘက်က ညီမလေးလိုပဲ၊ မိန်းကလေးကသာ တစ်ဖက်သတ်ဖြစ်နေတာ၊ အဲဒီမိန်းကလေးအကြောင်း စုံစမ်းလိုက်တော့လည်း ဘဏ်မှာမလုပ်ခင် ဟိုတယ်မှာလုပ်ဖူးတယ်၊ အဲဒါက အဓိကမကျဘူး၊ အဓိကကျတာက အဲဒီမိန်းကလေးဟာ ရာထူးရှိတဲ့လူ... ဆိုပါတော့ စစ်ဗိုလ်၊ ဆရာဝန်၊



www.burmeseclassic.com

www.burmeseclassic.com



အင်ဂျင်နီယာ... ဒီလိုမျိုးဆို ဘာပဲပေးရပေးရ ရရင်တော်ပြီ ဆိုတာမျိုး ဖြစ်နေတယ်၊ ကျွန်မတို့မှာက ငွေလည်းရှိတယ်၊ ပညာလည်း တတ်ကြတယ်၊ စာရိတ္တကိုတော့ တန်ဖိုးအထား ဆုံးပဲ၊ ဒီလို ရာထူးရှိရင်ပြီးရော ဆိုပြီး မိန်းကလေးသိက္ခာ ကျလည်း အရေးမကြီးဘူး ဆိုတဲ့ မိန်းကလေးမျိုးကို ဘွဲ့လေး ရရုံ ဘဏ်စာရေးလုပ်ရုံနဲ့ ဘယ်လိုမှ ချွေးမ မဖော်နိုင်ပါဘူး၊ ဒါကြောင့် သားကို ကျွန်မတို့ သဘောကျတဲ့ မေရီနဲ့ လက်ထပ်ပေးခဲ့ကြတာ"

"မိန်းကလေးဘက်ကရော လက်ထပ်ဖို့ကိစ္စကို လွယ်လင့်တကူ ခေါင်းညိတ်ခဲ့ကြလား"

"မေရီကလည်း သူ့မိတ်တွေစကားကို မပယ်ရှားခဲ့ပါဘူး"

"ဒါနဲ့ မေရီ့မှာရော ချစ်သူတွေ ဘာတွေ မရှိခဲ့ဘူးလား"

"အဲဒါတော့ ကျွန်မတို့မသိနိုင်ဘူး၊ ဒါပေမယ့် မေရီက အင်မတန် အရုပ်အကြောက်ကြီးတယ်၊ သားရဲ့ သည်းညည်းကိုလည်း ခံနိုင်တယ်၊ သား နေမကောင်းဖြစ်တုန်းကလည်း သူပဲ တောက်လျှောက် ကျွန်မတို့အိမ်မှာလာနေပြီး ပြုစုပေးခဲ့တာ"

"နရီက ဘယ်လို နေမကောင်းဖြစ်တာလဲ"

"ဘယ်လိုပြောရမလဲ... သားမှာ သား ဆယ်တန်းအောင်ပြီးတည်းက ရောဂါတစ်မျိုး ရလာတယ်၊ သူ နေမကောင်း





ဖြစ်ရင် စကားတွေ အကျယ်ကြီးပြောတယ်၊ အဝတ်အစား လှလှပပ ဝတ်တယ်၊ ရွှေတွေ ဝတ်တယ်၊ သူ့ကိုယ်သူ ဘုရင် လို့ ထင်လာတယ်၊ နေကောင်းသွားရင်တော့ သူ မဟုတ် သလိုဘဲ၊ အင်မတန်နူးညံ့ သိမ်မွေ့ပြီး အသံတောင်မထွက် တော့ဘူး၊ လိုတာလောက်ပဲ ပြောတယ်"

"ဘယ်လိုရောဂါမျိုးလို့ ဆရာဝန်က ပြောလဲ"

"ဘိုင်ပိုလာ... ဆိုလားပဲ"

ဦးခင်ဇော်မှာ လက်ဖျား ခြေဖျားတွေ ရုတ်တရက် အေးသွားသလို ခံစားရသည်။

"အခုချိန်ထိ သူ ဆေးသောက်နေရလား"

"ဟင့်အင်း... သူ ကောင်းသွားတာကြာပြီပဲ၊ ပြီးတော့ သူ့ကိုကုတဲ့ ဆရာဝန်ကြီးက နိုင်ငံခြားကို အပြီးထွက်သွား ပြီ၊ ကျွန်မတို့လည်း နောက်ထပ် ဆရာဝန်တစ်ယောက်နဲ့ ပြရင် သပွတ်အူလို ရှုပ်ထွေးတဲ့ ဒီရောဂါကို အစ,ကနေ ထပ်ရှင်းပြနေရမှာ စိုးတယ်၊ သားကလည်း ကောင်းနေပြီ ဆိုတော့ ထပ်မပြဖြစ်တော့ဘူး"

"ကျွန်တော် မနေ့ကသွားတွေ့တုန်းက သူ မှာလိုက် တာ တစ်ခုရှိတယ်၊ သူ ဆေးသောက်ချင်တယ်တဲ့၊ သောက် နေကျဆေးလို့ ပြောတယ်၊ မာမီ သိတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



နရီ၏မိခင်မျက်နှာမှာ ချက်ချင်းပဲ သွေးဆုတ်ဖြူလျော်သွားသဖြင့် နဂိုက အနည်းငယ်ပြူးသော မျက်လုံးသည် ပို၍ပြူးထွက်လာသယောင် ထင်ရသည်။

"ကျွန်တော့်ကို အမှန်တိုင်းပြောပါ အစ်မကြီး၊ နရီဟာ စိတ်ရောဂါသည် တစ်ယောက်လား၊ သူ့ရဲ့ ဆေးမှတ်တမ်းတွေ ရှိခဲ့ရင် ကျွန်တော့်ကိုပေးပါ၊ ကျွန်တော် သူ့အကြောင်းကို အမှန်အတိုင်း မသိရဘဲနဲ့ သူ့ဘက်က ရှေ့နေလိုက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ကျွန်တော့်ကို နရီနဲ့ပတ်သက်ပြီး ဘာမှ ကွယ်မထားပါနဲ့၊ ကျွန်တော့်အမှုသည်ဟာ ဒီအမှုကို တကယ် ကျူးလွန်ခဲ့ရင်တောင် ကြိုတင်ကြံစည်မှု မရှိပါဘူးဆိုတာ သက်သေပြနိုင်ရင် အပြစ်က လျော့မှာအမှန်ပဲ"

"အို... သားက အဲဒီလောက်ထိ ရက်စက်မှာမဟုတ်ပါဘူး"

"ရှေ့နေကြီးပြောတာ မှန်တယ် ကျင်စိန်"

အပေါ်ထပ်မှ ဆင်းလာသော နရီ၏ ဖခင်ဖြစ်သူထံမှ ဤစကားကိုကြားလိုက်ရချိန်တွင် မိမိရှေ့ရှိနရီ၏မိခင်မှာ ခေါင်းကိုအောက်သို့ငုံ့လျက် အနည်းငယ် တုန်ခါနေသောအသံဖြင့်...

"သားက မေရီကို ရက်ရက်စက်စက် သတ်မှာမဟုတ်ပါဘူးရှင်"





Split Disorder... လူတစ်ကိုယ် စိတ်နှစ်ခွ...။

ကြောက်စရာမရှိဟု ထင်ရသော်လည်း စိတ်တစ်ခုမှ တစ်ခုသို့ အပြောင်းအလဲဒဏ်ကို လူ... ဟူသော အင်မတန်နူးညံ့သည့် သတ္တဝါသည် ဘယ်လောက်အတိုင်းအတာအထိ ခံနိုင်မည်နည်း။

စိတ်တစ်ခုသည် ခဏအချိန်အတွင်းမှာပင် ပုံစံအမျိုးမျိုးသို့ ပြောင်းလဲနိုင်သော အင်အားသည် အေးချမ်းသော လူတစ်ယောက် လက်များကို သွေးဆူ၍ ကြမ်းကြုတ်သော လက်များအဖြစ်သို့ ပြောင်းလဲစေနိုင်သည်ကိုကား ငြင်းစရာမရှိ။

ဦးခင်ဇော် အနေဖြင့် သူ့ရှေ့ရှိ အသားအရေ ဝါဝင်း၍ မြင့်မားသော အရပ်အမောင်းရယ်၊ ချောမွေ့ ပြေပြစ်သော မျက်နှာပိုင်ရှင် နရီသည် စိတ်နှစ်ခွ ရောဂါသည်ဟု ယုံကြည်၍ မရသေးဘဲ ဖြစ်နေသည်။

"မောင်ရင်... ခေါင်းကိုက်သေးလား"



www.burmeseclassic.com

"မကိုက်တော့ဘူး… အခု နေရတာ တော်တော်လေး သက်သာလာတယ်၊ ဒါနဲ့… ကျွန်တော့်မိဘတွေနဲ့ သွားတွေ့ ဖြစ်သေးလား"

"မနေ့က ညနေမှာ သွားတွေ့တယ်၊ ထားပါလေ… အဲဒါက မောင်ရင့်ကို မေးချင်တာ၊ မောင်ရင့်ဇနီး သေသွားတဲ့ အတွက် ဘယ်လိုခံစားရလဲ"

"ဗျာ…"

"မောင်ရင်တို့ လက်ထပ်ထားတာ သိပ်မကြာသေးဘူး မို့လား၊ ရုတ်တရက်ကြီး မေရီ သေသွားတော့ ဝမ်းမနည်း ဘူးလား၊ ပြီးတော့… ရိုးရိုးသေတာမဟုတ်ဘူးလေ၊ အသတ် ခံရတာ၊ တရားခံအစစ် ဘယ်သူလဲလို့ တွေးမိဘူးလား"

သူ အဖြေပေးဖို့ ငိုင်တွေသွားသည်။ အတန်ကြာမှ အားတင်းထားရသောဟန်ဖြင့်…

"ကျွန်တော် ပြောပြရင် ဦး ယုံမှာလား"

ရှေ့နေက ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြသည်။

"ကျွန်တော် အိပ်မက်တွေ မက်နေတယ်၊ မက်တဲ့ အိပ်မက်တွေထဲမှာ မေရီနဲ့ လူတစ်ယောက်ကို ထပ်တလဲလဲ တွေ့ရတယ်၊ သူတို့ပြောတဲ့ စကားတွေ၊ သူတို့ အပြုအမူတွေ အသေးစိတ် ကျွန်တော် မြင်ရတယ်၊ ပြီးတော့ 'ဂျေ' စာလုံး ပါတဲ့ ဆွဲသီးတစ်ခု အဲဒါလည်းပါတယ်၊ နောက်ပြီး ကျွန်တော့်





ဘယ်ဘက် လက်သူကြွယ်မှာဝတ်ထားတဲ့ လက်ထပ်လက်စွပ် ပျောက်နေတယ်၊ အဲဒါ သိပ်ထူးဆန်းတယ်၊ လက်ထပ် လက်စွပ်ကို ကျွန်တော် လက်ထပ်ပြီးကတည်းက မချွတ်ခဲ့ဘူး"

"ရေချိုးလည်း ဝတ်တာမျိုးပဲလား"

"ဟုတ်ကဲ့… ဒါပေမယ့် အခု မေရီသေပြီး ကျွန်တော် အချုပ်ခန်းထဲ ရောက်လာတော့မှ လက်မှာ လက်စွပ်မရှိမှန်း သိရတယ်၊ အဲဒါက တစ်ခု၊ နောက်တစ်ခုက မေရီ မသေခင် ရက် ကျွန်တော့်ဆီ နေ့လယ် ထမင်းစားချိန်မှာ ဖုန်းလာတယ်"

"ဘယ်သူ့ဆီက ဖုန်းလဲ"

"ဝွန်နိုင် လို့ ပြောတယ်"

"အဲဒီလူနဲ့ စကားပြောဖြစ်လိုက်သေးလား"

"ဟင့်အင်း… ကျွန်တော် ဖုန်းကိုင်လိုက်တော့ ဘာမှ မကြားရတော့ဘူး၊ သေချာတာက ကျွန်တော့်အသိထဲမှာ ဝွန်နိုင် ဆိုတာ မရှိဘူး၊ ဒါပေမယ့် အချုပ်ထဲရောက်ပြီးမှ မက်တဲ့အိပ်မက်တွေအရ မေရီနဲ့ တွေ့တဲ့လူဟာ အဲဒီလူပဲ၊ ကျွန်တော် အဲဒါကို သေချာသိတယ်၊ မေရီက သူ့ကို 'မောင်' လို့ခေါ်တယ်၊ သူတို့ သမီးရည်းစားလို နေကြတယ်၊ ကျွန်တော် အဲဒါကိုလည်း မြင်ရတယ်၊ သူတို့နှစ်ယောက် အရမ်းချစ်ကြ တယ် ထင်တယ်"

"အဲဒီလူ မျက်နှာကိုရော မှတ်မိလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ… ဘယ်လိုပြောရမလဲ၊ ကျွန်တော် သူ့မျက်နှာကို မတွေ့ရဘူး၊ သူ ပြောနေဆိုနေ လုပ်ကိုင်နေတာ အကုန်သိတယ်၊ မေရီမှန်းလည်း သိတယ်၊ ဒါပေမယ့် အဲဒီလူမျက်နှာကို မမြင်ရဘူး"

"မေရီနဲ့ မောင်ရင် နေတဲ့အိမ်က ကိုယ်ပိုင်အိမ်နော်"

အိမ်… ဆိုသောအသံ ကြားမှ အိမ်ကိုပြန်ချင်စိတ်ပေါ်လာသည်။

သူတို့အိမ်လေးက အုတ်နှင့်သစ် ရောထားသော တစ်ထပ်အိမ်ကလေး။ အိမ်ရှေ့မှာ သစ်ခွပင်တွေ ရှိတယ်။ မေရီ စိုက်ထားသော သစ်ခွမျိုးတချို့ဆို ပွင့်နေပြီ။ အိမ်ထဲမှာ ကြိတ်သားဖြင့် ဖွဲ့ထားသော အခန်းပေါင်း ခုနစ်ခန်းရှိသည်။ အိပ်ခန်းက အကျယ်တစ်ခန်းနှင့် တစ်ယောက်အိပ်အခန်း။ အကျယ်အိပ်ခန်းမှာ အိမ်သာနှင့် ရေချိုးခန်းပါသည်။ ယေရှုပုံတော် ချိတ်ထားသော ဧည့်ခန်းနှင့် စာအုပ်တွေထည့်ထားသော အခန်း စာဖတ်ခန်း။ မီးဖိုချောင်နှင့် စတိုခန်းတစ်ခန်း။ နောက်တစ်ခန်းက ဧည့်သည်လာလျှင် ထားဖို့အခန်း။

သူတို့ လက်ထပ်ပြီးတော့ နှစ်ယောက်အတူ အိပ်သည်ကို အကျင့်မရသေး၍ မေရီသည် တစ်ယောက်အိပ်အခန်းတွင် မကြာခဏ သွားအိပ်တတ်သည်။





"အိမ်ကို သဘောကျရဲ့လား မေရီ"

မေရီသည် သနပ်ခါးလိမ်းနေရာမှ သူရှိရာ ခုတင်ဘက်သို့ လည်ပင်းလိမ်လျက် လှည့်ကြည့်ကာ…

"မဆိုးပါဘူး… ဒါပေမယ့် အိမ်က အပင်တွေလည်း မရှိဘူးနော်"

"အပင်က ကိုယ့်ဟာကိုယ် စိုက်ရမှာပေါ့၊ ဒီမှာက ရေခဲတဲ့အထိအေးတော့ တော်ရုံဆို အပင် သိပ်မပေါက်ဘူး"

"ကိုကို့အိမ်က နိုင်ငံခြား ရောက်နေသလိုပဲ"

"ဟုတ်လား"

"အင်း… သရဲကားတွေထဲကလိုပဲ၊ လူသူမရှိတဲ့ မြို့စွန်…"

"ကြောက်လို့လား မေရီက…"

"မေရီက တစ်နေကုန် ကျောင်းသွားရမှာလေ၊ ကိုကိုက ဘဏ်မှာ၊ မေရီ တစ်ယောက်တည်းဆို ဘယ်နေရဲမလဲ၊ ကိုကိုနဲ့ဆိုရင်တော့ နေရဲပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်မှာ ပါးကွက်ကို သွားပွတ်တံနှင့် တစ်ချက်နှစ်ချက် ခြစ်လိုက်ပြီးနောက် မေရီသည် သူ လှဲနေရာခုတင်တွင် တင်ပစောင်း လှဲ၍ဝင်ထိုင်သည်။

"ကိုကို မရှိရင် မနေရဲဘူးပေါ့"

"အင်း… တောထဲက ဘာကောင်များ ထွက်လာမလဲ ဆိုပြီး စိတ်ပူတာရယ်၊ ဘေးပတ်ဝန်းကျင် လူနည်းတာရယ်၊ မေရီတော့ ရူးမလားဘဲ၊ ကိုကို ဘာစိတ်ကူးနဲ့ ဒီအိမ်ကို ဝယ်တာလဲ"

"အဓိက,ကတော့ တိတ်တိတ်ဆိတ်ဆိတ် နေချင်လို့ပဲ၊ လူတွေကြားမှာနေရတာ စကားများတယ်၊ တခြားဟာတွေ ထက် စပ်စုတာကို မခံနိုင်ဆုံးဘဲ"

"ဘာကိုစပ်စုမှာလဲ ကိုကိုရဲ့"

"ဥပမာ… မေရီနဲ့ ကိုကို ဘယ်လိုညားလဲ၊ ဘာလဲပေါ့၊ ပြီးရင် ဟုတ်တာ မဟုတ်တာ အသာထား၊ သားပုပ်လေလွင့် ပြောချင်ပြောကြမယ်"

"သားပုပ်လေလွင့်ဆိုတာ ပြောစရာရှိမှ ပြောမှာပေါ့ ကိုကို၊ ကိုယ် မမှားရင် ပတ်ဝန်းကျင်ဆိုတာ ဘာပြောနိုင်မှာလဲ၊ ဒါနဲ့… ရတနာ အလုပ်ထွက်သွားပြီလား"

"ဘာလို့ မေးတာလဲ"





'လူမရှိတဲ့နေရာမှာ ကိုကို မေရီ့ကို ဘယ်လောက်ပဲ ထားထား မေရီက လူတောထဲမှာ အငှား လုပ်နေရတာလေ၊ ကျောင်းမှာ သူများတွေ ဘယ်လိုပြောလဲ သိလား"

"မသိချင်ဘူး"

မေရီသည် ထိုင်နေရာမှ ထ,သွားကာ ပြတင်းပေါက်နားတွင် ရပ်သည်။

"ရတနာ ဆိုတဲ့မိန်းမဟာ သိပ်လှသလား ကိုကို"

ဟု မေးသည်။ သူ ဖြေဖို့ ဝန်လေးလှသည်။ စိတ်လည်း ရှုပ်လာသည်။

"ဘာလို့မေးတာလဲ"

"သဝန်တိုလို့ မေးတာမဟုတ်ဘူး၊ ဒီတိုင်းပဲ သိချင်လို့ မေးတာ"

'မင်းကို ရတနာနဲ့ပတ်သက်ပြီး တစ်ခုခု ပြောထားတယ် ထင်တယ်၊ နယ်ဆိုတာက ရန်ကုန်နဲ့မတူဘူး မေရီ၊ တစ်ခုခု မဖြစ်ကြလည်း ထင်ကြေးနဲ့ လူတွေက ပြောတတ်ကြတယ်၊ လူနည်းတာလည်း ပါတယ်၊ မြို့ကျဉ်းတာလည်း ပါတယ်၊ အမြင်ကျဉ်းတာလည်း ပါတယ်"

"ကိုယ် အနေအထိုင် မတတ်လည်း ပြောနိုင်တာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ လှဲနေရာမှ ထ,ထိုင်လိုက်သည်။ မေရီကမူ ပြတင်းမှ အပြင်ကိုငေးကြည့်နေရာမှ သူ့ဘက်သို့ ဖျတ်ခနဲ လှည့်လာသည်။

"မေရီတို့ လက်ထပ်တဲ့သတင်းကို ဖတ်ပြီး သူ လုပ်ငန်းခွင်ထဲမှာ မူးလဲသွားတာရော၊ သူ့ကိုပွေ့ပြီး ဆေးရုံကို ကိုကိုကိုယ်တိုင် လိုက်ပို့တာရော အမှန်ပဲမဟုတ်လား ကိုကို... ဆေးရုံမှာ သူ သတိရပြီး ဘယ်သူ့ကို ဖက်ငိုခဲ့သလဲ"

"မင်း ဘာလို့ ဒါတွေပြောနေတာလဲ မေရီ၊ ဒါတွေ ဖြစ်ပြီးသွားပြီ၊ ပြီးတော့... ကိုယ်မှ မင်းအပေါ် သစ္စာမပျက်ဘဲ"

"ကိုကို့ကို စိတ်ဆိုးလို့ ပြောနေတာမဟုတ်ဘူး"

"ဒါဆို ဘာလို့ပြောလဲ"

"ဒီလောက် ကိုကို့ကို မရရင် အရူးအမူး ဖြစ်နေတဲ့ မိန်းမနဲ့ ကိုကို ခုချိန်ထိ အလုပ်လုပ်နေနိုင်တာ အံ့သြနေလို့ပါ၊ သူ ခုထိ ဘဏ်မှာလုပ်နေတုန်း မဟုတ်လား၊ အင်မတန်သက်သာတဲ့ နေရာမျိုးမှာ ဘဏ်ယူနီဖောင်းလေး ဝတ်ပြီး ကိုကို့ကို နှုတ်ပြောနေရင်းနဲ့လေ"

"သူ့ကို သက်ဆိုင်ရာက ခန့်ထားတာ၊ ကိုကို ခန့်ထားတာ မဟုတ်ဘူး"





"ဒါပေမယ့် ဘဏ်ထဲမှာ ဘယ်နေရာ အလုပ်သက်သာတယ်၊ အလုပ်များတယ် ဆိုတာ မန်နေဂျာ အသိဆုံးပဲ မဟုတ်လား"

မေရီ့မျက်နှာကို သူ အကဲခတ်ကြည့်ရသလောက်လည်း မိန်းမကို သဝန်တိုပုံ တိုနည်းအတိုင်း စူပုပ်မနေဘဲ ကြည်လင်ကာ အသံကလည်း အေးဆေးနေသည်။ မိတ်ဆွေအချင်းချင်း သာမန်စကားပြောနေသလိုပဲ။ အမှန်တော့ မေရီသည် လေသံအေးအေးဖြင့် သူ့ကို အပြစ်တင်နေခြင်းဖြစ်သည်။

သူ့ကို စိတ်စနိုးစနောင့်ဖြစ်အောင် လုပ်နေခြင်း ဖြစ်သည်။

"မင်း ဘာဖြစ်လို့ ရန်ရှာနေတာလဲ"

"ရန်ရှာတာမဟုတ်ပါဘူး ကိုကို၊ ဩော်... သူ့ခမျာ တစ်မြို့လုံးသိအောင် ကိုကို့ကို ကြိုက်ခဲ့ပြီးမှ ကိုကိုက တခြားမိန်းမကို ယူသွားတော့ တော်တော်စိတ်ဆင်းရဲမှာပဲ၊ ဒါပေမယ့် သူ အဲဒီဘဏ်မှာ အလုပ်လုပ်နေတုန်းပဲနော်၊ မေရီသာဆို နေ့တိုင်း စိတ်ဆင်းရဲမှာပဲ"

"ဒါဆို အခု မင်း စိတ်ဆင်းရဲနေရလို့လား"

မေရီသည် သွားမပေါ်အောင် တစ်ချက်ပြုံးလိုက်သည်။

"ကိုကိုက ဘယ်လိုထင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မေရီ့အား သူ ယောင်နနဖြင့် ကြည့်မိသည်။ ဘယ်လိုမှ ဝေခွဲ၍မရ။

မေရီသည် သူနှင့်သိပ်မကွာသော နေရာတွင်ရှိနေသည်။ သို့ရာတွင် သူ့အတွက် မေရီနဲ့ သူသည် အလွန်ကွာဝေးနေသလို ခံစားရသည်။

"ချစ်ခြင်းမေတ္တာ ဆိုတာ ဘယ်လောက်ဆန်းကြယ်လဲ ကိုကို၊ မိန်းမတွေအဖို့တော့ တစ်ယောက်ဆို တစ်ယောက်၊ ဘယ်လောက်ဆိုးဆိုး မပစ်ခွာနိုင်ကြဘူး၊ မေရီက ရတနာ့ကို ကိုယ်ချင်းစာနေတာပါ၊ ဒီမိန်းမ ငါ့ယောက်ျားကို ကြိုက်နေတုန်းပဲလို့ ကြုံးဝါးနေတာ မဟုတ်ပါဘူး"





ရွှေနေ ဦးခင်ဇော်သည် ရတနာကို သွားမတွေ့ခင်မှာ အရင်ဆုံး သူ့အမှုသည်ထံမှတစ်ဆင့် ရတနာနှင့် ပတ်သက်တာကို စုံစမ်းရသည်။

နရီ ပြောပုံအရဆိုလျှင် နရီတို့ အိမ်ထောင်ရေးမှာ ရတနာ့ကြောင့် စင်းလုံးချောဟု မပြောနိုင်။ သို့သော် ဤလောက၌ ဘယ်အိမ်ထောင်ရေးကများ စင်းလုံးချောရှိလို့လဲ။ အနည်းနဲ့အများ အဖုအထစ်တော့ ရှိတာပဲ။ ရတနာ့အပေါ် နရီ ဘယ်လိုပဲ သဘောထားခဲ့ပါစေ ရတနာကြောင့်တော့ သူ့မိန်းမကို သတ်မယ်လူတော့ မဟုတ်။

ဘဏ်ကိုသွား၍ ရတနာကို တစေ့တစောင်း အကဲခတ်ကြည့်သလောက် အလုပ်မှာ သွက်သွက်လက်လက်ရှိသည်။ အိမ်ကိုသွား၍ မိမိကိုယ်ကို မိတ်ဆက်ရသေးသည်။

"ဦးက နရီ့ရှေ့နေပါ၊ ဦးနာမည် ခင်ဇော်ပါ သမီး၊ နရီအမှုကို သမီးလည်း သိလောက်ပြီထင်ပါတယ်၊ ဦးအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကတော့ နရီဟာ မိန်းမတစ်ယောက်ကို သတ်ရလောက်အောင် စိတ်နှလုံး ကြမ်းတမ်းတဲ့သူ မဟုတ်ကြောင်း ရုံးတော်မှာ သက်သေတင်ရမှာပါ”

“ကျွန်မက သက်သေလုပ်ရမှာပေါ့”

“ဟုတ်ပါတယ်”

ရတနာသည် မိန်းမလှစာရင်းဝင်တော့ မဟုတ်။ ဆံပင်က တံခါက်ခွက်ထိ ရှည်သည်။ အသားက ခပ်လတ်လတ်ဖြူသည်။ မျက်နှာမှာ သနပ်ခါး ပါးကွက်ကျားနှင့်။ သေဆုံးသူ မေရီနှင့်စာလျှင် မေရီကမှ လှသေးသည်ဟု ဆိုရမည်။ သို့သော် မေရီသည် သေသွားခဲ့ပြီ။

“ဟုတ်ကဲ့… ဦး မေးချင်တာမေးပါ။ ကျွန်မ သိသလောက် ဖြေပါ့မယ်”

“နရီနဲ့သိတာ ကြာပြီလား”

“ဘဏ်မှာ စလုပ်ကတည်းက သိတာပါ”

“ဘယ်လောက်ကြာပြီလဲ”

“သုံးနှစ်ခွဲကျော်ပြီ”

“ဩော်… လုပ်ဖော်ကိုင်ဖက် သံယောဇဉ်တော့ ရှိခဲ့မှာပေါ့”





“ဒီနေ့ အဲဒီမေးခွန်းကို ဖြေရရင် နှစ်ကြိမ်မြောက်ပြီ၊ မနက်က အစိုးရရှေ့နေ ဦးစိုးဝင်းလည်း လာမေးသွားတယ်၊ ကျွန်မနဲ့ ဆရာ ကြားမှာ သံယောဇဉ် ဘယ်လောက်ရှိတယ် ဆိုတာထက် ကျွန်မကို အကြောင်းပြုပြီး ဆရာက လူသတ်လောက်အောင် မိုက်မဲတဲ့သူ မဟုတ်ပါဘူးရှင်”

မိန်းကလေးသည် သူမကို ပြန်လှန်မေးခွန်းများဖြင့် ချောင်ပိတ်ဖမ်းမည့် ဦးစိုးဝင်းအား တွေ့ဆုံခဲ့ပြီးပြီမို့ နရီနှင့် ပတ်သက်ခဲ့မှုမှာ ရှက်လည်း ရှက်လိမ့်မည်။ လူကိုလည်း မရဲ့။ ထို့အပြင် ရုံးမှာပါ သက်သေလိုက်ရဦးမည်။

“ဦးလည်း အားနာပေမယ့် ရုံးတော်မှာ ထင်မြင်ချက်တွေကို လက်မခံတတ်ဘူးကွယ့်၊ ဒါကြောင့် သမီးအနေနဲ့ နရီ့မိတ်ဆွေကောင်းလို ကိုယ့်ကိုယ်ကိုယူဆရင် မေရီ အသတ်ခံရတဲ့နေ့ကို တတ်နိုင်သလောက် ပြန်စဉ်းစားပေးပါလား”

“ကျွန်မက သူ့ရဲ့မိတ်ဆွေကောင်း မဟုတ်ပါဘူး၊ ကျွန်မက သူ့ရဲ့ချစ်သူ… ကျွန်မတို့ချင်း ချစ်သူတွေဖြစ်ခဲ့ကြတယ်၊ ဒါပေမယ့် ကျွန်မ နားမလည်ခဲ့တာ သူ ကျွန်မကို ထားရက်ခဲ့တယ်၊ သူ လုံးဝမနှစ်သက်တဲ့ မိန်းမကို သူ လက်ထပ်ယူခဲ့တယ်၊ ပြီးတော့… ကျွန်မကို သူ မတောင်းပန်ခဲ့ဘူး၊ ဒါနဲ့တောင် သူ့အတွက် ကျွန်မမှာ အရှက်တကွဲ အကျိုးနည်း အဖြစ်ခံပြီး တရားရုံး တက်ရဦးမယ်ဆိုတော့…”



www.burmeseclassic.com

www.burmeseclassic.com



မိန်းဂ.လေးသည် စကားကို ရပ်ပစ်လိုက်သည်။

ရှေ့နေကြီးမှာ မထင်မှတ်သောစကားကို ကြားလိုက်ရသည့်အတွက် အံ့သြခြင်းနှင့်အတူ ဒီမိန်းကလေးကို ညာ့ပြောနေလားပင် သေချာ အကဲခတ်လိုက်သေးသည်။

"ကျွန်မတို့နှစ်ယောက် တကယ်ပဲ ချစ်သူတွေဖြစ်ခဲ့ကြတယ် ဦးရဲ့၊ ကျွန်မမှာ သူပေးထားတဲ့ ဓာတ်ပုံတွေ၊ စာတွေ၊ အကျီတွေ ရှိတယ်၊ ခုချိန်ထိ ဘာလို့သိမ်းထားသေးလဲလို့ မေးရင် ဖြေနိုင်ပါတယ်၊ ကျွန်မ သူ့ကို မေ့လို့မရသေးဘူး၊ သူ လက်ထပ်သွားတာလည်း သိပါတယ်၊ သူ့မိန်းမကို ပစ်ပယ်ပြီး ကျွန်မဆီ သူ ပြန်လာမှာပါလို့ ကျွန်မ မမျှော်လင့်ခဲ့ပါဘူး၊ သူတစ်ပါးရဲ့ အငယ်အနှောင်းဘဝလည်း ကျွန်မ မလိုချင်ပါဘူး၊ ကျွန်မအနေနဲ့ ချစ်သူရဲ့ အမှတ်တရတွေ သိမ်းထားတဲ့ သဘောသက်သက်ပါပဲ"

ကန့်လန့်ကာများဘက်က ကြည့်လျှင်တော့ ရှေ့နေအနေဖြင့် ကြုံရသောဓာတ်လမ်းသည် သာမန်လူသတ်မှုတစ်ခုဖြစ်သည်။

သူ့အမှုသည်,သည် လူသတ်ချင်လည်း သတ်မည်။ မသတ်ချင်လည်း မသတ်။ ခုတော့ သူသည် ဒီအမှုမှာ ရှေ့သို့ နည်းနည်းတိုးလျှင် နွံထဲနည်းနည်းပိုနစ်သလို ခံစားလာရသည်။





အမှုတစ်ခုမှာ သိပ်ရှင်းလင်းနေလျှင် ရှေ့နေအနေဖြင့် ဒုက္ခပိုကြီးသည်။ အခုလည်း မယားကို လင်သတ်မှု။ သတ်သည်ဟု အစွဲခံထားရသောလင်က သူ မသတ်ပါဟု ငြင်းဆိုနေသည်။ ထိုသူသည် စိတ်ပိုင်းဆိုင်ရာ ဆေးကုသမှု ခံယူဖူးသူ။ ပြီးတော့ သစ်စိမ်းချိုး ချိုး၍ ပစ်ထားခဲ့သော ချစ်သူလည်း ပေါ်လာခဲ့ပြီ။

"ကလေးမ... ဒီကိစ္စကို ဦးစိုးဝင်းဆီ ပြောပြသေးလား"

တရားခံရှေ့နေ ဆိုသည်မှာ ကြီးသောအမှု ငယ်အောင်၊ ငယ်သောအမှု ပပျောက်အောင် လိုက်လေ့ရှိပြီး တရားလိုရှေ့နေမှာကား ပြောင်းပြန်သဘော ရှိလေသည်။ ဒါက လုပ်ငန်းခွင် သဘောတရား။ လုပ်ငန်းခွင် ပြင်ပမှာတော့ သူနဲ့ ဦးစိုးဝင်းသည် ပညာဖလှယ်ရာ လက်ဖက်ရည်သောက်ဖော် သောက်ဖက်။

"အဲဒီရှေ့နေကြီးက ကျွန်မနဲ့ ဆရာ ချစ်သူတွေဆိုတာ သိထားပြီးပြီ ဦးရဲ့"

သွားပြီ... သူ တစ်ကွက် ခံလိုက်ရပြီ။

"သူ ဘာတွေ မေးသွားသေးလဲ"

"ဦးလိုပဲ အခင်းဖြစ်တဲ့နေ့က ကျွန်မ ဘယ်မှာရှိခဲ့တယ်ဆိုတာ အလီဘိုင် ပြနိုင်းတယ်၊ ကျွန်မ အဲဒီနေ့က ဘယ်မှ



www.burmeseclassic.com

www.burmeseclassic.com



ညနေ ငါးနာရီထိုးတဲ့အထိ ရှိခဲ့တာကို သက်သေပြနိုင်တဲ့လူ အနည်းဆုံး ငါးယောက်ရှိတယ်၊ ဘဏ်ကနေ ကျွန်မအဆောင်ကို သူငယ်ချင်းတစ်ယောက်နဲ့အတူ ဆိုင်ကယ်လ်နဲ့ ပြန်လာပြီး အဆောင်မှာပဲ ခါတိုင်းလိုနေတယ်၊ အဲဒါ တစ်ဆောင်လုံး အလီဘိုင်ပြနိုင်တယ်၊ နောက်တစ်နေ့ နံနက် ရှစ်နာရီလောက်ကျမှ ဆရာ့ကို လူသတ်မှုနဲ့ ရဲက အချုပ်ထဲ ထည့်ထားလိုက်ပြီဆိုတာ သူများတွေပြောလို့ သိရတယ်၊ တစ်မြို့လုံးမှာ ကျွန်မကို အာရုံစူးစိုက်နေကြတာ ကျွန်မ သိပါတယ်၊ သူတို့ အိမ်ထောင်ရေးမှာ ကျွန်မကြောင့် ဒီလို ဆိုးဆိုးဝါးဝါးဖြစ်မယ်လို့ ကျွန်မ မထင်ဘူး"

"ဘာလို့လဲ"

"ဆရာက ကျွန်မကို အဲဒီလောက်မှ မချစ်ဘဲ"

မိန်းကလေးသည် ကလေးဆန်လှစွာပဲ ငိုလေသည်။

ခက်ပြီ... မငြိမ်းသောမီးကိုမှ မွှေးမိပြီ။ သို့သော် ဒီမိန်းကလေးနှင့် နရီ ချစ်သူတွေတဲ့...။ တစ်ဖက်ရှေ့နေက သိသွားခြင်းသည် သူ့အမှုသည်အတွက် မကောင်း။

ဒီမိန်းကလေးကို အကြောင်းပြု၍ နရီသည် ဒုက္ခကောင်းကောင်းရောက်သွားနိုင်သည်။

"ဦး သိလား... အပြည့်ခံ...ဆိုတဲ့ စကားကိုလေ"





သူမက ဓာတ်ပုံတွေ ထုတ်ပြသည်။ အားလုံး ပုံနှစ်ဆယ်။ တချို့ပုံတွေက ပခုံးဖက်၍၊ တချို့က ဘေးချင်းယှဉ်ရပ်၍၊ တချို့က အုပ်စုလိုက်ထဲမှာ နှစ်ယောက်တည်း တစ်နေရာဖြစ်နေတာမျိုး။

"ဒီပုံတွေက သမီးရည်းစားနဲ့ သိပ်မတူသလိုဘဲ၊ ဒီပုံမျိုး တခြားသူတွေဆီမှာ ရှိလား"

"ရှိမယ်ထင်တယ်... ဒါတွေက ပြန်ကူးထားတာတွေ၊ ဆရာ့ဆီမှာလည်းရှိတယ်၊ ပြီးတော့ ဒီလိုဓာတ်ပုံတွေကို မနက်က လာသွားတဲ့ ရှေ့နေဆီမှာတောင် တွေ့လိုက်သေးတယ်"

နရီရေ... မင်းကို သေတွင်းထဲ ဆွဲခေါ်သွားနိုင်တဲ့ အထောက်အထားတွေ တဖြည်းဖြည်း များလာပါလား။

သူ့စိတ်ထဲမှ ညည်းလိုက်သည်။

"ရတ်တရက်ကြီး သူ လက်ထပ်သွားတာပေါ့"

"ဟုတ်တယ်... သူတို့ ဘုရားရှိခိုးကျောင်းမှာ အကျဉ်းချုပ် လက်ထပ်ကြတာ၊ ပြီးတော့ သတင်းစာထဲ ထည့်တယ်၊ ကျွန်မက သတင်းစာထဲထည့်မှ သိတာ"

"သူက လုံးဝကြိုမပြောဘူးပေါ့"

"ဟင့်အင်း...ရုံးက ခွင့်ဆယ်ရက်ယူသွားတယ်၊ ဘာမှကို မပြောသွားတာ၊ ကျွန်မက သူ ကိစ္စရှိလို့ ရန်ကုန်ပြန်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်ပဲ ထင်တာ၊ ဘဏ်တစ်ခုလုံးလည်း သတင်းစာထဲမှာ ပါလာမှ တအံ့တသြနဲ့ သိကုန်ကြတာ၊ အဲဒီရက်တွေက ငရဲခန်းလိုပါပဲရှင်...၊ နေ့တိုင်း သူ့မျက်နှာကို မြင်ရတယ်၊ အလုပ်ကလည်း မသွားလို့မရ၊ သူနဲ့က စကားမပြောလို့မဖြစ်၊ ပြောပြန်ရင်လည်း ငိုချင်လာတယ်"

"ကလေးမ သူ့ကို မမုန်းဘူးလား"

"ကျွန်မ... မုန်းတာပေါ့ ဦးရယ်၊ သူ့ကို သတ်ပစ်ချင်လောက်အောင် မုန်းတယ်၊ ဒါပေမယ့် မေ့လို့မရဘူး၊ အလုပ်က ထွက်ပစ်ချင်စိတ်လည်း ပေါက်တယ်၊ ထွက်ဖို့ကျတော့ နှမြောတယ်၊ ပြီးတော့... ဒီမိန်းမ ရှုံးပြီး ပြေးပြီလို့ အပြောလည်း မခံနိုင်ဘူး၊ လူတွေ ကျွန်မကို လှောင်နေ ပြောင်နေတဲ့ အကြည့်နဲ့ ကြည့်ခံရမှာ ကျွန်မ ရှက်လို့ တင်းခံနေခဲ့တာ"

"အခု သူ လူသတ်မှုဖြစ်တယ် ကြားတော့ရော ဘယ်လို ခံစားရလဲ"

"အံ့သြတယ်... ကြားကြားချင်း အရမ်းအံ့သြတယ်၊ သူ ဘယ်လိုလုပ် လူသတ်နိုင်မှာလဲ၊ သူ့လောက် နူးညံ့တာ သူပဲရှိတယ်"

"ဟုတ်လား... ပြောပါဦး"





**မိန်းကလေးသည်** အချစ်မပြယ်သေးသော စိတ်နှလုံးဖြင့် ကြေကွဲလျက်ကနေ ပြုံးပြန်သည်။ သြော်... လူငယ်တွေပဲ... အရာရာကို စွဲလမ်းတတ်တဲ့ အရွယ်တွေပဲဟု သူ တွေးသည်။

"သူ ဘဏ်ကဝန်ထမ်းတွေကို တစ်ခါမှ ကျယ်ကျယ် မငေါက်ဖူးဘူး၊ အမြဲတမ်း အေးအေးဆေးဆေး စကားပြောတတ်တယ်"

"သူ နေမကောင်းဖြစ်တာမျိုး ကြားဖူးလား"

"ဟင့်အင်း... သူ့မှာ ဘာရောဂါမှ မရှိဘူး၊ အဲ... ဒါပေမယ့် သူ ဆေးတစ်မျိုး အမြဲသောက်တယ်"

"ဘာဆေးလဲ... သိလား"

"အားဆေးလို့ ပြောတာပဲ၊ အဲဒီဆေးသောက်မှ သူ နေလို့ရတယ်တဲ့"

"အဲဒီဆေးက ဘာဆေးမို့လို့လဲ"

"မသိဘူး ဦးရဲ့... သူ အမြဲသောက်တယ်၊ နေ့လယ်ဘက်မှာ သောက်တတ်တယ်၊ ပြီးတော့ သူနဲ့ အရက် မတည့်ဘူး၊ အရက်ကို သူ နှစ်ခါပဲသောက်ဖူးတယ်၊ သောက်ပြီးတာနဲ့ ယားဖိုတွေထ,ပြီး လူမြင်မကောင်း ဖြစ်လွန်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"သမီးနဲ့ သူ ချစ်သူတွေဖြစ်တာ ဘယ်လောက်ကြာခဲ့လဲ"

"နှစ်လ… သူ ကျွန်မကို နှစ်လပဲ တွဲခဲ့တယ် ဆိုပါတော့၊ လူတွေက အဲဒီနှစ်လကို မသိဘူး ဦးရဲ့"

သူ ရတနာ့အိမ်က ပြန်လာတော့ ညနေ (၆)နာရီ ကျော်ပြီး အိမ်ရောက်တော့ ဖနီးသည် ပြင်ဆင်ပေးသော ထမင်းစားပြီး သူ စာကြည့်ခန်းထဲ ဝင်ခဲ့သည်။

စားပွဲပေါ်မှာ ဓာတ်ပုံတစ်ချို့…။

သူ နရီမိခင်ထံမှ ရခဲ့သောပုံများ ဖြစ်သည်။

ဓာတ်ပုံထဲမှာ မေရီသည် ပခုံးအုပ်ရုံ ဂါဝန်အရှည်ဖြင့် လက်ထဲမှာ ကက်တလီယာ အဖြူရောင်ပန်းစည်းကို ကိုင်ထားကာ ပြုံးရယ်နေသည်။





သူ့ဇက်ကို ကိုင်ထားသော **မေရီ့လက်တွေက** အေးစက်နေသည်။

"မေရီ… လက်ထပ်ရတော့မယ်"

"တကယ်ပြောနေတာလား"

"မေရီ နောက်ပြောပါ့မလား မောင်ရယ်၊ မေရီ့မိဘတွေကို ညှာရမယ်၊ အငယ်တွေကို ညှာရမယ်"

သူ့ကိုတော့ ငဲ့ညှာခြင်း မရှိပါလား။

"မင်း အဲဒီလူကို ဘာဖြစ်လို့ လက်ထပ်ရမှာလဲ"

"ချမ်းသာလို့… ကိုကိုတို့က ချမ်းသာတယ်၊ ကိုကိုနဲ့ယူရင် အိမ်ကိုလည်း စိတ်ပူစရာ မလိုတော့ဘူး"

"မင်းက လူလား… နွားလား"

"မောင် ဘယ်လို ပြောလိုက်တာလဲ"

"အေးလေ… မင်းအသား မင်းလှီးပြီး ကျွေးဖူးဆပ်ရအောင် မင်းက တိရစ္ဆာန်လား၊ ပြီးတော့ ငါက ဘာလဲ…



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ငါက ဘာတွေလဲ၊ ဘယ်အတိုင်းအတာထိ ခရီးရောက်ခဲ့ပြီးပြီလဲ"

မေရီ့မျက်နှာ ရဲသွားသည်။

"မောင် ဘာလို့ အဲသလိုပြောတာလဲ"

"မင်း တခြားယောက်ျား တစ်ယောက်ကိုယူဖို့ လိပ်ပြာသန့်သေးတယ် ဆိုရင်တော့ သဘောပဲ"

မေရီ့မျက်နှာသည် ရဲနေရာမှ မှောင်သွားသည်။

"နင့်လို ဆေးသမားထက်စာရင်တော့ ဘယ်ယောက်ျားပဲဖြစ်ဖြစ် တန်ဖိုးရှိတာပဲ"

"ဘာ... မင်း ဘာပြောတယ်"

သူ မေရီ့လည်ပင်းကို လက်နှစ်ဖက်ဖြင့် စုံညှစ်ပစ်လိုက်သည်။

မေရီ့လည်ပင်းမှ ပဝါတစ်စသည် လည်ပင်းအသားတွင် နစ်သထက် နစ်ဝင်သွားကာ ဖြူဖွေးဝင်းပသော မေရီ့မျက်နှာအသားသည် နီရဲရာမှ ပြာတက်လာသည်။

မေရီ အသက်ရှူကျပ်နေပြီ၊ မျက်လုံးများကမူ ပြူးကျယ်ဝိုင်းစက်လျက် ကြောက်လန့်သော အရိပ်အယောင်များဖြင့် ပြည့်နှက်လျက် ရှိသည်။





သူ့မျက်လုံး ဖျတ်ခနဲ ဖွင့်လိုက်သည်။ ချွေးစေးများဖြင့် ပြည့်နှက်နေသော သူ့လက်ဝါးနှစ်ဖက်သည် သူ့ရင်ဘတ်ပေါ်တွင် ကန့်လန့်ဖြတ် တင်လျက်သား။

သူ... ပက်လက်ကြီး အိပ်ပျော်သွားပုံရသည်။ ယေစဉ်က သိထားခဲ့ပုံရသော အရိပ်စီးသလိုမျိုး သဘောလားဟု စောစောက အဖြစ်အပျက်ကို တွေးမိသေးသည်။

မဟုတ်ဘူး...။

သူဟာ လွန်ခဲ့ပြီးသော အချိန်တစ်ခုက အဖြစ်အပျက်၊ တကယ်လည်း ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို မြင်မက်နေခြင်းဟု ခဏချင်း နားလည်လိုက်သည်။

ဒီကိစ္စကို အခုနေ တစ်ယောက်ယောက်ကို ပြောပြရင် သိကောင်းမှာပဲ။ သူ့မျက်လုံးထောင့်စွန်းမှ အဖြူရောင် အရိပ်တစ်ခု ရွေ့လျားသွားသည်ကို မြင်ရ၍ သေချာလိုက်ကြည့်သော်လည်း ဘာမှမတွေ့။ ကြက်သီး ဖြန်းခနဲထသွားပြန်သည်။

မေရီ့မှာ သူ မသိသောအတိတ်တွေ...။

"ကျွန်တော့်ကို ကျွန်တော့်ရှေ့နေနဲ့ တွေ့ခွင့်ပေးပါ"

....................

"ကျွန်တော့်ရှေ့နေနဲ့ တွေ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းတံခါး သံတိုင်များကို ကိုင်၍ အော်သည်။

"ဟော့လူ... ခင်ဗျား ရူးနေလား၊ အခုမှ ည တစ်နာရီ ရှိသေးတယ်"

သူ့ကို အစောင့်တစ်ယောက် လှမ်းအော်လိုက်မှ သူ အခြေအနေကို သုံးသပ်မိသွားသည်။ အခန်းကြမ်းပြင်မှာ အားလျော့စွာ မှီထိုင်ချလိုက်ပြီး သူ့မျက်နှာကို သူ့လက်များဖြင့် အုပ်ပြီး သူ ကလေးတစ်ယောက်လို ငိုကြွေးမိတော့သည်။

တစ်ယောက်တည်း အထီးကျန်မှုက ဆိုးဝါးလှသည့် အထဲ အအေးဒဏ်က နှိပ်စက်သေးသည်။

မေရီ... ကိုကို မှားပြီ။ ကိုကို မေရီ့ကို လိမ်ခဲ့မိတာ တောင်းပန်ပါတယ်။ ကိုကို့မှာ ရတနာကို ချစ်သူလို ဆက်ဆံခဲ့မိတာတောင် မင်းရှေ့မှာ လိပ်ပြာသန့်သန့်နဲ့ ဝန်မခံရဲခဲ့ဘူး။ လိမ်ညာ ဖုံးကွယ်ခဲ့မိတယ်။ အဲဒီဒဏ်တွေ ကိုကို ခံနေရပြီ။

ရတနာ... ဆရာ မင်းကို တောင်းပန်ပါတယ် ကလေးရယ်။ သစ်စိမ်းချိုး ချိုးသလို သူ ချိုးခဲ့သော ပန်းကလေး။





ဆရာ... ဆိုတာကို နားထောင်ကောင်းအောင် ခေါ်တတ်သော ရတနာသည် သူ့သူငယ်ချင်း၏ ညီမဖြစ်သည်။ လုပ်ငန်းခွင်တွင် ကြည့်ရှုစောင့်ရှောက်ရန် သူ့ကို သူငယ်ချင်းက အပ်သဖြင့် ရတနာအား အလုပ်နည်းပါးသော ငွေစုစာအုပ်လုပ်သည့်နေရာတွင် သူ နေရာချထားပေးခဲ့သည်။

ဘဏ်မှ လူအများစုသည် မိန်းကလေးများဖြစ်ရာ ရတနာကို အနည်းနှင့်အများဆိုသလို ထိုကိစ္စအတွက် သိပ်ကြည့်မရကြတော့။ ဒါကို သူ သိပေမယ့် သူ့ကို တယုတယ ကော်ဖီဖျော်တိုက်တတ်သော မိန်းကလေး၏ ရေလာမြောင်းပေးမှုကို မလွန်ဆန်နိုင်ခဲ့။

ဘဏ်ဝတ်စုံကို တခြားမိန်းကလေးများထက် ရတနာ့ကိုယ်ခန္ဓာမှာ မြင်ရတာ ချပ်ချပ်ရပ်ရပ်နှင့်မို့ လှသယောင် သူ ခံစားရသည်။

"ကျွန်မနဲ့ ဆရာ အရပ် တော်တော်ကွာတာပဲနော်"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မော့ကြည့်ရတာ ညောင်းလို့"

ရတနာပါးပြင်မှာ သနပ်ခါးကို အမြဲလိုလိုတွေ့ရသည်။ သနပ်ခါးမှုန်လေးများ ကပ်ငြိနေသည့် ပါးပြင်တွင် အကြော စိမ်းများ ထင်၍နေပေမယ့် အသားက အဲဒီလောက်ဖြူလှ သည်မဟုတ်။

ဆံပင်ရှည်တာကိုတော့ သူ အတော်သဘောကျသည်။ အခုအချိန်ကာလမျိုးမှာ ဆံပင်ရှည်ရှည်နှင့် မိန်းကလေးမျိုး ဆိုတာ တော်တော်ရှားနေပြီ။ ဘယ်မိန်းကလေး ကြည့်လိုက် ကြည့်လိုက် ဆံပင်အားလုံး သရီးစတက် တူးစတက်... ပြီးတော့ ဖြောင့်ထားကြသည်က များသည်။ မဖြောင့်တဲ့လူ ကျဂတော့ ကောက်ကွေးလို့။

ဆံပင် အားလုံးနီးပါးသည် အနက်ရောင်ပျောက်လျက် ရောင်စုံ နီ,ဝါ,ခရမ်း စုံနေပြီ။ ခဏာပဲလှသည့် အလှများကို သူ မနှစ်မြို့နိုင်။ အဲဒီ ပြင်ဆင်ထားတဲ့ အလှတွေဆီမှာ အေးချမ်းမှုမရှိ။ ရတနာ့ဆီမှာ အေးချမ်းမှုနှင့် သွက်လက်မှုက မျှတနေသည်။ ရိုးယဉ်သော အလှဆီမှာ ထက်မြက်သော မူဟန်က ပေါင်းစပ်ထားသည်။ ကတ္တီပါဖိနပ် လေးညှင်းရောင် နှင့်ဆိုတော့ သူ့နံဘေးမှာ သူနှစ်သက်သောပုံစံဖြင့် မိန်းကလေး တစ်ယောက်ရှိနေသည့်အတွက် သူ့မှာ စိတ်ကျေနပ်မှုရသည်။





"ရတနာ့ဆံပင်က အရှည်ထားတာ ကြာပြီလား"

"ကြာပြီဆရာ... တက္ကသိုလ်တက်ကတည်းက စ,ထား တာ"

"ကိုယ်က မိန်းကလေး ဆံပင်ရှည်ရင် အရမ်းသဘော ကျတယ်"

ရတနာက မျက်လုံးကလေး လှန်ကြည့်ကာ ပြုံးသည်။

"တက္ကသိုလ်မှာ အတွဲလေး ဘာလေး မရှိခဲ့ဘူးလား"

"ရှိတာပေါ့... ဆရာရဲ့"

သူ့ရင်ထဲမှာ ဟာသွားသည်။

"အရွယ်ရောက်မှတော့ လူတစ်ယောက်ဆီမှာ စိတ်ကူး ယဉ်စရာတွေ ရှိလာတာပေါ့၊ ရတနာ့ကို ကြိုက်တဲ့လူလည်း ရှိတယ်၊ ရတနာက ကြိုက်တဲ့လူလည်း ရှိတယ်၊ ရတနာက ထားခဲ့တဲ့သူလည်း ရှိတယ်၊ ရတနာက ကျန်ခဲ့ရတာမျိုးလည်း ရှိတယ်၊ ဒီလိုပဲ... ဆရာကော..."

"ကိုယ်လား..."

"အင်းလေ... သူများကိုကျ မေးပြီး ဆရာကျတော့ ရော"

"ကိုယ် အခုတော့ လက်ထပ်ဖို့စဉ်းစားနေပြီ၊ ကိုယ့် အသက်က ကြီးပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"မေးတာနဲ့ ဖြေတာ ဘာမှလဲမဆိုင်ဘူး"

"ရတနာ့ကို ကိုယ့်ချစ်သူလုပ်ဖို့ ကမ်းလှမ်းရင် ကောင်းမလား စဉ်းစားနေတာ"

အခြေအနေက ခဏ တိတ်ဆိတ်သွားသည်။

"ကိုယ့်ကို စိတ်ဆိုးသွားလား"

ရတနာသည် ခေါင်းငုံ့ထားရာမှ တစ်ချက်ရယ်သည်။

"ဆရာ ပြောမှ ပြောပါ့မလားလို့"

"ဘယ်လို..."

"ဩော်... ဆရာ ရည်းစားစကား ပြောတတ်ပါ့မလားလို့ စိတ်ပူနေတာ၊ မဆိုးပါဘူး... ပြောတတ်သားပဲ"

အခြေအနေက ထင်တာထက်တောင် နွေးထွေးနေသေးသည်။

ရတနာ့လက်တစ်ဖက်က သူ့လက်မောင်းကို လာတွယ်သည်။ သူတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားကြပြီတည်း။





"ကျွန်တော် ရတနာ့အပေါ်မှာ သိပ်မှားခဲ့တယ် ဦး၊ ကျွန်တော် လက်ထပ်တဲ့ သတင်းကို သတင်းစာမှာဖတ်ပြီး သူ သတိလစ်သွားတဲ့အချိန်မှာ ကျွန်တော့်စိတ်ထဲ တော်တော်ကြီး မကောင်းဘူး၊ ကျွန်တော် အပြစ်မရှိတဲ့ မိန်းကလေး တစ်ယောက်ကို နာကျင်အောင် လုပ်ခဲ့မိပြီ"

ရှေ့နေဦးခင်ဇော်မှာ အမှုအတွက် လိုအပ်သော ကွင်းဆက်များ တဖြည်းဖြည်း များလာလေလေ အမှုက ပိုရှုပ်လာလေပဲဖြစ်သည်။

သူ့အမှုသည်,သည် သူ့ကို ဘာကြောင့်ပဲ လိမ်ညာခဲ့သည်ဖြစ်စေ သူ့အနေနှင့် သူ့အမှုသည်၏ စိတ်နေ စိတ်ထားကို ဝေခွဲမရ ဖြစ်လာတာတော့ သေချာသည်။

"မေရီလည်း ကျွန်တော်နဲ့ ရတနာကြောင့် စိတ်ထိခိုက်ခဲ့ရတယ်"

"ဒါဆို မောင်ရင်တို့ အိမ်ထောင်ရေးက အစ,က ပြောခဲ့သလို မချောမွေ့ဘူးပေါ့... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မေရီ့မှာ ချစ်သူရှိတယ် ထင်တယ်၊ မေရီ့ချစ်သူက ခပ်ဆိုးဆိုးလူစားပဲ၊ မေရီ အဲဒီအကြောင်းကို ဖုံးထားတယ်"

"မောင်ရင် ဘယ်လိုသိလဲ"

"ကျွန်တော် အိပ်မက် မက်ပြန်ပြီ... မေရီ့ကို အဲဒီလူ လည်ပင်းညစ်တယ်၊ မေရီ့လည်ပင်းမှာ ပဝါ အဝါစရှိတယ်"

"မေရီ သေသလား"

"မသေဘူးလို့ ထင်တယ်"

"ဘာဖြစ်လို့လဲ"

"အဲဒီတုန်းကသာ မေရီသေရင် ကျွန်တော်နဲ့ ဘယ် လက်ထပ်ဖြစ်မလဲ၊ သူတို့နှစ်ယောက် မေရီ လက်ထပ်ဖို့ကိစ္စ နဲ့ ပတ်သက်ပြီး ပြဿနာဖြစ်ကြတယ်၊ အဲဒါတော့ ကျွန်တော် ပြောနိုင်တယ်"

"မောင်ရင့်ကို တစ်ဖက်က ရှေ့နေကြီး လာတွေ့ သေးလား"

"မတွေ့သေးဘူး"

"မောင်ရင့်ဆီ သူ လာတွေ့ဖြစ်ခဲ့ရင် ဘာစကားမှ မကျံဖို့ လိုတယ်နော်၊ သူ ရတနာ့ဆီလည်း ဦးထက်အရင် ရောက်ခဲ့ပြီးပြီ၊ သူ့မှာ မောင်ရင့်လည်ပင်းကို စွပ်နိုင်ဖို့ကြိုးတွေ လွှယ်လွှယ်ကူကူပဲ ရှာတွေ့နေတယ်"





"ဒါပေမယ့် ကျွန်တော် မေရီ့ကို မသတ်ဘူး၊ ဦး... အဲဒါကို ယုံလား"

သူ ဖြေဖို့ခက်သွားသည်။ ခုချိန်မှာ သူ့အနေဖြင့် နရီ့ အပေါ်တွင် ယုံကြည်စိတ် နည်းပါးလာပြီဖြစ်ကြောင်း သူ့ ကိုယ်သူ သိသည်။ သူ့အနေဖြင့် အရေးကြီးဆုံးသောနေရာ တစ်ခုထံ သွားရန်ရှိသေးသည်။

"မောင်ရင်တို့ ဘုရားရှိခိုးကျောင်းမှာ လက်ထပ်ခဲ့ကြ တယ်နော်"

"ဘာဖြစ်လို့မေးတာလဲ ဦး"

"မိန်းကလေးဘက်က ကျေကျေနပ်နပ်နဲ့ လက်ထပ် ခဲ့လား ဆိုတာ အဲဒီဖာသာကြီးက သက်သေ လုပ်ပေးချင် လုပ်ပေးနိုင်တယ်"

တစ်နည်းအားဖြင့် လက်ထပ်ပွဲတွင် ကန့်ကွက်မယ့်သူ ရှိခဲ့လား ဆိုတာကို သူ သိချင်တာဖြစ်သည်။

သူနဲ့ ရင်ဆိုင်ရမည့် တစ်ဖက်ရှေ့နေမှာတော့ အမှု အတွက် အပြီးအသတ် ထိုးစစ်ဆင်နိုင်သည့် အားရစရာ အချက်အလက်များရှိနေပြီး သူ့မှာတော့ အမှုနှင့်ပတ်သက်၍ တရားခံဘက်ကနေ လျှောက်လဲချက်ပေးစရာများ နည်းပါး လာသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားခွင်ဆိုတာ သူ့အတွက် ခုနေခါမှာ လက်ဝှေ့ကြိုးဝိုင်းနှင့် တူနေသည်။

သူ့တရားခံသည် ဝက်ခြံထဲဝင်၍ တစ်ဖက်ရှေ့နေ၏ အဆက်မပြတ် ပစ်သွင်းလာမည့် လက်သီးချက်များကို မရှုမလှ ခံစားရင်း ရှုံးနိမ့်သွားမည့် အရေးကို သူ ကြိုမြင်နေရပြီ။

တကယ်တော့ သူ စိတ်ဓာတ်ကျစ,ပြုလာတာ ဖြစ်သည်။ သူ ရှေ့နေသက်တမ်းကာလ နှစ်အစိတ်အတွင်း ဒီလို ခက်ခဲကာ ရေရေရာရာ ရှာဖွေမတွေ့နိုင်သည့် ကူကယ်ရာမဲ့ အနေအထားမျိုး မကြုံဘူးမဟုတ် ကြုံဖူးသည်။ အခုဟာက တရားခံသည် စိတ်မှန်ရဲ့လားဆိုတာ ပြဿနာဖြစ်နေတော့ သူ့မှာ လမ်းကြောင်းပြတ်သလို ဖြစ်နေသည်။

"ဦး... ကျွန်တော့်ကို ယုံရဲ့လား"

ရုတ်တရက် နရီ မေးလိုက်သော အမေးကြောင့် လွင့်နေသောစိတ်များ ပြန်စုစည်းရသည်။

"ဟင်... ဦး...ကျွန်တော့်ကို ယုံရဲ့လား"

"ဘာဖြစ်လို့ မေးတာလဲ"

"ကျွန်တော် အစ,က ဦးကို ရတနာနဲ့ပတ်သက်ပြီး ညာခဲ့တာကိုး"





"ဒါမျိုးက ဖြစ်တတ်ပါတယ်၊ ယောကျ်ား တော်တော်များများ ကြုံရတာမျိုးပဲ"

"တော်ပါသေးရဲ့... ကျွန်တော့်ဘက်က ခုခံ လျှောက်လဲပေးမယ့် ဦးကမှ ကျွန်တော့်ကိုမယုံရင် ကျွန်တော် သွားပြီပဲ၊ ကျွန်တော် ထောင်ကျရမှာထက် ကျွန်တော်ကိုယ်တိုင် ရှင်းရှင်းလင်းလင်း မသိတဲ့ ည,တစ်ညကြောင့် တစ်သက်လုံး ဒုက္ခရောက်မှာ စိုးတယ်၊ အဲဒီညက ဘာတွေဖြစ်ခဲ့လဲဆိုတာ သိပ်သိချင်တာပဲ၊ ကျွန်တော့်ဦးနှောက်က ဘာဆို ဘာမှ ပြန်စဉ်းစားလို့လဲမရဘူး၊ ကျွန်တော့်ကိုယ် ကျွန်တော် တခြားတစ်ယောက် ဝင်စီးသလို ခံစားရတယ်၊ ဘာမှမသိတော့ဘူး"

"အခုရက်ပိုင်း ခေါင်းကိုက်သေးလား"

"မကိုက်သလောက်ဘဲ"

"အရင် နေမကောင်းဖြစ်တုန်းက ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မှတ်မိသေးရဲ့လား"

"ကျွန်တော် အဲဒီတုန်းက ရွှေဆွဲကြိုး အကြီးကြီးဝတ်ပေးမှ ငြိမ်တယ် ပြောတာပဲ၊ ကျွန်တော် သေချာတော့ မသိတော့ဘူး"

"မောင်ရင့်ဆရာဝန်ကြီးက ဘယ်နိုင်ငံကို ထွက်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စင်ကာပူ"

"နီးသားပဲ... လိုင်စာရော ရှိသေးလား"

"မာမီတို့ဆီမှာ ရှိမယ်နဲ့တူတယ်"

"ဒါနဲ့... မေရှိမိဘတွေ မောင်ရင့်ကို လာတွေ့သေးလား"

"ဘယ်တွေ့မလဲ ဦးရယ်... ကျွန်တော့်ကို မုန်းနေကြမှာပေါ့"

"သူတို့ ဘယ်မှာနေကြလဲ"

"အခုတော့ မင်္ဂလာဒုံဘက်မှာ နေကြတယ်"

"သူတို့နဲ့ ခဏခဏဆုံဖြစ်လား"

"သိပ်မဆုံဖြစ်ဘူး... ဦး သွားမယ်ဆိုရင် ကျွန်တော့် မာမိဆီမှာ လိပ်စာအတိအကျ ရှိတယ်"

အပြန်လမ်းမှာ သူသည် နရီ ပြောသောစကားတစ်ခွန်းကို နားထဲ အကြိမ်ကြိမ် စွဲထင်လျက် ပြန်ကြားရသည်။

"တစ်ယောက်ယောက် စီးနေသလိုပဲ"

အဲဒီစကားသည် သူ့ပထမဆုံး အမှုသည် တစ်ယောက် ပြောသောစကားပဲ။

အဲဒီတုန်းက သူ့အမှုသည့်သည် အရက်ကြောင်ကြောင်ပြီး ကိုယ့်မိသားစုကို အသက်သေစေခဲ့သူဖြစ်သည်။





မသတ်ခင်မှာ နားထဲ၌ သူတို့ကိုသတ်... သူတို့ကိုသတ်ပစ်၊ သူတို့ကိုမသတ်ရင် မင်းကို သတ်လိမ့်မယ်ဆိုတာကို အထပ်ထပ် ကြားသည်ဟု ဆိုသည်။

အတွေ့အကြုံမရှိသေးသော ရှေ့နေတစ်ယောက်အနေဖြင့် အဲဒီစကားကို ကြားရခါစက ဖြစ်နိုင်ပါ့မလားဟု ထင်ခဲ့တာ အမှန်။

သို့သော်... ဤလောက၌ လူတို့မသိနိုင်သော၊ သိပ္ပံပညာကတောင် မဖြေရှင်းနိုင်အောင် ရှုပ်ထွေး နက်နဲသော အဖြစ်အပျက်တို့ ရှိနေသေးတယ်ဆိုတာ လူတွေ လက်ခံထားကြသားပဲ။

ပြီးတော့ ဆေးပညာအရလည်း အရက်၊ မူးယစ်သေစာဆိုတာမျိုးဟာ လူရဲ့ဦးနှောက်ကို ပုံမှန်မဟုတ်အောင် ပြောင်းလဲပစ်နိုင်တဲ့ လူလုပ်တန်ခိုးရှင် နတ်မိစ္ဆာများမဟုတ်လား။

သူ့အမှုသည်ကို ရုံးတင် စစ်ဆေးတော့ ကြားရသူအပေါင်းဟာ တရားခံကို ရွံရှာ စက်ဆုပ်ကြသည်။ မိမိ၏ အမေအို၊ မိမိ၏ ချစ်လှစွာသောဇနီး၊ ဆယ်နှစ်အရွယ် သားယောကျ်ားလေး၊ သုံးလအရွယ် သမီးကလေးတို့ကို ငှက်ကြီးတောင်ဓားနှင့် ရက်ရက်စက်စက် ခုတ်သတ်ခဲ့သော တရားခံသည် ဝက်ခြံအတွင်းမှာ ညှိုးငယ်သောမျက်နှာ၊ ချုံးချုံးကျ



www.burmeseclassic.com

www.burmeseclassic.com



နေသော စိတ်နှလုံးဖြင့် ထိုင်လျက်ရှိသည်။ သူ့အမှုသည်အား တရားလိုရှေ့နေသည် အားရဝမ်းသာစွာဖြင့် ကြိုးစင်ထက်ကို တက်ရအောင် နိုင်မာသော သက်သေ အထောက်အထား များဖြင့် ပိတ်ဖမ်းခဲ့သည်။

အဲဒီတုန်းက တရားလိုရှေ့နေအား ငှားရမ်းခဲ့သူမှာ တရားခံ၏အစ်ကို ကိုယ်တိုင် ဖြစ်နေခဲ့ခြင်းက အဲဒီအမှုရဲ့ အထူးခြားဆုံး အချက်ပင်တည်း။

"ကျွန်တော် သူ့ကို မမုန်းပါဘူး။ သူဟာ ကျွန်တော့်ရဲ့ ညီအရင်းပါ၊ ကျွန်တော်ရဲ့ အချစ်ဆုံး မိသားစုဝင်ပါ၊ ကျွန်တော့် မှာ ကျန်တဲ့မိသားစုဝင်တွေ မရှိကြတော့ပါဘူး၊ ဒါပေမယ့် သူ ဒီအရက်ကြောင့် ဒီလို ဆိုးရွားရက်စက်တဲ့ လူသတ်ကောင် ဖြစ်ရတာ ကျွန်တော် ရင်ထုမနာ ဖြစ်ရတယ်၊ သူ့ကို မုန်းလို့ တရားစွဲတာ မဟုတ်ဘူး၊ အရက်ကြောင့် သူ လူသတ်ကောင် ဖြစ်ရတာကို မုန်းလို့ တရားစွဲရတာ"

ဘယ်လောက် မှတ်သားစရာကောင်းတဲ့ အမှုလဲလို့ သူ့တစ်သက်မှာ ဘယ်တော့မှမမေ့တဲ့ အမှု...။

တရားလိုရှေ့နေက လျှောက်လဲသော စကားလုံးတိုင်း က တရားခံ လည်ပင်းကိုပတ်သော ကြိုးခွေတွေနှင့် တူပေ သည်။





တရားလိုရှေ့နေက စကားတစ်ခွန်း စလိုက်တိုင်း သူ့ ခေါင်းကို ဆယ်ပေါင်တူနှင့် ထုသလို ခံစားရသောအမှု။

"ဆရာ... ကျွန်တော့်အမေကို ကျွန်တော် သိပ်ချစ် တာပေါ့၊ သိပ်ချစ်လွန်းလို့ အစ်ကိုနဲ့မထားဘဲ ကျွန်တော်နဲ့ ခေါ်ထားခဲ့တာပါ၊ ကျွန်တော့်ဇနီးကလည်း ကျွန်တော် နှစ်သက် လွန်းလို့ မရမက ပိုးပန်းပြီး ခိုးပြေးရတဲ့ ဇနီးပါ၊ ကျွန်တော့် သားနဲ့ သမီး... ကျွန်တော် သတ်ချင်ပါ့မလားဗျာ၊ ကျွန်တော့် အချစ်ဆုံးသူတွေကို ကျွန်တော် သတ်ချင်ပါ့မလား ဆရာ၊ ကျွန်တော့်ကို ကြိုးပေးပါစေ၊ ကျွန်တော် အသက်ဆက်ရှင်ဖို့ ဘာအဓိပ္ပာယ်မှ မရှိတော့ဘူး"

တရားခံသည် သူ့ကို တိုင်တည်၍ ငိုကြွေးခဲ့သည်။ သူ့အမှုသည်အား စိတ်ကျန်းမာရေးဆေးရုံသို့ပို့ပြီး ဆေးကုသမှု ခံယူစေရန် (အရက်ဖြတ်ရန်) စီရင်ချက်ချပြီး လ,အနည်းငယ် အကြာတွင် ထိုလူ သေဆုံးသွားခဲ့သည်။

တစ်ယောက်ယောက် စီးနေသလိုပဲ ဆိုတာ ဥပဒေမှာ လက်မခံသော်လည်း ထိုအရာနှင့်ပတ်သက်၍ ဥပဒေလောက မှာထင်ရှားသော အဖြစ်အပျက်တစ်ခုကလည်း ရှိခဲ့သေးသည်။

ဂျုံးအော့ဖ်အတ် (Joan of arc) အေဒီ ၁၄၁၂ မှာ မွေးဖွားခဲ့သော မိန်းကလေးတစ်ယောက်။ ၁၄၃၁ မှာ ဆုန်းမ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ကြေညာခံရပြီး ကားစင်တင်၍ အရှင်လတ်လတ် မီးရှို့သတ်စေရန် တရားသူကြီး ၆၁ ယောက်မှ အမိန့်ချခဲ့သော မိန်းကလေး။

ရာဇဝင် သင်ခဲ့ဖူးသူ စာဖတ်များသူ၊ ဥပဒေလောက သားတိုင်း သိနိုင်သော ထိုမိန်းကလေးသည် သူ့ရဲကောင်းဟုလည်းကောင်း၊ သနားဖွယ်ရာကောင်းသူဟု လည်းကောင်း အယူအဆနှစ်မျိုး ရှိသည်ဟု စာရေးဆရာကြီး ဘားနတ်ရှော က ဆိုခဲ့သည်။

ဂျုံးက သူမကိုယ် သူမ ဘုရားသခင် စေလွှတ်လိုက်သော တမန်တော်တစ်ယောက်ဟု ခံယူသည်။

သူမ အသက် ဆယ့်သုံးနှစ်အရွယ်မှာ ဘုရားရှိခိုးကျောင်းကနေ အလင်းရောင်တစ်ခု ထွက်လာသည်။ အလင်းရောင်နဲ့အတူ သူမကို အသံတစ်သံကပါ ညွှန်ကြားခဲ့သည်ဟု တရားခွင်မှာ အစစ်ခံခဲ့သည်။

အဲဒီခေတ်တုန်းက ပြင်သစ်မင်းသား ဒေါ်ဖင်၏တပ်သည် သစ္စာဖောက် ဘာဂန်ဒီနှင့် အင်္ဂလိပ်ဘက်ဖို့ဒ်မြို့စား၏ စစ်တပ်ကြီး နှစ်တပ်လုံးရဲ့ ပိတ်ဆို့ခြင်းကို ခံနေရသည်။ အင်္ဂလိပ်နှင့် ပြင်သစ်မြို့စား နှစ်ယောက်သည် အင်္ဂလန်ပြည့်ရှင် ဆဋ္ဌမမြောက် ဟင်နရီအား ပြင်သစ်ဘုရင်အဖြစ် တင်မြှောက်လိုသည်။





နတ်ရွာစံသွားသော ပြင်သစ်ပြည်အရှင် ဆဋ္ဌမမြောက် ချားလ်ဘုရင်၏ သားဖြစ်သူ ဒေါ်ဖင်ကလည်း သူ့သားဟုတ်မဟုတ် သံသယဖြစ်နေသည်...

နန်းမွေဆက်ခံထိုက်သည်ဟု ဆိုသည်။

ဤသို့ နန်းလုပွဲ အနေအထားတွင် သာမန်ကျေးတောသူမလေး ဂျုံးအော့အတ်က သူတော်စင် စိန့်ကက်သရင်းနှင့် မာဂရက်တို့က အော်လင်မြို့ကို သူမအား ကယ်တင်ပေးရန် နှိုင်းစေသည်ဟု ယုံကြည်ကာ ဒေါ်ဖင်ထံ ခစားရင်း သူမကို စစ်သူကြီးခန့်ထားရန် တောင်းခံခဲ့၏။ ထိုစဉ်က ဂျုံးမှာ အသက်ဆယ့်ရှစ်နှစ်သာ ရှိသေးသည်။

သို့သော် သူမ၏ ခေါင်းဆောင်မှုအောက်တွင် ပြင်သစ်တပ်မတော်မှာ ရန်သူကို တွန်းလှန်နိုင်ရုံသာမက ဒေါ်ဖင်အား ပြင်သစ်ပြည်၏ သတ္တမမြောက် ဘုရင်အဖြစ် ဘိသိက်မြှောက်နိုင်ခဲ့သည်။

ဤသို့ဖြင့် ဘုရားသခင်၏ တမန်တော်အဖြစ် ပြင်သစ်တစ်နိုင်ငံလုံးက ဂျုံးအား လေးစားသလို အင်္ဂလိပ်တို့က ကြောက်ရွံ့ကြသည်။ မြို့စား ဘက်ဖို့ဒ်က ပြင်သစ်သစ္စာဖောက် ဘာဂန်ဒီအား ဒေါ်လာငါးသောင်း လာဘ်ထိုး၍ ဂျုံးကို မတရားသုတ်သင်ရန် ကြံစည်ခဲ့သည်။ ဂျုံး၏စကားများသည် ဘုရားသခင်၏ တရားများ ဟုတ်။ မကောင်းဆိုးဝါးက တိုက်တွန်းချက်သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ခရစ်ယာန်သာသနာကို ဆန့်ကျင်ဖျက်ဆီးသူအဖြစ် အင်္ဂလိပ်ကို လိုလားသော ပါရီတက္ကသိုလ်မှ ခရစ်ယာန်ဘုန်းတော်ကြီးကို တရားသူကြီးချုပ်အဖြစ် ဆောင်ရွက်စေကာ ဂျုံးကို ရွာသူ စုန်းမအဖြစ် မတရား စွဲချက်တင်ကြသည်။

ပထမတွင် ဂျုံးအား အကျင့်စရိုက် ဖောက်ပြန်သူအဖြစ် စွဲချက်တင်ကြသေးသည်။ ဂျုံးက စစ်ပွဲတွင် ယောက်ျားအဝတ်အစားကို ဆင်မြန်းသည် မဟုတ်လား။

ဘက်ဖို့ဒ် မြို့စားကတော် အပါအဝင် ဂုဏ်သရေရှိ အမျိုးသမီးကြီးများ၏ အတွင်းအပြင် စစ်ဆေးချက်အရ ဂျုံးမှာ အပျိုစစ်စစ်ဖြစ်ကြောင်း သက်သေ ထင်ရှားခဲ့သည်။

ဂျုံးအား မြို့လယ်ကောင်၌ ကားစင်တင်၍ ချည်နှောင်ထားသောနေ့တွင် သူ့အား မကောင်းဆိုးဝါးက တိုက်တွန်းခဲ့ကြောင်း ဘုရားရှိခိုးကျောင်း အမိန့်ကို နာခံမည်ဖြစ်ကြောင်း တိုက်တွန်းခဲ့ကြသည်။

ဂျုံးအား မီးရှို့ရန် မီးပျိုးဆဲတွင် ကြောက်ရွံ့လာသော ဂျုံးက ဘုရားရှိခိုးကျောင်း၏ အမိန့်မှန်သမျှကို နာခံမည်ဖြစ်ကြောင်း၊ အမျိုးသမီးဝတ်စုံကို ပြန်လည်ဝတ်ဆင်မည်ဖြစ်ကြောင်း ကတိပေး၍ အချုပ်ခန်းထဲ ပြန်သွင်းလိုက်သည်။





သုံးရက်မြောက်သောနေ့တွင် ယောက်ျားစစ်ဝတ်တန်ဆာကို ဂျုံးက ပြန်လည်ဝတ်ဆင်ပြီး...

"သူမ အနေဖြင့် အသံတော်ကို ဆန့်ကျင်ခဲ့မိသည်မှာ မှားယွင်းသည်။ ကိုယ့်ရဲ့ သံဝေဂတရားကို အသေခံခြင်းဖြင့် ပြန်လည်ပြုပြင်လိုက်တာဟာ အချုပ်အနှောင်ထဲမှာ ကြာမြင့်စွာ ခံစားနေရတာထက် ပိုကောင်းပါတယ်။ ကျွန်မဟာ ဘုရားသခင်နဲ့ သာသနာတော်ကို ဆန့်ကျင်ပြီး ဘာမှမလုပ်ခဲ့ဘူး" ဟု ကြေညာခဲ့သည်။

ထို့ကြောင့် မကောင်းဆိုးဝါးအဖြစ် ပြန်လည်ကြေညာခြင်းခံရကာ ၁၄၃၁–ခု၊ မေ ၃၁ ရက်တွင် အရှင်လတ်လတ် မီးရှို့သတ်ခံရသည်။

ဂျုံး နိမိတ်ဖတ်ခဲ့သည့်အတိုင်း ပြင်သစ်တို့က အင်္ဂလိပ်တို့အား ပြင်သစ်မြေပေါ်မှ အပြီးအပိုင် မောင်းထုတ်နိုင်ခဲ့သည်။

၁၄၅၅ တွင် ခရစ်ယာန်ဘုန်းတော်ကြီး ကယ်လီတပ်စ်က ဂျုံးအမှုကို ပြန်လည်စစ်ဆေးရန် အမိန့်ပေးခဲ့သည်။

တရားရုံးမှာ ဂျုံးသည် မှားယွင်းစွာ အစွပ်စွဲခံရ၍ မတရားစီရင်ခြင်း ခံရသည်ဟု ဆုံးဖြတ်သည်။

ဤတွင် ဂျုံးအား မတရားစီရင်ခဲ့သည့် တရားသူကြီးချုပ်ဖြစ်သော ခရစ်ယာန်ဂိုဏ်းချုပ် ကော်ခွန်၏အလောင်းကို



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းမှ ပြန်လည်ထုတ်ယူကာ မြေအောက်မစင်ပိုက်အတွင်း ပစ်ချလိုက်သည်။

၁၉၂၀ ပြည့်တွင် ဂျိုးအား စိန့်အဖြစ် ကြေညာပြီး စိန့်ကက်သရင်းနှင့် စိန့်မာဂရက်တို့၏ ဘေးတွင် ယှဉ်တွဲ၍ ရုပ်တုတည် ဂုဏ်ပြုလိုက်သည်။

ယခုတိုင် ပြင်သစ်ပြည်တွင် ဂျိုး အမှတ်တရ အထိမ်းအမှတ်ပွဲများ လုပ်သည်ဟု ဆိုကြလေသည်။

တရားရုံးတွင် ဂျိုး အစစ်ခံသော မိတ္တူမှာ အားလုံး ငါးစုံရှိပြီး ယခုတိုင် မိတ္တူသုံးစုံရှိသေးသည်ဟု ဆိုကြသည်။

အစစ်ခံချက်များတွင် အသံတော်က မည်သို့အမိန့်ပေးပုံ၊ အသံတော်မှာ ဘယ်လောက် ကြည်ညိုဖွယ်ကောင်းပုံ အများအပြား ပါဝင်လေသည်။ သူ့အနေဖြင့် စာအုပ်ထဲတွင် ဖတ်ရတာကြောင့်သာ ယုံရသည်။

စဉ်းစားကြည့်ပါ...။

အသက်ဆယ့်ရှစ်နှစ်အရွယ် မိန်းမတစ်ယောက်သည် ပြင်သစ်ပြည် နန်းညွှန့် နန်းလျာအတွက် ကြီးမားသော စွမ်းဆောင်မှုပြုခဲ့သည် ဆိုခြင်းမှာ အသံတော်နှင့် တိုက်ရိုက် ပတ်သက်နေသော ကိစ္စမဟုတ်လား။ ဂျိုးကို ထိုအသံတော်က စေခိုင်းသမျှလုပ်သည်။ တစ်နည်းအားဖြင့် ဂျိုးသည် လူက





စိတ်နှင့် စိတ်ကကြားရသော အသံနောက်သို့ လိုက်သော လူစားပင်တည်း။

ဂျိုး ကြားရသော အသံတော်သည် အမှန်တကယ် ကြားရခြင်းသာ ဖြစ်လိမ့်မည်။ ထို့ကြောင့်သာ သူ မတူသော သမိုင်းတွင်ခဲ့သည်။

ဤလောကဌ် မယုံ၍မရသော၊ ယုံကြည်၍ ဒွိဟဖြစ်နိုင်သော ကိစ္စတွေ ဥပဒေလောကဌ် တကယ်ရှိနေခဲ့သည်ကို ဘယ်သူငြင်းမလဲ။



www.burmeseclassic.com

www.burmeseclassic.com



မေရီ၏ မိဘနှစ်ပါးပုံစံက သမီး သေဆုံးရသည်ကို မယုံနိုင်သေးသလို သမက်အတွက်လည်း စိတ်သောက ရောက်နေပုံရသည်။ မေရီ၏ဖခင်က သာမန် လယ်သမား တစ်ဦးဖြစ်ပြီး အလုပ်ကိုသာ စိတ်ရှိသောလူမျိုး။ ရိုးသား၍ တုံးအ,ပုံရသည်။

"မေရီကို နရီ သတ်တယ်လို့ ဦး ထင်လား"

"ခုထိ ယုံလို့ကို မရသေးတာပါကွယ်၊ ဒီသူငယ်ဟာ ဆိုးဆိုးသွမ်းသွမ်း၊ ဟော့ဟော့ရမ်းရမ်းထဲက မဟုတ်လို့သာ ဦးမင်းတို့က သမီးနဲ့ သဘောတူခဲ့တာပေါ၊ သမီးအပေါ်လည်း အတော်ကလေး ကြင်နာရှာပါတယ်ကွယ်၊ သူတို့နေဖို့အိမ် တောင် သူကိုယ်တိုင် ပုံစံဆွဲပြီး ဆောက်ထားတာ၊ သမီး အပေါ်မှာ ရက်ရက်စက်စက် လုပ်ဝံ့တဲ့လူစားမျိုးလို့ ထင်ရက် စရာတောင် မရှိတာပါကွယ်"

"ဒါနဲ့... နရီ့မှာ စိတ်ပိုင်းဆိုင်ရာ ရောဂါတစ်ခုရှိလို့ ဆေးရုံတက်ခဲ့ရတာ ဦးတို့ သိလား"





"အဲဒီတုန်းက သမီးတောင် သူတို့အိမ်မှာ ကူညီလုပ်ကိုင် ပေးခဲ့သေးတယ်၊ သိပ်အဆိုးကြီးတော့ မဟုတ်ဘူး"

"မေရီ တက္ကသိုလ်တက်တော့ အဆောင်နေခဲ့မှာပေါ့နော်"

ဒီမေးခွန်းက သူ့ရဲ့ ခန့်မှန်းမေးခွန်း ဖြစ်သည်။ နယ်မှ ကျောင်းတက်ဖို့ မလွယ်ကူသော အနေအထားမှာ ငွေကြေးကို နရီတို့က ထောက်ပံ့ခဲ့ပြီး နရီတို့အိမ်မှာ ခေါ်ထား, မထား သေချာချင်သည်။

"ဟုတ်တယ်... အဆောင် ငှားနေတယ်၊ ဟိုလို လူအများကြီးတော့ မဟုတ်ဘူး၊ သူငယ်ချင်းသုံးယောက် အိမ်ငှားနေတာ၊ မေရီ့သူငယ်ချင်း နှစ်ယောက်နဲ့ မေရီ သုံးယောက် အိမ်ငှားခကို အချိုးကျခွဲပေးကြတာ"

"အဲဒီသူငယ်ချင်းနှစ်ယောက် အခု ဘယ်ရောက်နေလဲ ဆိုတာ ဦးတို့အိမ်က သိလား"

"တစ်ယောက်က အခု ရုံးတစ်ခုမှာ လုပ်နေတယ်၊ နောက်တစ်ယောက်က စားသောက်ဆိုင် ဖွင့်ထားတယ် ပြောတာပဲ၊ သူတို့နဲ့ သမီး အတော်ကြီးခင်ကြ ချစ်ကြတာပဲ ကွယ့်၊ မေရီက နောက်ဆုံးမှ အိမ်ထောင်ကျတာ၊ ညီလေ့ရည် က ဒုတိယနှစ်ကတည်းက သဘော်သားတစ်ယောက်နဲ့ညားပြီး သူ့ယောက်ျား သဘော်တက်သွားတော့ သမီးတို့နဲ့ပဲ ဆက်နေ တာ၊ ခင်နှင်းမှုန်က မြိတ်ဘက်ကလာတာ၊ ခင်နှင်းမှုန်က



www.burmeseclassic.com

www.burmeseclassic.com



သူတို့မိဘတွေ အရမ်းချမ်းသာကြတယ်၊ ဘာလုပ်ငန်းလုပ်လည်း တော့ မသိဘူး၊ အခု သူ ရန်ကုန်မှာပဲ စားသောက်ဆိုင် ဖွင့်ထားတယ်၊ သူ့အမျိုးသားက ကုန်သည်ပဲ"

"နှစ်ယောက်လုံး ရန်ကုန်မှာ ရှိကြတယ်ပေါ့"

"ရှိတာများတယ်...မေရီဆုံးတာ သူတို့သိမယ့်ပုံ မပေါ်ဘူး၊ သိရင် ပြေးလာကြမှာ၊ လက်ထပ်တုန်းက လာသေးတယ်"

သူ့အနေဖြင့် ထိုကောင်မလေး နှစ်ယောက်ထံ သွားရောက် စုံစမ်းမေးမြန်းဖို့ လိုမယ်ဟု ထင်သည်။ မေရီ၏ဘဝက လျှို့ဝှက်လွန်းသည် မဟုတ်လား။

မေရီ၏ တက္ကသိုလ်ကျောင်းသူဘဝ လေးနှစ်တာကာလသည် အေးချမ်းစွာပဲ ပြီးဆုံးခဲ့လျှင်တော့ တစ်မျိုးပေါ့။ အဲသလိုမဟုတ်ဘဲ နရီ့အိပ်မက်ထဲကလို မေရီ့မှာ ချစ်သူတစ်ယောက် တကယ်ရှိခဲ့လျှင် ထိုလူ့အကြောင်းကို အသိနိုင်ဆုံးသည် ညိုလဲ့ရည်နှင့် ခင်နှင်းမှုန်တို့ နှစ်ဦးသာရှိသည်။

သူတို့နှစ်ဦးထဲကနေ နရီအတွက် အသက်ရှူပေါက်ရနိုင်သည်။ သူ့အနေဖြင့် နရီ့ကို အတတ်နိုင်ဆုံး ကယ်တင်ရမည့်တာဝန်ကို ကျေပွန်ရမည်။ မေရီ့အား အမှန်တကယ်သတ်သော တရားခံ ပေါ်ရမည်။





စားသောက်ဆိုင်က ချောင်ကျသောနေရာတွင် ရှိပြီး အခင်းအကျင်း သေသပ်လှသည်။ နှစ်ထပ်တိုက်၏ အောက်ထပ်တစ်ခုလုံးသည် ဆိုင်ဖြစ်သည်။ အထူးသီးသန့်ခန်းများရှိပြီး လာရောက်စားသုံးသူ ပုံမှန်ရှိသောဆိုင်မျိုး ဖြစ်သည်။ အရက်မျိုးစုံရပြီး စားပွဲထိုးများအားလုံးသည် မိန်းကလေးများဖြစ်နေသည်။ ကာလာစုံ ခြယ်သ,ထားသော စားပွဲထိုးမိန်းကလေးများသည် ဂျင်းဘောင်းဘီအရှည်၊ ရှပ်အင်္ကျီဖြူလက်ရှည် ဝတ်ဆင်ထားကြပြီး ဖော်ရွေ ချိုသာစွာ ပြုံးသောမျက်နှာများ ပိုင်ဆိုင်သည်။

"ဘာများ သုံးဆောင်ပါမလဲရှင်"

မီနူးကတ်ဒ်ကို သူ ကြည့်နေစဉ် ခါးတွင် သူထိုင်နေသော စားပွဲနံပါတ်တစ် ချိတ်ထားသည့် မိန်းကလေးက မေးသည်။

"ရေနွေးကြမ်း ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်… ဟုတ်ကဲ့… ရပါတယ်၊ နောက်ကော…"

"အာလူးကြော်ရယ်… ခင်နှင်းမှုန်ရှိရင် တွေ့ချင်တယ်၊ ဒီမှာ ဦးရဲ့နာမည်ကတ်ဒ်၊ သမီး ခင်နှင်းမှုန်ဆီ အကြောင်းကြားပေးပါလား"

"ဟုတ်ကဲ့ပါရှင်"





ခင်နှင်းမှုန်သည် နာမည်နဲ့လိုက်အောင် မှုန်နေအောင် စိန်တွေ ဝတ်ဆင်ထားလျက် အင်္ကျီ သိုမွှေးဆွယ်တာအဖြူကို ဝတ်ဆင်ထားသည်။ သူ့ရှေ့ရှိ ခုံတစ်ခုံတွင် ဝင်ထိုင်ပြီး ယဉ်ကျေးစွာ မေးမြန်းသည်။

"ကျွန်မနဲ့တွေ့ချင်တာ အန်ကယ်လ်လားရှင့်"

"ဟုတ်ပါတယ် ခင်နှင်းမှုန်"

"ဒါနဲ့ ကျွန်မကိုတွေ့ချင်တာ ဘာကိစ္စများ ရှိလို့လဲ မသိဘူး၊ အန်ကယ်လ်နဲ့ ကျွန်မ အရင်က မတွေ့ခဲ့ဖူးပါဘူး နော်"

"မှန်ပါတယ်"

"ရှင်"

"ဪ… ခင်နှင်းမှုန်နဲ့ အန်ကယ်လ် အရင်ကမတွေ့ခဲ့ဖူးဘူးဆိုတာ မှန်ပါတယ်၊ အန်ကယ်လ်က ခင်နှင်းမှုန် သူငယ်ချင်း မေရီ့ကိစ္စနဲ့ လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မေရီ... မေရီ ဘာများဖြစ်လို့လဲ အန်ကယ်လ်"

"မေရီ လွန်ခဲ့တဲ့နှစ်ပတ်ကပဲ ဆုံးတယ် ခင်နှင်းမှုန်"

"အို... ဖြစ်မှဖြစ်ရလေရှင်၊ ကျွန်မဖြင့် ကြားရတာ မယုံနိုင်စရာပါဘဲ၊ မေရီက ကျွန်မအချစ်ဆုံး သူငယ်ချင်းပါ၊ ဒါနဲ့ မေရီ ဘာနဲ့ဆုံးတာလဲ အန်ကယ်လ်၊ သူ့ဆီမှာ ရောဂါကြီးကြီးမားမားရယ်လို့ ကျောင်းတက်တုန်းက တစ်ခုမှ မကြားဖူးပါဘူး"

"အင်း... မေရီက အသတ်ခံရတာ"

"ဘယ်လို..."

"မေရီ့ကို သူ့ယောကျ်ား နရီက သတ်တာဆိုပြီး လောလောဆယ် နရီ အချုပ်ကျနေတယ်၊ အာမခံမရဘူး"

"ကြားရတာ အထူးအဆန်းပါလားရှင်၊ သူတို့လင်မယားမှာ တစ်ယောက်ကိုတစ်ယောက် သတ်ပစ်ရလောက်အောင် ပြဿနာ တစ်ခါမှမကြားဖူးပါဘူး၊ ကိုနရီကို သူတို့ လက်မထပ်ခင်ကတည်းက တွေ့ဖူးပါတယ်၊ အေးအေးဆေးဆေးနဲ့ သဘောကောင်းတဲ့ လူမျိုးပါ"

"အန်ကယ်လ်က နရီ့ရှေ့နေပါ"

"ဩော်... ဟုတ်ကဲ့... ကျွန်မ ဘာများအကူအညီ ပေးရမလဲ အန်ကယ်လ်၊ လိုတာပြောပါရှင်"





"မေရီနဲ့ ကလေးမ ခင်တာ တက္ကသိုလ်တက်တဲ့ လေးနှစ်လုံးနော်"

"ဟုတ်ပါတယ် အန်ကယ်လ်"

"မေရီ့မှာ ချစ်သူတွေ ဘာတွေ မရှိခဲ့ဘူးလား"

ခင်နှင်းမှုန် ငြိမ်သက်သွားပြီး ဖြေသင့် မဖြေသင့်တွေဝေနေပုံရသည်။

"ဖြေပါ... သမီး... ခုချိန်မှာ အမှန်တရားကို ရှာတွေ့ဖို့က အဓိကပဲ၊ မေရီ့ကို နရီ သတ်ခဲ့တာပဲဖြစ်ဖြစ်၊ မဟုတ်ဘူးလို့ဆိုဆို အမှန်တရား ဘာမှန်း အန်ကယ်လ်တို့ သိဖို့လိုနေတယ်၊ အန်ကယ်လ်အနေနဲ့ နရီ့ဘက်ကနေ ရပ်တည်ဖို့ အဲဒီအမှန်တရားက အများကြီး အထောက်အပံ့ပေးနိုင်တယ်"

"ဟင်း... မိန်းမတွေမှာ များသောအားဖြင့် ချစ်တဲ့သူနဲ့မဟုတ်ဘဲ သင့်တော်တဲ့သူနဲ့သာ လက်ထပ်ရတာ အန်ကယ်လ် သိပါတယ်နော်"

"မိန်းမတွေမှ မဟုတ်ပါဘူး သမီးရယ်၊ ယောကျ်ားတွေလည်း ဒီလိုပါပဲ၊ ရှေ့နောက်စဉ်းစားပြီး ရွေးချယ်တဲ့လူမျိုးကိုပဲ လက်တွဲဖြစ်ကြတယ်၊ ဒါက အပြစ်တင်စရာလည်း မဟုတ်ဘူး၊ ရှက်စရာလည်း မဟုတ်ဘူး၊ အခြေအနေဆိုတာ ကိစ္စတိုင်းမှာ ရှိတယ်၊ အချစ်တစ်ခုတည်းကိုပဲ ဦးစားပေး ဆုံးဖြတ်လို့မရအောင် လူတွေမှာ ဦးနှောက် ဆိုတာ ပါလာပြီးသားပဲ



www.burmeseclassic.com

www.burmeseclassic.com



"မေရီက သိပ်သနားစရာကောင်းပါတယ် အန်ကယ်လ်"

ကလေးမသည် တစ်စုံတစ်ရာကို ပြောရန် တွန့်ဆုတ်လျက်ရှိသည်။

"ကျွန်မတို့က သူ့ဘဝလေး ကိုနရီနဲ့ လက်ထပ်လိုက်လို့ အေးချမ်းသွားပြီ ထင်ခဲ့ကြတာ၊ ဒါနဲ့... အန်ကယ်လ် ညိုလှဲ့ရည်ကို တွေ့ပြီးပြီလား"

"အန်ကယ်လ် မသွားရသေးဘူး"

"ညိုလှဲ့ရည်က ကျွန်မတို့ သူငယ်ချင်း သုံးယောက်ထဲမှာ အပေါင်းအသင်း အများဆုံးပဲ၊ ဘယ်လိုပြောရမလဲ... ရည်းစားလည်းများတယ်၊ သူထားတဲ့ ရည်းစားတွေထဲမှာ ခပ်ဆိုးဆိုး လူတစ်ယောက်လည်းပါတယ်၊ အဲဒီလူရဲ့ သူငယ်ချင်းနဲ့ အဲဒီလူက ကျွန်မတို့ကျောင်းကို တစ်ပတ်တစ်ခါ အမြဲလာတယ်၊ သူတို့လာရင် ဆိုင်ကယ်လ်တွေနဲ့၊ နှစ်ယောက်လုံးကို ကျွန်မတော့ ကြောက်တယ်"

"မေရီကရော..."

"မေရီကတော့... သူ့အတွက် အသစ်အဆန်းမဟုတ်လား၊ ဂျွန်နိုင့်လို ပုံစံက သူ့အတွက် အသစ်အဆန်းမဟုတ်လား အန်ကယ်လ်၊ တစ်သက်လုံး ရိုးရိုးအအ မိဘတွေလက်အောက်မှာ ပိပိပြားပြားနေခဲ့တဲ့ ဆယ်ကျော်သက်မိန်းကလေးဘဝမှာ ခပ်ဆိုးဆိုး လူတစ်ယောက်ကို ရင်ခုန်တဲ့





အဖြစ်အပျက်မျိုးက ရုပ်ရှင်တွေထဲမှာလည်း ရိုက်ပြကြတယ်၊ ဝတ္ထုတွေထဲမှာလည်း ရေးပြကြတယ်"

"အပြင်မှာလည်း တကယ်ဖြစ်ခဲ့တယ်ပေါ့"

ဂျွန်နိုင်... ဟူသောနာမည်ကို ကြားရခြင်းအတွက် သူ တုန်လှုပ်သွားတာတော့ အမှန်ပင်ဖြစ်သည်။ ဒီလောက်ကြီးတော့ တိုက်ဆိုင်နိုင်ပါ့မလား"

"ဂျေ တစ်လုံးပါတဲ့ ဆွဲသီးတစ်ခု"

"မေရီ မသေခင်ရက် ကျွန်တော့်ဆီ နေ့လယ် ထမင်းစားချိန်မှာ ဖုန်းလာတယ်"

"ဂျွန်နိုင်လို့ ပြောတယ်"

သူ့ဦးနှောက်ထဲမှာ လင်းသွားသည်။ အသက်ရှူချောင်သွားသလိုပဲ။ နရီသည် သူ့အား အမှန်တွေပြောခဲ့ပါလားဟု သူ စတင်ယုံကြည်နိုင်ခဲ့ပြီ။

"ဂျွန်နိုင်နဲ့ မေရီ့အကြောင်း ကလေးမ ဘယ်လောက်သိခဲ့လဲ"

"ကျွန်မထက် ညိုလှဲ့ရည်က ပိုသိလိမ့်မယ်၊ ကျွန်မက ဂျွန်နိုင်ကို ကြည့်ရခဲ့တာမဟုတ်ဘူး၊ ပြီးတော့ မေရီ့ဘဝမှာ ဂျွန်နိုင်နဲ့ ပတ်သက်ခဲ့တဲ့ ကိစ္စကို ကျွန်မ ဘယ်သူမှ ပြောပြချင်တာမဟုတ်ဘူး အန်ကယ်လ်၊ ဒါဟာ မေရီ့ဂုဏ်သိက္ခာနဲ့ ဆိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် လူတစ်ယောက် ဘဝ တစ်ခုလုံးနဲ့လဲ ဆိုင်တယ် ခင်နှင်းမှုန်"

အတန်ကြာ စကားများတိတ်ဆိတ်သွားသည်။ သူကြုံရသောအမှုဟာ ထောင့်ငါးရာ အချစ်တစ်ခုနဲ့ပတ်သက်နေလိမ့်မယ်ဟု သူ ကြိုတွေးမထားပါ။ ယောက်ျားနဲ့မိန်းမ နှစ်မျိုးသာရှိသောလောကတွင် ရှုပ်ထွေးပွေလို့ ဆန်းပြားသော ကိစ္စတွေဖြစ်ပြီဆိုလျှင် တစ်ဝက်လောက်က ငွေကြောင့်ဖြစ်ပြီး ကျန်တစ်ဝက်လောက်က အချစ်နဲ့ ရမ္မက်ကြောင့် ဖြစ်တတ်လေ့ရှိသည်။

"ဂျွန်ခိုင့်အတွက် မိန်းမဆိုတာ ကစားစရာပဲ၊ ဂျွန်ခိုင့်အတွက် မေရီက အပျင်းပြေ ကစားစရာတစ်ခုပါ အန်ကယ်လ်"

"ဂျွန်ခိုင် ဘာအလုပ်လုပ်လဲ သိလား"

"ဆိုင်ကယ်လ်ပြိုင်တယ်၊ ရတဲ့ပိုက်ဆံနဲ့ မကောင်းတာ အားလုံးလုပ်တယ်"

ဘုရားရေ... ဒီလိုလူတစ်ယောက်ကို တက္ကသိုလ်ပညာသင်နေသော ကလေးမတစ်ယောက်...။

သူ ဆက်မစဉ်းစားပါ။ မိန်းမ မည်သည် မဒုမပေါင်တိုကို မြင်သောအခါ ဘုရားအလောင်းတော် မင်းသားကိုတောင် စွန့်၍ ပေါင်တိုအား ခေါင်းပေါ်တင်ကာ နေရာအနှံ့ တောင်းရမ်း ရှာဖွေကျွေးသော ဘုရားနိပါတ်တော်လာ ဇာတ်လမ်းတောင် ရှိသားပဲ။





ခုခေတ် အချိန်ကာလမှာ တချို့ယောက်ျားလေးတွေ ရှုပ်ရှည်ပြကာ ချမ်းသာဖို့ နည်းလမ်းအသွယ်သွယ် ပေါများနေသည်လည်း မဟုတ်လား။ အတွေ့အကြုံမရှိ၍ ရိုးအ,သော မိန်းကလေးများအတွက်မူ အချစ်ဝတ္ထုဆိုတာ ဖတ်ကောင်းပေမယ့် ဝတ္ထုထဲကလို လှပသော ဇာတ်သိမ်းခန်းဆိုတာ တကယ့်ဘဝမှာ ရှားပါးလှသည်။

"မေရီနဲ့ ဂျွန်ခိုင်ကို တွဲမြင်ရတာ မြင်တိုင်း ကျွန်မ ညီုလွဲ့ရည်ကို အမြဲစိတ်ဆိုးပြီး ပြဿနာရှာခဲ့တယ်"

"ညီုလွဲ့ရည်က ဒုတိယနှစ်မှာ အိမ်ထောင်ပြုတယ်ဆို"

"ဟုတ်ပါတယ်... သူကတော့ လည်တာကိုး။ ဒါကြောင့်လည်း အခုထက်ထိ သဘော်သားကတော်ဘဝနဲ့ အစိုးရရုံးတစ်ခုမှာ အခြေမပျက် နေနိုင်တာပေါ့။ ဒါပေမယ့် သူ့ယောက်ျားသူ့အကြောင်း သိမှာတော့ သေအောင် ကြောက်တယ်၊ အန်ကယ်လ်သွားရင်တောင် သူ အမှန်ကိုပြောမှာ မဟုတ်ဘူး"

"ညီုလွဲ့ရည် အိမ်ထောင်ကျတော့ သူ့ရည်းစားက ပြဿနာမရှာဘူးလား"

"အန်ကယ်လ် သူ လက်ထပ်လိုက်တဲ့သူက သဘော်သားလေ၊ မိန်းမယူပြီး သုံးရက်မှာ သဘော်တက်ရတယ်၊ သုံးနှစ်မှ တစ်ကြိမ်ပြန်လာတာ"

သူ အကြမ်းဖျင်း နားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုသူငယ်ချင်းမျိုးနဲ့ နေမှတော့ မေရီဟာ လူဆိုး တစ်ယောက်နဲ့ ချစ်ကျွမ်းဝင်ဖို့ ဘာခဲယဉ်းမလဲ။

"ဂျွန်နိုင်နဲ့ မေရီ ဘယ်လိုဖြစ်လို့ မေရီ နရီနဲ့ လက် ထပ်ဖြစ်လဲ၊ သိလား"

"မေရီ ကျောင်းပြီးလို့ လက်ထပ်မယ်လို့ ပြောတဲ့နေ့က စပြီး ဂျွန်နိုင်နဲ့ မတွေ့တော့ဘူး၊ ဒါ ကျွန်မ သိသလောက်ပဲ၊ ဂျွန်နိုင့်ကို သူ ရအောင်ပတ်ပြေးတယ်"

"အခု ဂျွန်နိုင် ဘယ်မှာရှိလဲ သိနိုင်လား"

"ကျွန်မ မသိဘူး အန်ကယ်လ်"

"ညိုလဲ့ရည်ရော သိနိုင်လား"

"ကျွန်မ အဲဒါလည်း မသိပါဘူးရှင်"

"ကလေးမဆီမှာ ဂျွန်နိုင့်ဓာတ်ပုံများ ရှိသလား"

"မရှိပါဘူး... ကျွန်မတို့ ဘယ်တော့မှ ဓာတ်ပုံ တွဲမရိုက်ဘူး"

"ဒါဆို... ဂျွန်နိုင့်ပုံစံကို အကြမ်းဖျင်း ပြောပြပါလား"

"အရပ်တော်တော်မြင့်တယ်၊ အသားဖြူပြီး ကိုယ်လုံး ကိုယ်ဟန် တောင့်တင်းတယ်၊ နိုင်ငံခြားရုပ်ရှင်ကားတွေထဲက အက်ရှင်မင်းသားတွေလိုပဲ၊ ဆိုင်ကယ်လ်ကလည်း အမြင့် ကြီးပဲ၊ သူ ဆိုင်ကယ်စီးရင် မျက်မှန်တပ်တယ်၊ နေကာ မျက်မှန် အမည်းရောင်။





"အမြီးတမ်း ဂျင်းဘောင်းဘီ ဝတ်တယ်၊ ရုပ်ရည် တစ်ခုတည်းနဲ့ ကြည့်ပြောရင် ဂျွန်နိုင့်ရုပ်က မိန်းမ တစ်ရာမှာ ကိုးဆယ်လောက်ကျတဲ့ ရုပ်မျိုးပဲ"

"ကျန်တဲ့ ဆယ်ယောက်ကရော"

"အဲဒီ ကျန်တဲ့မိန်းမဆယ်ယောက်က အသိဉာဏ်ရှိတဲ့ မိန်းမတွေမို့လို့ပေါ့ အန်ကယ်လ်"

ခင်နှင်းမှုန် မဆိုးဘူးဟု သူ မှတ်ချက်ချသည်။

ညိုလဲ့ရည် အိမ်လိပ်စာကို ခင်နှင်းမှုန်ထံမှ ရခဲ့သည်။ သူ ဒီနေ့တော့ နားလိုက်တော့မည်။

"ဂျွန်နိုင်" ဆိုသောလူကို တွေ့အောင်ရှာဖို့ သူ ရက် နည်းနည်းယူရဦးမည်။ နရီ့အား ကုသပေးဖူးသော ဆရာဝန် ကြီး၏ အီးမေးလ် လိပ်စာအရ သူ ဆက်သွယ်ကြည့်ရာ ညဘက် ချက်ချင်းပြန်လာသည်။

သူ့ကိုယ်သူ မိတ်ဆက်ပြီး ဖုန်းပြောရန် ချိန်းလိုက်ပြီး နောက်တစ်နေ့ နံနက် ရှစ်နာရီတွင် သူတို့ ဖုန်းပြောဖြစ် ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့အချိန်တွေ ဖြုန်းသလိုဖြစ်တာ အားနာပါတယ် ဗျာ"

"ရပါတယ်ဗျာ... သိချင်တာသာ မေးပါ"

"နရီရောဂါနဲ့ ပတ်သက်လို့ပါ"

"ဟုတ်ကဲ့"

"နရီရောဂါမျိုး... အဲ... အဲသလို စိတ်နှစ်ခွရောဂါရှင်မျိုးဟာ လူသတ်မှု ကျူးလွန်လေ့ ရှိပါသလား ဆရာ"

"ဘယ်လိုပြောရမလဲ ဆိုတော့ စိတ်ဝေဒနာသည်အားလုံးရဲ့ လက္ခဏာမျိုးက တခြားရောဂါသည်တွေလို လက်နဲ့ စမ်းကြည့်လို့ မရဘူးခင်ဗျ၊ မေးခွန်းတွေ မေးရတယ်၊ အချိန်ယူရတယ်၊ အဲသလို စမ်းသပ်ထားတဲ့ ရောဂါနာမည်တွေက တစ်ခုနဲ့ တစ်ခု ဆက်သွယ်နေလေ့ရှိတယ်၊ ဆိုလိုတာက ထိန်းချုပ်ရခက်တဲ့ စိတ်ဝေဒနာ တော်တော်များများဟာ သေကြောင်းကြံတာမျိုး၊ သူများကို သတ်ချင်တာမျိုး





တွေနဲ့ ဆက်စပ်ပါတယ်၊ အတိအကျကြီးတော့ ပြောလို့မရဘူး၊ နရီရောဂါမှာကျတော့ စိတ်အကျနဲ့ အတက် အချိန်နှစ်ချိန်ရှိတယ်၊ စိတ်ကျချိန်မှာ အန္တရာယ်ပိုရှိတတ်တယ်"

"ဘယ်လိုအန္တရာယ်မျိုးလဲ ဆရာ"

"သူ့ကိုယ်သူ အဆုံးစီရင်ပစ်နိုင်တာမျိုးပါ"

"ဒါပေမယ့် အခုအမှုနဲ့ ပတ်သက်နေတဲ့ အနေအထားက..."

"ကျွန်တော် ရောဂါဖြစ်စဉ်ကို ရှင်းပြနေတာပါ၊ ကျွန်တော်အနေနဲ့ ကျွန်တော့်လူနာဟာ လူမသတ်ပါဘူးလို့ အာမခံနေတာ မဟုတ်ပါဘူး၊ ကျွန်တော့်အနေနဲ့ ဒီရောဂါမှာ ဒါဖြစ်တတ်တယ်လို့ အကိုးအကားနဲ့ ရေးထားတဲ့ ဆေးစာအုပ်တွေအတိုင်း ပြောတာမျိုးပါ၊ ဒါနဲ့...ခင်ဗျားဘက်က ဘယ်လိုအဖြေမျိုး မျှော်လင့်ထားလို့လဲ"

သူ ဖြေရမှာ တွေဝေသွားသည်။

သူသည် ထင်ယောင်ထင်မှားဖြစ်နေသော သံသယများနှင့် တွက်ချက်နေရတာ မုန်းလာပြီ။ မကြာခင် ရုံးတင်တော့မည့် အမှုတွင် သူ့ဘက်က ချေပနိုင်စရာ တစ်ဂိုးမှ မရှိသေး။ နရီစိတ်ရောဂါကို သူ့အနေဖြင့် ရှင်းရှင်းလင်းလင်း သိထားရန်လိုအပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ဦးခင်ဇော်... ခင်ဗျားဘက်က Bipolar လူနာမျိုးဟာ လူသတ်မှု ကျူးလွန်နိုင်တယ်လို့ ယုံကြည်ထားတာလား"

"ကျွန်တော်တို့ ရုပ်ရှင်ကားတွေ အများကြီး ကြည့်ဖူးတယ်နော် ဆရာ"

"ခင်ဗျားကြည့်ဖူးတဲ့ ရုပ်ရှင်ကား အားလုံးမှာ ဘယ်နှစ်ယောက်က ပညာရှင်အကူအညီနဲ့ ကောက်ချက်ဆွဲပြီး ရိုက်တဲ့ကားတွေပါလဲ၊ ရုပ်ရှင်ဆိုတာ လူတွေကို ဖျော်ဖြေမှုပေးနေတာဆိုတော့ စိတ်ကူးယဉ်တာကို အခြေခံထားကြတာချည်းပဲ၊ ရုပ်ရှင်တစ်ကားထဲမှာ လူတွေ တစ်ယောက်ပြီး တစ်ယောက် ရက်ရက်စက်စက် အသတ်ခံရတာ ပြမယ်၊ နောက်ဆုံးမှာ လူသတ်သမားဟာ ပရိသတ် မထင်ထားတဲ့ မင်းသား သို့မဟုတ် မင်းသမီး ဖြစ်နေတတ်တယ်၊ အဲဒီ တရားခံကို ဒါရိုက်တာတွေက စိတ်ရောဂါသည်တွေ လုပ်ပစ်တတ်ကြတယ်၊ တကယ်လို့ ခင်ဗျားဟာ အဲဒီလို နလပိန်းတုံး ရုပ်ရှင်ကားတွေကို ယုံကြည်နေတဲ့သူ ဆိုရင်တော့ ကျွန်တော်တို့လို စိတ်ရောဂါ အထူးကုဆရာဝန်တွေကို စော်ကားတာပဲ"

"အဲဒီသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး ဆရာ"





"ရုပ်ရှင်ထဲမှာ လူတစ်ယောက် ဂျူတီကုတ် ဝတ်ပြတာနဲ့ ဒါဟာ ပညာရှင်တစ်ယောက်ပါလို့ ခင်ဗျား ဘယ်လို သက်သေပြမလဲ"

"ကျွန်တော့်အနေနဲ့ ဖြစ်နိုင်တာတွေ စဉ်းစားတဲ့အခါ အားလုံးခြုံပြီး တွေးရပါတယ် ဆရာ"

"စိတ်ဝေဒနာသည်တွေဟာ အစကတည်းက သနားစရာကောင်းပြီးသားပါ ဦးခင်ဇော်၊ သူတို့ဟာ မချုပ်တီးနိုင်ကြဘူး၊ မချုပ်တီးနိုင်တဲ့အတွက် ရက်ရကောင်းမှန်း မသိကြတော့ဘူး၊ လူ့ယဉ်ကျေးမှုဘောင်ထဲက မတရားတာတွေ၊ တရားတာတွေ ဘာမှ မစဉ်းစားနိုင်ကြတော့ဘဲ တိရစ္ဆာန်နဲ့ လူ့ဘုံကြားက ဘုံဘဝတစ်ခုမှာ ရောက်နေတဲ့သူတွေပါ။ သူတို့ထဲက တချို့ဟာ စားရမယ့်အချိန်တောင် မသိဘူး။

"ကျွန်တော် စိတ်ရောဂါအထူးကုဆရာဝန် လုပ်လာတာ နှစ်ပေါင်းသုံးဆယ် ကျော်ပြီ၊ ခုချိန်ထိ ကျွန်တော် အဲဒီဘဝနဲ့ ရပ်တည်နေတာ ပိုက်ဆံရလို့မဟုတ်ဘူး၊ လူ့စိတ်ကို စိတ်ဝင်စားလို့၊ ဝေဒနာသည်တွေကို သနားလို့၊ သူတို့မိသားစုတွေကို ကူညီဖို့၊ လူတွေက အရူးလို့ ခပ်ရိုင်းရိုင်း ဆိုတယ်မဟုတ်လား၊ အရူးတွေ ဘာလို့ရူးသွားရလဲဆိုတာ လူဘယ်နှစ်ယောက် စဉ်းစားဖူးလဲ၊ သူတို့က ဘာလို့ရူးပြီး ကျွန်တော်တို့က ဘာလို့ မရူးသလဲ၊ ဘယ်သူ စဉ်းစားဖူးလဲ။



www.burmeseclassic.com

www.burmeseclassic.com



"နရီဟာ သနားစရာကောင်းအောင် အထီးကျန်ခဲ့ပြီးမှ စိတ်နှစ်ခွ ဝေဒနာကို ခံစားရတာ၊ နရီ ကျွန်တော့်ဆီ ရောက်လာတဲ့အချိန်က စိတ်ကြွနေတဲ့အချိန်"

ရှေ့နေ၏ မျက်လုံးထဲတွင် ဆရာဝန်၏ ပြောသံများသည် ရုပ်မြင်သံကြားကဲ့သို့ မြင်ယောင်လာစေသည်။

နရီသည် တစ်ဦးတည်းသောသားဖြစ်ပြီး မိဘများက စီးပွားရေး လုံးပန်းနေရာ အိမ်ထိန်းနှင့်နေရသည်။ ကလေးဘာဝ တွတ်တီးတွတ်တာ မပြောရ၊ ဆော့လျှင် အိမ်ထိန်းက ရိုက်သည်။ ထို့ကြောင့် ကလေးတန်မဲ့ သက်ရှိအရုပ်တစ်ခုလို ငြိမ်ကုပ်နေရသည်။

အိမ်ထိန်းလက်ထဲက ကြိမ်လုံးကို မိဘထက် ပိုကြောက်သည်။ အိပ်ချိန်တန်၍ မအိပ်လျှင် သူသောက်ရမည့် အားဆေးအစား ဘာမိတွန်များ၊ အိပ်ဆေးများက အားဆေးနေရာ ရောက်လာကြသည်။

နရီစားရမည့် ကြက်ဥနှင့် ဟောလစ်သည် နရီ့ဗိုက်ထဲ ရောက်မလာ။

အဲဒီလို ကလေးဘဝကို ဖြတ်သန်း ကြီးပြင်းလာသော နရီသည် ကျောင်းနေချိန်မှာ အဖော်များနှင့် နေရမှာ ကြောက်လန့်လာသည်။ တစ်ဦးတည်းနေသော နရီ့ကို အနိုင်ကျင့်





မုန့်လုစားတာမျိုး၊ လွယ်အိတ်ထဲပါသမျှ စာရေးစရာ ခဲတံ၊ ခဲဖျက် အကုန် သူများတောင်း၍ ပေးခဲ့ရတာမျိုးက အကြိမ်ကြိမ်၊ နရီသည် အတန်းထဲတွင် အပယ်ခံလို ဖြစ်လာသည်။

စာမေးပွဲတွေ ကျသည်။ စာမေးပွဲကျတာကို စာမကျက်၍ ကျတာဟု မိဘကရိုက်သည်။ အဲသလို ပုံမှန် ကလေးဘဝကနေ သွေဖယ်လာခဲ့သော နရီ့အနေဖြင့် ဆယ်တန်းဖြေအပြီးမှာ စိတ်နှစ်ခွရောဂါ လက္ခဏာများ သိသာစွာ ပြသလာတော့သည်။

စိတ်ဓာတ်ကျဆင်းနေသော နရီသည် လူအားလုံးကို မျက်လုံးသေများနှင့် ငေးကြည့်တတ်သည်။

"ငါဟာ သူတို့လိုအသုံးမကျဘူး၊ ငါဟာ ငါ့ကိုနှိပ်စက်နေတဲ့ အိမ်ထိန်းကို ဘာလို့ ဒီလောက်ကြောက်နေရလဲ၊ ငါ့အမှတ်တွေက သူများတွေလို ဘာကြောင့် အောင်မှတ်မရလဲ"

သူ့မှာ မေးခွန်းပေါင်း သောင်းခြောက်ထောင်ဖြင့် အိပ်မက်ဆိုးတွေထဲ အိပ်စက်နေရသည်။

အိပ်မက်တွေထဲမှာ သူ့နောက် ခွေးနက်ကြီးတွေ လိုက်သည်။ သူ့ကို သူ မသိသောလူများက ရေတွင်းထဲ ကန်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေတွင်းထဲမှာ ကြောက်လန့်၍ ရှုံ့ရှာဖွယ်ရာကောင်းသော မြွေတွေ မြောက်မြားစွာရှိသည်။

သူ့မှာ အိပ်မက်က ဘယ်တော့မှ မပြီးစီးနိုင်။ ကြောက်မက်ဖွယ်ရာ တစ်ဝက်တစ်ပျက် အိပ်မက်များသည် သူမျက်လုံးမှိတ်လိုက်တိုင်း အဆင်သင့်စောင့်နေသည်။

ဤသို့သော အခြေအနေတွင် သူ့ကိုထိန်းသော သူတို့အိမ်ထိန်းသည် သွေးတိုးရောဂါအခံဖြင့် ရုတ်တရက် သေဆုံးသွားသည်။

ထိုအလောင်းကို ပထမဆုံးမြင်သော နရီသည် ခြောက်ခြား တုန်လှုပ်မှုဖြင့် မေ့လဲသွားသည်။

သတိပြန်ရလာပြီးနောက်ပိုင်း နရီမှာ မယ်မယ်ရရ မရှိဘဲ တစ်ယောက်တည်း စကားတွေပြော၍ ရယ်မောတော့သည်။

လူတိုင်းကို မေ့မသွားဘဲ မှတ်မိသည်။ တစ်ခုပဲ... သူပုံမှန်ထက် ပျော်ရွှင်လွန်းနေကာ လူအားလုံးထက် သူ တော်တယ်ဟု ထင်လာသည်။

ကြည့်စမ်း... သူ သိပ်မှန်း၍ သူ့ကို နှိပ်စက်သော သူသည် ခုတော့ ဘာတတ်နိုင်လဲ။

သူသည် သူမုန်းသော လူတစ်ယောက်အား လက်ဖြင့် မသတ်ရဘဲ လွယ်ကူစွာ သူ့နားမှ ဖယ်ထုတ်ပေးသော





ကံတရားအား သူ့ရဲ့ ကြိုးစားအားထုတ်မှုအဖြစ် သတ်မှတ်သည်။

သူ့ကို ပတ်ဝန်းကျင်ရှိ လူအားလုံးက အံ့ဩသောက်အောင် နရီသည် တခြားကမ္ဘာက ရောက်လာသော လူသစ်တစ်ယောက်လို ပြုမူ ပြောဆို ဆက်ဆံတတ်လာသည်။

ကိုယ့်ကိုယ်ကို ယုံကြည်မှုလွန်ကဲသောပုံစံ ဖြစ်လာပြီး မိဘစီးပွားရေးလုပ်ငန်းမှာ နဂိုအနေဖြင့် မလုပ်သင့်တာရော၊ လုပ်သင့်တာရော ဝင်ရောက် စွက်ဖက်လာသည်။ ရွှေအပေါင်ခံသည့်နေရာမှာ မလိုအပ်ဘဲ ငွေကို အများကြီးထုတ်ပေးသည်။ အတိုးပုံမှန်လာမပေးလျှင် သူများအိမ်ရှေ့ ခုနစ်အိမ်ကြားရှစ်အိမ်ကြားလောက်သော အသံဖြင့် သွားအော်တောင်းသည်။

ဒါကို ဖခင်ဖြစ်သူက သည်းမခံချင်တော့ သားအဖနှစ်ယောက် အချေအတင် ဖြစ်ကြသည်။ အဲဒီမှာ နရီ့စိတ်အခြေအနေ ပုံမှန်မဟုတ်တော့မှန်း မိဘတွေ သတိပြုမိခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ကြီးသည် မိမိရှေ့တွင် ရောက်နေသော လူအား ခြေဆုံး ခေါင်းဆုံး အကဲခတ် ကြည့်လိုက်သည်။ ဖြူလွှ၍ အိနေသော အသားတစ်မျိုးကို ချုပ်ထားသော ရုပ်အကျီသည် လူငယ်၏ခန္ဓာကိုယ်တွင် ချပ်ချပ်ရပ်ရပ် ရှိလှသည်။ စတိုင်လ်ဘောင်းဘီရှည်သည် လူတော်တော်များများ ဝတ်လေ့ရှိသော်လည်း ဒီလူငယ်လောက် ကြည့်ကောင်းတာ မရှိဟုတောင် ထင်မိသည်။ လူရွယ်၏ မျက်လုံးများမှာ ဂဏာမငြိမ်။ စောစောက လူရွယ်၏ဖခင် ပြောပုံအရရယ်၊ မြင်တွေ့ရပုံအရရယ် သေချာစစ်ဆေးရဦးမည်။

"ထိုင်ပါဦးကွယ့်"

"ဟုတ်ကဲ့... အန်ကယ်လ်"

အသံက လိုတာထက် ပိုကျယ်သည်။

"မင်းနာမည်ရယ်၊ အသက်ရယ် ဆရာ့ကို ပြောပါဦး"

"ကျွန်တော် မရူးပါဘူး အန်ကယ်လ်၊ ပါးပါးတို့က ကျွန်တော့်ကို ရူးပြီ ထင်နေရုံသက်သက်ပါ"





"ဟုတ်ပါတယ်... အန်ကယ်လ်ကလည်း သားနဲ့ စကားစမြည် ပြောရုံသက်သက်ပါ"

"ကျွန်တော့်နာမည် နရီပါ၊ ရူးတဲ့လူဟာ ကိုယ့် မွေးသက္ကရာဇ်ကို မှတ်မိနိုင်ပါ့မလား အန်ကယ်လ်၊ ကျွန်တော့်ကို ၁၉၇၅ ဖေဖော်ဝါရီလမှာ မွေးတာပါ၊ ကျွန်တော် ၁၉၉၀ က ဆယ်တန်းအောင်ပါတယ်၊ ကျွန်တော့်ခုံနံပါတ်က ၁၂၇၅ ပါ၊ ကျွန်တော် မရူးပါဘူး"

"မင်း မှတ်ဉာဏ် အတော်ကောင်းသားပဲ သားရဲ့"

"ဟာ... အန်ကယ်လ် ကျွန်တော် အဲဒါတောင် ငယ်ငယ်တုန်းက စာမေးပွဲတွေ ခဏခဏကျတယ် သိလား... ဒါကလည်း ကျွန်တော်ညံ့လို့ မဟုတ်ပါဘူး၊ ကျွန်တော်ဖြေတာကို ဆရာမတွေ နားမလည်လို့ပါ၊ ဒါပေမယ့် ကျွန်တော် တက္ကသိုလ်မှာ တင်းနစ်ချန်ပီယံနော်၊ ဒါနဲ့ အန်ကယ်လ် ရှာရာပိုဗာကို သိလား"

"ပြောပါဦးကွယ့်... အဲဒါ ဘယ်သူလဲ"

"အန်ကယ်လ် စာမဖတ်ဘူးထင်တယ်၊ အဲဒါ ရုရှား တင်းနစ်ချန်ပီယံလေ၊ အရမ်းလှတယ်၊ အရမ်းတော်တယ်၊ အခွင့်ရရင် သူနဲ့ တစ်ပွဲလောက် ကစားချင်သေးတယ်၊ ဒါပေမယ့်... သူ သိပ်လှတော့ သူ့ကို အနီးကပ် တစ်ခါ မြင်ရရင်ကို ကျေနပ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား... အဲဒီလောက်ကို လုလား"

လူရွယ်သည် ထိုင်ရာမှထပြီး ခါးကုန်းကာ သူ့နား,နား ကပ်၍ ပြောသည်။ အသံက အကျယ်ကြီး။

"ကျွန်တော် လက်ထပ်ရင် သူ့လိုလှမှ ယူမှာ"

ပြောပြီး ရယ်ကျဲကျဲ လုပ်နေလေသည်။

ဒီလိုလူဟာ စိတ်ရောဂါမရှိဟု အမြင်ပန်းနှင့် ဘယ်လို ကောက်ချက်ချမလဲ။

"ခုတလော မှန်မှန်အိပ်ပျော်ရဲ့လား"

"အိပ်လို့ပျော်တယ် အန်ကယ်လ်"

"အိပ်မက်တွေကော မမက်ဘူးလား"

စိတ်ရောဂါသည်တို့၏ စိတ်ကူး စိတ်သန်း အများစုကို သူတို့အိပ်မက်များမှတစ်ဆင့် ခြေရာကောက်နိုင်ကြသည်။

"ပုံမှန်လူတွေလည်း အိပ်မက် မက်ကြတာပဲမဟုတ်လား အန်ကယ်လ်၊ ကျွန်တော်လည်း သာမန်လူပဲ မက်တာပေါ့ မက်တာမှ အများကြီး၊ အိပ်မက်ထဲမှာ ကျွန်တော်က ဟီးနိုးပဲ၊ ကျွန်တော် ခွေးတွေနဲ့တွေ့တယ်၊ အစွယ်တဖွားဖွားတွေနဲ့ အဲဒီခွေးတွေကို ကျွန်တော် သတ်နေတယ်"

"သတ်နေတယ်... ဘာနဲ့လဲ"

"ဓားနဲ့"





"အဲဒီခွေးတွေ သေလား"

"သေတာပေါ့... နောက်ထပ် လူတွေလည်း ပါသေးတယ်၊ တစ်ခါတလေကျရင် မြွေတွေမက်တယ်၊ ကျွန်တော်က မြွေပါးစပ်ထဲ ရောက်နေတတ်တယ်၊ အသည်းသိပ်ယားစရာ ကောင်းတာပဲ အန်ကယ်လ်၊ နောက်တော့ ကျွန်တော် အသက်ရှူကျပ်လာတယ်"

"အဲဒီလိုဖြစ်ရင် အိပ်မက်က နိုးလာရောလား"

"ဟုတ်ကဲ့... ကျွန်တော် ရှုံးတဲ့အိပ်မက်တွေ မမက်ချင်ဘူး အန်ကယ်လ်၊ ကျွန်တော် အမြဲနိုင်ချင်ပါတယ်"

"ဟုတ်တာပေါ့... ကဲကဲ... ဒီစာရွက်ထဲမှာ သား သိတာလေးတွေ ဖြည့်ပေးပါဦး"

Psycho Test စစ်သော မေးခွန်းများသည် လက်ရှိ ကာလ၊ အချိန်၊ နေ့စွဲ၊ မနေ့က ဘာနဲ့ထမင်းစားလဲ၊ ဒီနေ့ ဘာလုပ်ချင်လဲ၊ ညဘက်အိပ်ရာဝင်တဲ့အခါ အသံကြားရလား စသဖြင့် သာမန်လူတို့ သာမန်ဖြေဆိုနိုင်သော မေးခွန်းများ ဖြစ်သည်။

သာမန်လူ ဖြေလေ့မရှိသော အဖြေမျိုးကို နရီအဖြေများထဲတွင် တွေ့ရတတ်သည်။

အချစ်ဆုံးလူက ဘယ်သူလဲ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အရုပ်ကလေး စူပါမင်းအရုပ်။
ဒါပေမယ့် သူ ချိုးပစ်လို့ ကျိုးသွားတယ်။
မနေ့ညက မက်တဲ့အိပ်မက်...
ကောင်းကောင်းအိပ်တယ်
အတူနေတဲ့ လူတစ်ယောက် သေသွားရင်...
ပျော်တယ်...။

အဲဒီအချိန်တုန်းက သူ သိပ်တက်ကြွနေတယ်၊ သူ့ကို ကြည့်ရတာ စာလည်းသိပ်ဖတ်ပုံရတယ်၊ နိုင်ငံတကာသတင်း အကုန်သိတယ်၊ တစ်ခုပဲ ဘာမဆိုလုပ်နိုင်တယ် ဆိုတာမျိုး၊ ဒါပေမယ့် နောက်နှစ်ရက် ကြာတဲ့အခါမှာ ကျွန်တော် သူ့ကို ပြန်တွေ့တဲ့အခါ...





နရီသည် ဆေးရုံခုတင်ပေါ်တွင် ပက်လက် မှိန်းနေသည်။ လက်မှာ ဒရစ်ပိုက် တန်းလန်း။ ပြီးတော့... လက်ကောက်ဝတ်မှာ ပြန်လည်ချုပ်ထားသော ဒဏ်ရာများ။

"ဘယ်လိုဖြစ်ကြတာလဲဗျာ"

"ကျွန်တော်တို့လည်း ဒီနေ့မနက် သူ့အခန်းထဲက ထွက်မလာလို့ စိတ်ပူပြီး သွားကြည့်တော့ လက်မှာသွေးတွေနဲ့ သူ သတိလစ်နေပြီ၊ ဆေးရုံကိုယူလာတော့ သက်ဆိုင်ရာ ဆရာဝန်တွေက ဒါ မှုခင်းပဲဆိုလို့ ဆရာ့ကို သတိရပြီး ဆက်သွယ်လိုက်တာ"

"သူ့ကို လွန်ခဲ့တဲ့ နှစ်ရက်ကသာ မတွေ့ခဲ့ဘူးဆိုရင် ဒီအဖြစ်မျိုးကို မယုံဘူးလို့ ပြောမှာပဲ၊ နရီဟာ PTSD (Post Traumatic stress disorder) ကို ခံစားနေရတယ်၊ သူ့စိတ်ထဲမှာ သူ့အိမ်တော်ထိန်းကို သိပ်ကြောက်တယ်၊ တစ်ချိန်တည်းမှာပဲ သူ ကြောက်ရတဲ့သူက သူ့အဖော်ဖြစ်နေတော့ သူ ခင်မင်တယ်၊ ကြောက်စိတ်နဲ့ မုန်းစိတ်က အဲဒီ အိမ်ထိန်းကို သေစေချင်တယ်၊ အဖော်မင်တဲ့စိတ်က မသေစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး။ အဲဒီလို စိတ်နှစ်ခွကြားမှာ အိမ်တော်ထိန်း ရုတ်တရက် သေဆုံးသွားတဲ့အခါကျတော့ သူ့မှာ စိတ်ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားတော့တာပဲ၊ သူ အသက် ဆက်မရှင်ချင်တော့ဘူး။ သူ့မှာ အဖော်မရှိတော့ဘူး၊ သူ့မှာ ကြောက်သာကြောက်ရတယ်၊ ဒါ အဖော်သဟဲပဲကိုး၊ သူ့မှာ စိတ်ရောဂါရှိပါတယ်လို့ ကျွန်တော် နာမည်တပ်ပြီး ဆေးရုံ လွှဲပြောင်းယူခဲ့တယ်၊ သူ အကြိမ်ကြိမ် သေကြောင်းကြံခဲ့တယ်၊ သူ့နားမှာ ကျွန်တော်တို့ ဘာပစ္စည်းမှ ထားလို့မရဘူး၊ စိတ်ကျသွားတဲ့အချိန်မှာ သူဟာ အသက်ရှင်နေလို့ ဘာမှမထူးဘူးလို့ အမြဲတမ်း တွေးနေတယ်၊ သူ့စိတ်ထဲမှာ ရှိတာက သူ သေသွားရင် အားလုံးငြိမ်းချမ်းသွားပြီ... အဲဒီလို တွေးတာကို ကျွန်တော်တို့ ဆေးကုလို့မရဘူး၊ သူ့စိတ်ကို ပုံမှန်အနေအထား ရောက်ဖို့ပဲ ကျွန်တော်တို့ ဆေးကျွေးရတယ်"

"သူ ကောင်းသွားတယ် မဟုတ်လား"

"အဲဒီတုန်းက သူ တစ်နှစ်လောက်ဆေးကုပြီး ကောင်းသွားတယ်"

"ဒါဆို ကျွန်တော် မေးချင်တာက သူ အခု ပြန်ဖြစ်နိုင်လား ဆရာ"

"ခင်ဗျား ဘာကိုပြောချင်တာလဲ"





"ကျွန်တော့်အနေနဲ့ နရီက စိတ်ရောဂါရှိပါတယ်လို့ သက်သေပြနိုင်ရင် အမှုအခြေအနေ အများကြီး ပြောင်းလဲသွားနိုင်လို့ပါ"

"ကျွန်တော် လာခဲ့ပေးဖို့ လိုမလား"

"ဟာ... ဒါဆိုရင်တော့ အတိုင်းထက် အလွန်ပါပဲ ဆရာ၊ ကျွန်တော် ရုံးချိန်းတစ်ရက်မှာ ဆရာ သက်သေခံဖို့ အတွက် ဆရာ့ဆီ ထပ်အကြောင်းကြားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ညိုလဲ့ရည်... ဆိုသောနာမည်နှင့် လိုက်ဖက်အောင် မိန်းကလေးသည် အသား ညိုစိမ့်စိမ့်တွင် ခေတ်ရှေ့ပြေးသော အဆင်များဖြင့် ပြင်ဆင်ထားသဖြင့် ညိုချောကလေးဟု ခေါ်နိုင်သည်။

မျက်လုံးများက ဂဏာမငြိမ်။

တစ်ခုခုကို ကောက်ကျစ်စိတ် ဝင်စားမည့် အကျင့်စရိုက်မျိုးရှိသူမဟုတ်။ သူမလက်ထဲမှာ ဝတ္ထုစာအုပ်တစ်အုပ်။ အပစ်၊ အခတ်၊ အညှစ်အသတ်၊ အချစ်အလွမ်း ရောစုံအောင် ရေးရာတွင် အပြာဇာတ်ကွက်များ ပါတတ်သည့် ဂျိန်းစ်ဘွန်း စာအုပ်တစ်အုပ်။

"ကျွန်မဆီ ဦး ဘာကြောင့်လာသလဲ ဆိုတာတော့ သိရပြီ၊ ဒါပေမယ့် ဂျွန်ခိုင့်ကို မတွေ့တာ ကျွန်မတို့ သူငယ်ချင်းတွေ နောက်ဆုံးနှစ် ဖြေအပြီးကတည်းကပဲ၊ အခု သူ ဘယ်မှာရှိလဲဆိုတာ ကျွန်မ ဘယ်လိုသိမလဲ၊ ကျွန်မနဲ့ ဂျွန်ခိုင် အဆက်အသွယ်မရှိဘူး"





"ဂျွန်ခိုင့် အသိထဲက တစ်ယောက်ယောက်နဲ့ရော တကယ်ပဲ အဆက်အသွယ် မရှိဘူးလား"

ညိုလဲ့ရည် မျက်နှာပျက်သွားသည်။

"ဦး ဘာကိုလိုချင်တာလဲ"

"ဦး ဘာမှမလိုချင်ပါဘူး၊ ဦး သိချင်တာ မေရီရဲ့ ဂျွန်ခိုင်အကြောင်းပဲ၊ ကလေးမ ကူညီနိုင်မယ်လို့ ဦး ယုံတယ်၊ အဲဒီလိုမှ မဟုတ်ရင်တော့ ဂျွန်ခိုင့်လိပ်စာ ဦးကို ပေးပါ"

"ခက်ပါလားနော်၊ ဒါနဲ့ ဦးက ရှေ့နေလား၊ စုံထောက်လား"

"ရှေ့နေဆိုတာလည်း စုံထောက်တစ်မျိုးပါပဲ"

"ဒါပေမယ့်... စုံထောက်က တွေ့ရင် တွေ့တာပဲ၊ ရှေ့နေလို ထင်မြင်ချက် မရှိဘူးလေ၊ ဦးက ပယ်ရီမေဆင်လိုလား"

ဦးခင်ဇော် ပခုံးကို ကျုံ့လိုက်သည်။ ညိုလဲ့ရည်မျက်နှာက ခုမှ ပြုံးယောင်သန်းလာကာ...

"ဂျွန်ခိုင့်ကို ဦး မြင်ဖူးလား"

ဟု မေးသည်။

"ခင်နှင်းမှုန် မပြောပြလိုက်ဘူးလား ဦးကို"

"အင်း... သူပြောပြသလောက်တော့ သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဆီမှာ ဓာတ်ပုံရှိတယ်၊ ဂွန်ခိုင်က ဓာတ်ပုံရိုက်ခဲ့တယ်၊ အလှပြမယ့်ဓာတ်ပုံက ရှားရှားပါးပါးလို့ ပြောရမယ်"

လက်ထဲမှ ဝတ္ထုစာအုပ်ကိုချကာ အနားရှိ အလှပြ ဗီရိုအပေါ်ထပ်မှ အယ်လ်ဘမ်တစ်အုပ်ကို ထုတ်၍ သူ့ရှေ့ လာပြသည်။

"ဒါ... ကျွန်မကို ကျောင်းတက်တုန်းက ပုံတွေလေ"

ညိုလဲ့ရည်က သူ့ကို ပြလည်းပြ၊ ဓာတ်ပုံကို လှန်လည်း လှန်ဖြင့် ပုံအများစုက ဒီလိုပဲ တက္ကသိုလ်ကျောင်းသူတို့ သဘာဝ လှအောင်ရိုက်ပြထားသော ပုံမျိုး။ တစ်နေရာမှာ ဆိုင်ကယ်လ် အမြင့်ကြီးနှင့် လူတစ်ယောက်ပုံ။ ဘေးမှာ မေရီ။ မေရီပုံစံက ရက်သလို ပြုံးနေပြီး ဆိုင်ကယ်လ်ဘေးမှာ မတ်တတ်ရပ်နေသည်။ ဆိုင်ကယ်လ်ပေါ်မှာတော့ တီရှပ် အမည်းပေါ်တွင် အင်္ဂလိပ်စာတန်းအဖြူများပါသော အင်္ကျီနှင့် ဂျင်းဘောင်းဘီကို ဝတ်ဆင်ထားပြီး နေကာမျက်မှန် တပ်ထားသည့် သူတစ်ဦး ရှိနေသည်။

နေကာမျက်မှန်တပ်ထား၍ မျက်နှာကို အပြည့်မမြင် နိုင်သော်လည်း လက်တွင်ဝတ်ထားသော ပစ္စည်းတချို့နှင့် လည်ပင်းတွင်ဆွဲထားသော ဆွဲကြိုးပုံစံတို့ကို ကြည့်ခြင်း





အားဖြင့် ခေတ်မီဆန်းပြားစွာ ဝတ်စားဆင်ယင်တတ်သူဟု ခန့်မှန်း၍ရနိုင်သည်။

"ဒီဓာတ်ပုံက ကလေးမဆီမှာ ဘာလို့ရှိနေလဲ"

"မေရီ ပေးထားလို့ပါ"

"မေရီက..."

"ဟုတ်ပါတယ်... မေရီက အိမ်ယူသွားလို့မဖြစ်ဘူးတဲ့၊ သူလည်း တတ်နိုင်သမျှ ဂွန်ခိုင်နဲ့ ပတ်သက်တာကို လျှို့ဝှက် ထားချင်တယ်၊ ဂွန်ခိုင့်လိုလူမျိုးကို လက်မထပ်ဖြစ်မှာ သူ ကြိုသိနေလို့ ထင်ပါတယ်"

"အခု ဂွန်ခိုင် ဘယ်ရောက်နေလဲ"

ဦးခင်ဇော် အငိုက်ဖမ်း၍ မေးသည်။

"ကျွန်မမှ မသိတာ"

"ညိုလဲ့ရည်... ဦးနဲ့ မင်း အခုတွေ့ရတာ ဦးတို့မှာ တွေ့ရဖို့ရေစက်ပါလာပြီးလို့ပဲ၊ ဖြစ်ရမယ့်ကံ ပါလာရင် ဖြစ်တာ ဘုရားဟောခဲ့ပြီးသားပဲ၊ မေရီ သေသွားတာလည်း သေဖို့ကံ ပါလာသလိုပဲ၊ ဒါပေမယ့် ရိုးရိုးတန်းတန်း သေတာမဟုတ် တော့ ဦးတို့မှာ လာပြီးပတ်သက်ရတယ်၊ အဲဒါကို မင်း နားလည်ပေးဖို့လိုမယ်၊ သေသူဟာ မင်းသူငယ်ချင်း ဖြစ်နေလို့ မင်းဆီ ဦး ရောက်လာရတာ၊ ဒါကြောင့် ဂွန်ခိုင်နဲ့ ပတ်သက်ပြီး ဘာမှ ထိမ်ချန်မထားရင် အကောင်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဂျွန်ခိုင်နဲ့ ပတ်သက်သမျှ လူတွေ ဦး လိုက်တွေ့မှာပဲလား"

"တွေ့သင့်တဲ့လူ ဆိုရင်တော့ တွေ့မှာပေါ့"

"ဂျွန်ခိုင်နဲ့ ပတ်သက်တဲ့လူတိုင်း ဦး လိုက်တွေ့ရင် ပိုက်ဆံတွေ ပေါလွှန်းလို့ သုံးမကုန်ဖြစ်နေတဲ့ မိန်းမအိုကြီးတွေ၊ အငယ်အနှောင်းထားပြီး ပစ်မရဖြစ်လို့ စိတ်ဆင်းရဲနေတဲ့ လူအိုကြီးတွေ အတော်များမှာပဲ"

ဒီလောက်စကားစ,ရရင်ပဲ ဂျွန်ခိုင်... ဆိုတဲ့သူဟာ ဂျင်ရစ်စပ်က ခြေလည်ပြီးသားလူဟု သူ တန်းသိသည်။ လူတွေဟာ ဘာလို့မဖြူစင်ကြတာလဲ။ လူတွေဟာ ဘာလို့ ကျိန်စာသင့်နေကြလဲ။

"အဲသလိုလူမျိုးကို မင်းတို့သူငယ်ချင်းနဲ့ ဘာလို့ အတွဲခံခဲ့တာလဲ၊ မင်းတို့ တားခဲ့သင့်တယ် မဟုတ်လား"

ရှေ့နေသည် အတန်ငယ် ဒေါသစွက်သော အသံဖြင့် မေးသည်။

ညိုလဲ့ရည်မှာ ပြုံးသောမျက်နှာတွင် နာကျင်လာသော အရိပ်အယောင် ထင်လာသည်။

"အဲဒါ ကျွန်မတို့ ကျိန်စာသင့်ခဲ့လို့ပေါ့"

"ကျိန်စာ"





"ဟုတ်တယ်လေ... ယောကျ်ား တစ်ယောက်ဟာ လိုအပ်ရင် မိန်းမတစ်ယောက်ရဲ့ ဖျော်ဖြေခံလည်း လုပ်တယ်၊ ယောကျ်ားတစ်ယောက်ရဲ့ အငယ်အနှောင်းတွေကို မြှမ်းခြောက်ပြီး ကြောက်အောင်လုပ်တယ်၊ ဆိုင်ကယ်လ်စီးလည်း ပြိုင်တယ်၊ လူသတ်ဖို့လည်း ဝန်မလေးဘူး၊ လူ့လောကရဲ့ စည်းဘောင်အပြင်မှာ လွတ်ချင်တိုင်း လွတ်နေတယ်၊ ဒီလိုယောကျ်ားမျိုးကို ကျွန်မတို့တွေ ချစ်မိသွားတာ ကျိန်စာသင့်နေလို့ပေါ့၊ ကျွန်မတို့ဟာ သူတို့အပေါ်မှာ အရင်ဘဝတွေက မှားခဲ့ဖူးလိမ့်မယ်၊ အဲဒီအမှားတွေကို ဒီဘဝမှာ ပြန်တာဝန်ယူပေးကြရတယ်၊ မေရီက ဂျွန်ခိုင့်ကို၊ ကျွန်မက သူ့ကို..."

ညိုလဲ့ရည်သည် ပြောနေရာမှ အသံတိမ်ဝင်သွားသည်။ တယောသံ အနိမ့်အမြင့်နှင့် ဆင်တူသော မိန်းကလေး၏ ခံစားချက်သည် ရှေ့နေထံသို့ ကူးစက်လာသည်။

မိန်းကလေးသည် အသံမထွက်ဘဲ မျက်ရည်ကျလေသည်။ သူတို့ရှေ့မှာ တစ်ရှူးဘူးအနီ ရှိနေသည်။ တစ်ရှူးတစ်ရွက် ထုတ်ယူပြီး မိန်းကလေးထံ ကမ်းပေးလိုက်သည်။

"မေရီကမှ ဝင့်ကျွတ်သွားသေးတယ်၊ ကျွန်မမှာတော့ အခုချိန်ထိ ဝဋ်မကျွတ်ဘူး၊ အကြောင်းသိတဲ့လူတွေက ကျွန်မကို မျောက်မထားတယ်လို့ စွပ်စွဲကြတယ်၊ ရိုးသားတဲ့ ယောကျ်ားကို သစ္စာဖောက်တဲ့ မိန်းမလို့လည်း ပြောကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောတာ မမှားပါဘူး၊ ကျွန်မမှ ဒီနွံထဲက မထွက်နိုင်တာ၊ ကျွန်မ ဘယ်လောက်ပြေးပြေး သူ့လက်ထဲက မလွတ်နိုင်ဘူး၊ သူတို့နှစ်ယောက်ဟာ ပုံစံတူပဲ၊ သူ့လိုပဲ ဂျွန်နိုင်လည်း အတူတူပဲ၊ ကျွန်မနဲ့ မေရီ့ကို ဒီကျိန်စာထဲက လွတ်အောင် ကူမယ့်လူလည်း မရှိဘူး"

"မင်းဆီကို သူ ဘယ်အချိန်တွေ လာတတ်လဲ"

"လာချင်တဲ့အချိန် လာတယ်၊ သူလိုချင်တာ ရပြီးရင် ကျွန်မကို ရိုက်တယ်၊ ပြီးရင် သူ ပြန်သွားရော"

ရှေ့နေမှာ ကြားသမျှကို အံ့သြနေသည်၊ ဒီလိုလူမျိုးတွေ တကယ်ရှိနေတာပါလား။

"သူကတော့ ချစ်လွန်းလို့ ကျွန်မကို မပြတ်နိုင်တာပါလို့ ပြောတာပဲ၊ တကယ်က ကျွန်မကို နှိပ်စက်ရတာ သူ သာယာနေတာ၊ ကျွန်မအမျိုးသားကလည်း လူတွေထင်သလို မတုံးပါဘူး၊ သူ့မှာ သားကြီးမယားကြီး ရှိသားပဲ၊ ကျွန်မလို မိန်းမကို လူရှေ့သူရှေ့တွဲဖို့ ယူထားတာမဟုတ်ဘူး၊ ဒါကို ကျွန်မ လက်ထပ်ပြီးမှ သိရတာ၊ မေရီကတော့ ဂျွန်နိုင့် လက်ထဲက ရအောင်ပြေးဖို့ ဆုံးဖြတ်ပြီးမှ လက်ထပ်တာ၊ ကျွန်မလည်း မေရီ့လိုသေသွားရင် သိပ်ကောင်းမှာပဲ၊ သူတို့ သူငယ်ချင်း နှစ်ယောက်က ကျွန်မတို့ကို မသေမချင်း ညှဉ်းပန်းနှိပ်စက်ပြီး သတ်နေတာ"





"သူလာရင် တစ်ယောက်တည်းလာလား"

"ဟုတ်တယ်… ဂျွန်နိုင့်ကိုမေးတော့ ပျောက်နေတယ်လို့ ပြောတယ်၊ မေရီ့လက်ထပ်ပွဲကို ချောချောမောမော ပြီးသွားမယ်လို့တောင် ကျွန်မ မထင်ဘူး၊ တစ်နည်းမဟုတ်တစ်နည်းနဲ့ မင်္ဂလာပွဲကို လာဖျက်ဆီးမှာပဲလို့ ထင်တယ်၊ ဒါပေမယ့် ဂျွန်နိုင် ရောက်မလာခဲ့ဘူး၊ မေရီတို့ ကိုးကွယ်တဲ့ ဘုရားသခင်က စောင့်ရှောက်တာ ဖြစ်ပါလိမ့်မယ်"

ရှေ့နေအတွက် ဂျွန်နိုင်သည် ကြီးမားသော သဲလွန်စတစ်ခုအဖြစ် ရောက်ရှိနေပေသည်။ ဂျွန်နိုင့်ကို တွေ့ဖို့ရာ ညိုလဲ့ရည်၏လူကို တွေ့မှဖြစ်မည်။ သို့ရာတွင် လာချင်တဲ့အချိန်လာသော လူ၊ အမှောင်လောကထဲမှ လူကို တွေ့ဖို့ရာ သူ့မှာ အချိန်ဘယ်လောက်ပေးရမည်နည်း။ ထိုလူကရော သူ့ကို အတွေ့ခံပါမည်လား။ အတွေ့ခံလျှင်တောင် သူလိုချင်တာ သိရဖို့ မေးမြန်းဖို့ရာ အဆင်မပြေလောက်။ အမှောင်ထဲမှာနေသော လူသည် အလင်းထဲထွက်လာပါ့မလား။ တရားရုံးမှာ သက်သေလာခံနိုင်ပါ့မလား။

"ကဲ… ဦး ပြန်ဦးမယ် ညိုလဲ့ရည်၊ သွားစရာရှိသေးလို့"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘုရားရှိခိုးကျောင်းထဲသို့ ရောက်လာချိန်သည် တိုက်တိုက်ဆိုင်ဆိုင် မင်္ဂလာပွဲတစ်ပွဲ ကျင်းပနေချိန်ဖြစ်သည်။

သတို့သမီးလေးသည် ဖြူလွှသော ဂါဝန်အရှည်ကြီးကို ဝတ်ဆင်ထားပြီး လက်ထဲတွင် နှင်းဆီပန်းအဝါသက်သက်ဖြင့် ပြုလုပ်သော ပန်းစည်းကို ကိုင်ထားသည်။

ညှော်ပရိသတ် ငါးဆယ်ခန့်သာရှိ၍ အကျဉ်းချုံး ပြုလုပ်သော မင်္ဂလာဆောင်ဖြစ်မှန်း သိနိုင်သည်။ သတို့သားနှင့် သတို့သမီးအား တစ်ယောက်ကိုတစ်ယောက် သက်ဆုံးတိုင် ပေါင်းသင်းပါမည့်အကြောင်း မေးမြန်းနေသော ဖာသာသည် ရွှေကိုင်းမျက်မှန် အဝါရောင်ကို တပ်ထားသည်။

သတို့သားနှင့် သတို့သမီးက မင်္ဂလာကတိမှန့်ကို ဓား တစ်ချောင်းတည်း အတူကိုင်၍ လှီးချိန်တွင် လက်ခုပ်သံများ ထွက်လာသည်။

ထို့နောက် မင်္ဂလာပွဲ၏ ထုံးစံအတိုင်း နှစ်ဖက်မိဘ ဆွေမျိုးများ၊ မိတ်ဆွေများနှင့် ဓာတ်ပုံတွဲရိုက်၊ ညှော်ခံကျွေးမွေး ကြသည်။





ဖာသာနှင့် နှစ်ယောက်တည်း ဆုံရသည့်အခါ ဖာသာ က အရင်စကားစ,ပြောသည်။

"လူသားတွေ တစ်ဦးနဲ့တစ်ဦး မေတ္တာထားဖို့ ဘုရား သခင်က ညွှန်ပြခဲ့တာပဲ၊ တစ်ဦးကိုတစ်ဦး သတ်ဖြတ်ဖို့ ဖြစ်လာတာတော့ မကောင်းဘူးပေါ့၊ ဖာသာသိတဲ့ နရီဟာ အင်မတန်အေးဆေးပါတယ်၊ မေရီလည်း အတူတူပဲ၊ သူတို့ ကို လက်ထပ်ပေးရတဲ့အတွက် ဖာသာ ဝမ်းသာခဲ့တယ်၊ သိပ်မကြာဘူး သူတို့သတင်းဆိုးကို ကြားရတယ်၊ တကယ် ဖြစ်ခဲ့တာ ဟုတ်သည်ပဲဖြစ်စေ၊ မဟုတ်သည်ဘဲဖြစ်စေ မေရီ ကိုလည်း မသေစေချင်ဘူး၊ နရီကိုလည်း လူသတ်သမား မဖြစ်စေချင်ဘူး။ သူတို့မင်္ဂလာပွဲတုန်းကလည်း သူတို့ လျှောက် ရမယ့် ခရီးလမ်း ရှည်လျား ချောမွေ့ပါစေလို့ ဖာသာ ဘုရား သခင်ဆီမှာ ဆုတောင်းပေးခဲ့တယ်၊ ဒီဆုတောင်းမပြည့်ဘူးပေါ့"

ဖာသာ ရှေ့သို့ ညို့လှဲ့ရည်ဆီက ရသောဓာတ်ပုံကို ထုတ်ပြသည်။

"ဒီလူကို သူတို့မင်္ဂလာပွဲမှာ တွေ့များတွေ့လိုက်သေး လား ဖာသာ"

"အင်း… သူတို့မင်္ဂလာပွဲက လူနှစ်ဆယ်ပဲ ရှိတယ်၊ ဟိုဘက်ဒီဘက် မိဘဆွေမျိုး အနည်းအကျဉ်းပဲ ဖိတ်တယ်၊ ဒီလူမျိုးက မှတ်မိလွယ်ပါတယ်၊ မလာတာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဘာလို့ လူနှစ်ခုယ်ပဲ ဖိတ်တာ့လဲ၊ ဖာသာ သိလား... မင်္ဂလာပွဲဆိုတာ ခမ်းခမ်းနားနားရှိမှ..."

"ဖာသာတို့ ခရစ်ယာန်ဘာသာမှာ မင်္ဂလာဆောင် ဆိုတာ ခမ်းနားဖို့ထက် သတို့သမီး သတို့သား တစ်ယောက် ကို တစ်ယောက် အမှန်တကယ် လက်ထပ်ချင်ဖို့ပဲ လိုပါတယ်"

"ဒါပေမယ့် မေရီတို့က မိဘသဘောတူလို့လား"

"ဘုရားသခင်ရှေ့မှာ သူတို့နှစ်ယောက် မေတ္တာရှိလို့ သာ သစ္စာနဲ့ကြတာပေါ့၊ ဘုရားသခင်ကို လိမ်လို့မရဘူးလေ"

သူ စိတ်ခါတ်ကျလာသည်။ စကားပြောရတာ လိုရင်း ကို မရောက်။

"မင်္ဂလာပွဲမှာ သူတို့နှစ်ယောက် အခု မင်္ဂလာဆောင်တဲ့ သတို့သား သတို့သမီး စုံတွဲလိုပဲ ပျော်ခဲ့ကြလား ဖာသာ"

"အင်း... ဘယ်လိုပြောရမလဲ၊ သူတို့မင်္ဂလာပွဲလေးက တိတ်တိတ်ဆိတ်ဆိတ်နဲ့ပဲ ပြီးသွားတယ်၊ သတို့သမီး အမေ ကတော့ ဝမ်းသာလို့ဆိုပြီး ငိုတယ်"

"ဖာသာရဲ့တန်ဖိုးရှိတဲ့ အချိန်တွေကို ဖြုန်းမိတာ အားနာ ပါတယ် ဖာသာ၊ ကျွန်တော် သိချင်တာ သိပြီမို့ ပြန်ခွင့် ပြုပါဦး"

ဘုရားရှိခိုးကျောင်းမှ အပြန်လမ်းတွင် ညိုလှဲ့ရည်ဆီ လှျပ်တစ်ပြက် ဝင်ရောက်ရန် အကြံရသည်။





ညိုလှဲ့ရည် အိမ်ရှေ့နားအရောက်တွင် သူ့ကို မြင်ဟန် မတူသော ညိုလှဲ့ရည်နှင့် လူတစ်ယောက်သည် ဆိုင်ကယ်လ် တစ်စီးပေါ်သို့တက်ကာ တစ်နေရာသို့သွားဟန်ရှိသည်။ ထိုသူ သည် ညိုလှဲ့ရည် အမျိုးသား မဖြစ်နိုင်။ သဘော်တက်သွား သော လူတစ်ယောက်သည် ချက်ချင်းကြီး ပြန်မလာနိုင်။

ဆိုင်ကယ်လ်နောက်သို့ သူ့ကားဖြင့် လိုက်ခဲ့သည်။ ဆိုင်ကယ်လ်သည် လူရှင်းသောတစ်နေရာတွင် လမ်းဘေး ထိုးရပ်လိုက်သဖြင့် သူလည်း ကားကို လမ်းဘေးတွင် ကပ်ရပ်ထားရသည်။

ညိုလှဲ့ရည်မှာ ဆိုင်ကယ်ပေါ်မှဆင်း၍ ထိုသူ့နံဘေး တွင် ရပ်နေသည်။ ဟိုလူကား ဆိုင်ကယ်လ်ပေါ်မှ မဆင်း။ သူတို့နှစ်ဦး ကြည့်ရတာ အဆင်ပြေပုံမပေါ်။ ညိုလှဲ့ရည်၏ လက်တစ်ဖက် မြှောက်တက်လာသည်။ ထိုလူက ထိုမြှောက် တက်လာသော လက်ကို လက်ကောက်ဝတ်မှ ဆီး၍ဖမ်းထား သည်။ ပြီးတော့ ခေါင့်တွန်းလိုက်ရာ ညိုလှဲ့ရည်မှာ ဖင်ထိုင် လျက် လဲကျလေသည်။

ညိုလှဲ့ရည်ကို ထား၍ ထိုလူ ထွက်သွားရာ သူ့မှာ ညိုလှဲ့ရည် မမြင်အောင် ဆိုင်ကယ်လ်သမားနောက်သို့ လိုက် ခဲ့တော့သည်။ တစ်နာရီကျော်အောင် မောင်းပြီးသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ထိုလူနှင့် သူသည် လူသူကင်းပြတ်သော မြို့အပြင်သို့ ရောက်လာသည်။ ပင်မကားလမ်းပေါ်မှ မဟုတ်ဘဲ လမ်းချိုးကွေ့တစ်ခုသို့ ဆိုင်ကယ်လ် ကွေ့ဝင်သွားသောအခါ သူလည်းကားကို ရပ်ပစ်ခဲ့ရသည်။ ဆိုင်ကယ်လ်သံကိုပင် မကြားရတော့။ ဆိုင်ကယ်လ်လည်း သူ့မြင်ကွင်းထဲက ပျောက်သွားပြီ။

စမ်းတဝါးဝါးဖြင့် လမ်းအတိုင်း လျှောက်လာရာ နာရီဝက်ခန့် အကြာတွင် သစ်သားအိမ် အကြီးကြီးကို ခြံဝင်းတံခါး ခတ်လျက်သား ဘွားခနဲတွေ့မြင်လိုက်ရသည်။ ခြံတံခါးကို ခတ်ထားသော သော့ခလောက်သည်ပင် သံချေးတက်နေပြီ။

အိမ်ကို နီညိုရောင်ဆေး သုတ်ထားသည်။ ညှိုးမှိုင်းသော ကောင်းကင်အရောင်၏ အောက်တွင် လူသူနှင့်ကင်းဝေးသည့် ဒီလိုနေရာမျိုးမှာ အိမ်ကြီးတစ်ဆောင်ကို တွေ့ရခြင်းသည် တစ္ဆေအိမ်ကို တွေ့ရခြင်းမျိုးနှင့် တူနေသည်။ သို့ရာတွင် သူက တစ္ဆေကို အယုံအကြည်မရှိ။

သော့ခလောက်ကို သူ လှုပ်ခါကြည့်သောအခါ ပြုတ်ထွက်သွားသည်။ အိမ်ကို ကြည့်ရသည်မှာ လူမနေသလိုမျိုးဘဲ။ သော့ခလောက် ပြုတ်သွားသောခြံတံခါးကို တွန်းဖွင့်၍ ခြံတွင်းသို့ ဝင်ခဲ့သည်။ ခြံတံခါး၏ ဆီမထည့်သောအသံ





သည် တကျွီကျွီ မြည်လျက်ရှိပြီး ခြောက်ခြားစရာ ကောင်းသည်။

အိမ်နှင့် ခြံတံခါးသည်ပင် ပေငါးဆယ်ခန့် ကွာဝေးသေးသည်။

အိမ်ဆီသို့ သူ ဖြည်းညင်းစွာ လျှောက်သွားသည်။ သူ့ခြေသံမှတစ်ပါး အခြားသံ မရှိ။ ဝန်းကျင်သည် ပကတိတိတ်ဆိတ်နေသည်။ အန္တရာယ် တစ်စုံတစ်ရာ မကြာမီ ကျရောက်လာမည့် ပုံစံမျိုးလိုပဲ။

ထိုအန္တရာယ်သည် အနံ့တစ်မျိုးကို သယ်ဆောင်လာသည်ဟု သူထင်သည်။ ရုတ်တရက် သူ့ဦးခေါင်း နောက်ဘက်တွင် ပူထူသွားသည်။ အိမ်ကြီး၏ မျက်နှာစာသည် အရိုးခေါင်းတစ်ခု၏ မျက်နှာလို သူ မြင်ရသည်။ ထို့နောက် သူ့အမြင်အားလုံး မှောင်မိုက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျောပေးထား၍ ရပ်နေသောလူ၏ အရပ်အမြင့်သည် ခြောက်ပေနီးပါးခန့် ရှိသည်။ ကိုယ်လုံးကိုယ်ထည် တောင့်တင်း၍ သားရေဂျာကင် အနက်ရောင်၊ ဂျင်းဘောင်းဘီ ကောင်းကင်ပြာရောင် ဝတ်ဆင်ထားသည်။

သူ့ဘက်သို့ မျက်နှာ လှည့်လိုက်သောအခါ ဒဏ်ရာဟောင်း ဖြစ်ပုံရသည့် အမာရွတ်များက ထိုသူ၏မျက်နှာတွင် ပြည့်နေသည်။

"ခင်ဗျား ဘယ်သူလဲ"

အသံကို နားထောင် ကြည့်ရသလောက် လူငယ်အသံမျိုး။ အသက် သုံးဆယ်မှ လေးဆယ်ကြားပဲ ရှိဦးမည်ထင်သည်။

"မင်းကရော ဘယ်သူလဲ"

"ကျွန်တော် ဘယ်သူဆိုတာ အရေးမကြီးပါဘူး၊ ခင်ဗျား ဘယ်သူလဲ ဆိုတာကသာ အရေးကြီးတာ"

"မင်းက ဂျွန်နိုင်လား"





"ဂျွန်နိုင်... ခင်ဗျား ဂျွန်နိုင့်ကိုလိုက်ရှာနေတဲ့ ရှေ့နေဆိုတာလား"

"ညီလေးရည့် မင်းကို ပြောမပြဘူးလား"

"ဒီမိန်းမပြောသမျှ ကျွန်တော်က တစ်ခုမှ မယုံတော့တာ၊ သူ လက်ထပ်ပြီးကတည်းကပဲ၊ မိန်းမတွေက ယုံရတာ မဟုတ်ပါဘူး၊ ဒါနဲ့... ခင်ဗျား ကျွန်တော့်နောက်လိုက်လာတာ ဂျွန်နိုင်နဲ့ တွေ့မယ်ထင်လို့လား"

"ကြည့်ရတာ မင်းလည်း ဂျွန်နိုင် ဘယ်မှာရှိမှန်း သိပုံမရဘူးထင်တယ်"

"ခင်ဗျား တော်သားပဲ... ကျွန်တော် ဂျွန်နိုင့်ကို လိုက်ရှာနေတာ နှစ်နှစ်ရှိပြီ၊ ဂျွန်နိုင် ပျောက်သွားတာ နှစ်နှစ်ရှိပြီ၊ လွန်ခဲ့တဲ့ နှစ်နှစ်တုန်းက မေရီနဲ့ ဂျွန်နိုင်က အတွဲပဲ၊ အခုတော့ မေရီလည်း သေပြီ၊ သူ့ယောက်ျားက ထောင်ထဲမှာ၊ ဂျွန်နိုင်က ပျောက်နေတယ်"

"ဒီနေရာကို ဂျွန်နိုင် လာတတ်လား"

"ဒါ သူ့အိမ်ပဲ၊ သူ ဘယ်ပျောက်သွားသွား ဒီနေရာကိုတော့ တစ်လတစ်ခေါက် အမြဲပြန်လာတတ်တယ်"

"ဒီအိမ်ကို မေရီ ရောက်ဖူးလား"

"ရောက်ဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့နှစ်ယောက်အကြောင်း မင်း အတော်သိပုံရတယ်"

"သိဆို ညိုလှဲ့ရည်ဆီ ကျွန်တော်သွားရင်းနဲ့ သူတို့ သိကြတာ၊ ဂျွန်နီဂင်က မေရီ့ကို တော်တော်လေး အရူးအမူး ချစ်တာ၊ သူနဲ့ ကျွန်တော်က သုံးနှစ်သားကတည်းက မိဘမဲ့ ကျောင်းမှာ တစ်ခန်းတည်း အတူနေရတာ၊ ဆယ့်ငါးနှစ်သား မှာ ကျွန်တော်တို့ အတူ အဲဒီကထွက်ပြေးကြတယ်"

"မင်းတို့ လမ်းပေါ်မှာ ကြီးလာကြတာလား"

"ဟုတ်တယ်… နေရာတိုင်းမှာ ကျွန်တော်တို့အတွက် အိပ်စရာရှိတယ်၊ စားစရာရှိတယ်၊ အလုပ်ရှိတယ်၊ ကောင်းတဲ့ အလုပ်တွေတော့ မဟုတ်ဘူးပေါ့၊ အသက်ရှင်ဖို့အတွက် ကျွန်တော်တို့ ဘာမဆို လုပ်ခဲ့ကြတယ်၊ ဒါပေမယ့် ကျွန်တော် တို့ ပျော်ခဲ့သားပဲ၊ ကျွန်တော်တို့ချစ်တဲ့ မိန်းမတွေနဲ့ မတွေ့ခင် အထိပေါ့၊ ခင်ဗျား ယုံလား… ယောကျ်ားတွေကို ဖျက်ဆီး တာ မိန်းမ ဆိုတာလေ…"

"…………………"

"ခင်ဗျားက မကြုံဘူးတော့ ယုံမှာမဟုတ်ဘူး၊ ကျွန်တော် နဲ့ ဂျွန်နီဂင်က အချုပ်အနှောင်တွေ၊ စည်းကမ်းတွေနဲ့ ကြီးခဲ့ တာ မဟုတ်တော့ အကောင်းစားလို့ လူတွေပြောတဲ့ ယောကျ်ား





မျိုး မဟုတ်ခဲ့ဘူး၊ ကျွန်တော်တို့ စာမသင်ခဲ့ရဘူး၊ ကျွန်တော် တို့မှာ မိဘ မရှိဘူး၊ ကျွန်တော်တို့မှာ အလုပ်ကြမ်း လုပ်နိုင် တဲ့ ဒီခန္ဓာကိုယ်ပဲ ရှိတယ်၊ အဲဒီတစ်ချက်တည်းနဲ့ ကျွန်တော် တို့ကို အားကိုးဖို့ သူတို့ မယုံဘူး၊ ကျွန်တော်တို့ကို သူတို့က အပျော်တွဲခဲ့တာ၊ လူရှေ့ သူရှေ့ တင့်တယ်တဲ့ ယောကျ်ားမျိုး လို့ သူတို့မယူဆဘူး၊ ကျွန်တော်တို့နှစ်ယောက်လုံးကို သူတို့က ကလေး ကစားစရာတွေလို သဘောထားခဲ့တာ၊ ညိုလှဲ့ရည် ရော မေရီပါ မျဉ်းတစ်ကြောင်းတည်းပေါ်မှာရှိတဲ့ မိန်းမမျိုး တွေပဲ၊ ခင်ဗျား သိလား… သူတို့ကိုသတ်ပစ်ဖို့ ကျွန်တော်တို့ စိတ်ကူးခဲ့ဖူးတယ်၊ အသက်ရှင်နေဖို့ကောင်းတဲ့ မိန်းမတွေ မဟုတ်ဘူး၊ ကျွန်တော့်မျက်နှာကို တွေ့လား"

ပြောနေရင်းမှ ဖြူန်းခနဲ သူ့အနား တိုးကပ်၍ပြသော မျက်နှာသည် ကြောက်မက်ဖွယ်ရာ အမာရွတ်များဖြင့် ပြည့် နေသည်။

"ဒီအမာရွတ်တွေ ဘယ်လိုရလာလဲ မသိချင်ဘူးလား"

"…………………"

"ဒါ ဆီပူလောင်လို့ ရလာတာ၊ ရိုးရိုးဆီပူလောင်တာ မဟုတ်ဘူး၊ ကျွန်တော်ချစ်တဲ့ မိန်းမက သူနဲ့ တခြား တစ် ယောက် လက်ထပ်တာ ကျွန်တော် ပြဿနာရှာမှာစိုးလို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို အပျောက်ရှင်းဖို့ ကြိုးစားရင်း ရခဲ့တဲ့ဒဏ်ရာတွေလေ၊ သူ ကျွန်တော့်ကို သေစေချင်ပေမယ့် ကံကောင်းစွာပဲ ကျွန်တော်က မသေဘူး"

ရွှေနေကြီးသည် သူ့ရှေ့ ရောက်နေသော လူကို မတွေ့ရခင်က အင်မတန် ဆိုးပေ မိုက်မဲ ယုတ်ကန်းသူတစ်ယောက်ဟု ထင်ခဲ့မိသည်။ မေရီနှင့် ပတ်သက်သော ဝွန်နိုင့်ကိုလည်း ဒီလိုလူစားပဲဟု သတ်မှတ်ခဲ့သည်။

တကယ်တော့ သူတို့အားလုံးသည် ကိုယ့်ကိုနှိုက်စာ ကိုယ်ပြန်စုံနေကြသူများ ဖြစ်သည်။

"ခင်ဗျားအတွက်တော့ ကျွန်တော့်အကြောင်းဟာ ရယ်စရာဖြစ်ကောင်း ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားက ရွှေနေ မဟုတ်လား၊ ဂုဏ်သိက္ခာရှိတော့ ခင်ဗျားမှာ အင်မတန် ချစ်စရာကောင်းတဲ့ ဇနီးလည်းရှိမှာပဲ၊ ပျော်စရာအိမ်ထောင်ရေးပဲ ခင်ဗျား ရမှာပဲ၊ လောကကြီးက အဲသလို တစ်ဖက်စောင်းနင်း အမြဲဖြစ်နေတာပဲ"

"မဟုတ်ပါဘူး... ဦးလည်း မောင်ရင်ထင်သလို ပျော်စရာ သိပ်ကောင်းတဲ့ဘဝမှာ အသက်ရှင်နေရတာ မဟုတ်ဘူး။ ဦးက ရွှေနေဆိုတော့ အမှုသည်အတွက် တာဝန်ယူပေးရတယ်၊ အမှုသည်ရဲ့ ဘဝတစ်ခုလုံးကို ဖောက်ထိုးဆွဲချပစ်နိုင်တဲ့ အချက်အလက်တွေ အားလုံးကို လိုက်ရှာရတယ်၊ စုဆောင်းရတယ်၊ ဒါမှ ကိုယ့်အမှုသည်ကို ကာကွယ်နိုင်မှာပေါ့"

"ဒါပေမယ့် ခင်ဗျား ငွေရတယ် မဟုတ်လား၊ ငွေသာ မရရင် ခင်ဗျား ဒီလိုစိတ်ရှုပ်ဘယ်ခံပါ့မလဲ"

"ဒါ မောင်ရင့်အမြင်ပဲ၊ ဦးဘက်ကတော့ အမှုတစ်ခုဆီတိုင်းကို ဦးရဲ့ ဘဝအစိတ်အပိုင်းတစ်ခုဆီလို့ သဘောထားတယ်၊ အမှုတစ်ခုဆီမှာ အစွမ်းကုန်ကြိုးစားရင်း ဦးရဲ့ဘဝလည်း ရှေ့ဆက်ရတယ်၊ အမှုတစ်ခုဆီတိုင်းဟာ အမှုသည်ရဲ့ ဘဝဖြစ်သလို ရှေ့နေရဲ့အသက် ဖြစ်နိုင်တာပဲ၊ အခု ဒီအမှုမှာ ဦးရဲ့အမှုသည်ဟာ ကိုယ့်ဇနီး ကိုယ်ပြန်သတ်တဲ့ ပုဒ်မနဲ့ အစွဲခံနေရတယ်"

"မဖြစ်နိုင်ဘူးလို့ ခင်ဗျား ထင်လို့လား၊ မိန်းမတွေဟာ အမြဲသစ္စာဖောက်နေတာပဲ၊ သစ္စာဖောက်လို့ ရတဲ့အပြစ်ဒဏ်ကို ဘယ်သူက လျှောက်လဲလို့ ရမှာလဲ"

"ဒါက လူမှုရေးအပိုင်းလေ၊ မေရီ့မှာ ချစ်သူရှိတယ်၊ လက်ထပ်တော့ တခြားတစ်ယောက်ကို၊ ဒါ သိပ်ထူးဆန်းတဲ့ ကိစ္စမဟုတ်ပါဘူး၊ လူတိုင်းမှာ ချစ်တိုင်းညားတဲ့ကံ မပါလာကြဘူး၊ ဒီမပါလာတဲ့ကံကို သစ္စာဖောက်တယ်လို့ စွပ်စွဲပြီး







www.burmeseclassic.com

www.burmeseclassic.com



မရဘူး၊ ကိစ္စတိုင်းမှာ ကျိုးကြောင်း ဆင်ခြင်မှုဆိုတာရှိတယ်၊ မေရီဟာ နရီ့ကို ငြင်းလို့မရတဲ့ အနေအထားတွေကြောင့် လက်ထပ်ခဲ့ရတာ အားလုံးသိနေတာပဲ၊ ဒါကိုမှ အပြစ်တင်မယ်ဆိုလည်း မတတ်နိုင်ဘူးပေါ့"

"ဂျွန်နီဂိုင့်ကို လက်မထပ်နိုင်ရင် ဘာလို့ ချစ်ခဲ့သေးလဲ၊ ကျွန်တော်တို့က အရုပ်တွေမဟုတ်ဘူး၊ ညှိုလွဲ့ရည်ဆိုတဲ့ ကျွန်တော့်ကို အပျောက်ရှင်းဖို့တောင် လုပ်သေးတာ၊ မေရီလည်း…"

စကားစ,ကို ထိုလူရွှယ် ရပ်တန့်ပစ်လိုက်သည်။ သူတို့နှစ်ဦး အကြည့်ချင်း ဆုံကြသည်။

"မောင်ရင့်အနေနဲ့ ဂျွန်နီဂို ဘယ်မှာရှိလဲဆိုတာ လုံးဝ မခန့်မှန်းနိုင်ဘူးလား"

"ကျွန်တော်တို့ ရှာရလိမ့်မယ်"





အိမ်သည် နှစ်နှစ်ကြာ ပစ်ထားခဲ့ပြီးဖြစ်ရာ အတော်ကြီး အထဲတွင် ယိုယွင်းနေပေသည်။ အိမ်ထောင်ပရိဘောဂ အစုံအလင် ရှိသော်လည်း ပျက်စီး ဖုန်တက်နေပေပြီ။ အပေါ်ထပ်တွင် အခန်းတစ်ခန်းသာရှိပြီး တံခါးသော့ ခတ်ထားလေသည်။

အပေါ်ထပ်ရှိ နေရာအားလုံးသည် ဖုန်အနံ့တက်နေသည်။ တံခါးသော့ကို ချိုးဖျက် ဖွင့်သည်အခါလည်း ခုတင်တစ်လုံး၊ စားပွဲတစ်လုံးနှင့် ဗီရိုတစ်ခုသာရှိပြီး ဖုန်တက်နေသည်။ စားပွဲပေါ်တွင် ဖန်ခွက်တစ်လုံး ရှိနေပြီး အထဲတွင် ဖုန်များ၊ ပင့်ကူမျှင်များ ပြည့်နေသည်။

"ကျွန်တော့်ရှေ့မှာတင် ဒီအိမ်ကို သူ ငွေနှစ်သောင်းနဲ့ ဝယ်တာ၊ သူနဲ့ မေရီ လက်ထပ်ရင် လူတွေနဲ့ ဝေးဝေးနေမယ် ဆိုပြီးတော့… အိမ်ဝယ်ပြီး သိပ်မကြာဘူး သူ ပျောက်သွားတယ်"

ဗီရိုထဲတွင် အဝတ်အစားတချို့။

ပိုးဟပ်နှင့် ကြွက်များ ပြေးသံများအား ကြားနေရသည်။ ဗီရိုအံနှစ်ခုရှိရာ တစ်ခုမှာ ပိုက်ဆံအချို့တွေ့ရသည်။ ဖုန်တက်နေပြီး ကြွက်ကိုက်ရာတွေ ဗလပွနှင့်။ ကျန်အံဝှက်တစ်ခုကိုတော့ ဖွင့်မရ။ သော့ခတ်ထားသည်။

"ဒီထဲမှာ တစ်ခုခုရှိမယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အနားရှိ ခုံတစ်လုံးပေါ်တွင်ထိုင်ကာ ထိုလူရွယ်က သူ့ခါးကြားမှ ပစ္စည်းတစ်ခုကို ထုတ်သည်။

ဓားမြှောင်...။

သူ လန့်သွားသည်။ ဒီလူဟာ လူသတ်ဖို့ လက်မရွံ့သူ။ ဒါပေမယ့် ဓားမြှောင်ဖြင့် အံဝှက်အစွန်းနှစ်ဖက် သစ်သားများကို ထွင်းထုတ်ပစ်ရာ ခဏအကြာတွင် အံဝှက်ကို ဆွဲထုတ်လို့ ရသွားသည်။

"အထဲမှာ စာအုပ်တစ်အုပ် ရှိတယ်၊ ပြီးတော့ ဘာတွေလဲ မသိဘူး"

အံဝှက်ကို အပြင်ဘက်သို့ ဆွဲထုတ်၍ကြည့်မှ အထဲတွင် သားရေအဖုံး အုပ်ထားသော စာအုပ်တစ်အုပ်၊ ငွေစက္ကူတချို့၊ နောက်ပြီး အိမ်ဂရံ စာချုပ်တစ်ခု၊ ဓာတ်ပုံတချို့၊ ဓာတ်ပုံများအားလုံးသည် သေဆုံးသူ မေရီ၏ တက္ကသိုလ်ကျောင်းသူဘဝက ရိုက်ထားသောပုံများ ဖြစ်သည်။

"မေရီ့ကို သူ တော်တော်ချစ်တာ၊ မေရီ အသတ်ခံရတာသာသိရင် သူ ရူးသွားမလားဘဲ၊ ခင်ဗျားအတွက် ဒီပစ္စည်းတွေအားလုံး အသုံးဝင်မလား"

"ဝင်နိုင်ပါတယ်... ဒါနဲ့ မောင်ရင့်နာမည်က"

"ညီထွေး..."





"မောင်ရင့်ကို ဆက်သွယ်ချင်ရင်..."

"ခင်ဗျားက ရှမ်းပြည်နယ်စပ်မှာ နေတာ၊ ကျွန်တော်က ရန်ကုန်မှာ၊ တွေ့ဖို့လွယ်မယ် မထင်ဘူး"

"ဦးတို့ တွေ့ဖို့လိုမှာပါ၊ ဂျွန်နိုင့်ကို ဦး အရင် မောင်ရင်ရှာတွေ့ခဲ့ရင်ပေါ့"

"ဂျွန်နိုင့်ကို ဘာလို့တွေ့ချင်တာလဲ"

"တွေ့ရမှဖြစ်မယ်... မေရီ့အမှုမှာ ဂျွန်နိုင့်ကို အသက်ရှင်လျက်ရှိကြောင်း တွေ့ရရင် အဖြေတစ်မျိုးထွက်မယ်"

"ဂျွန်နိုင် ဒီကောင် ဘယ်မှာပုန်းနေလဲမသိဘူး၊ သူ့ကို တွေ့ရင် ကျွန်တော်လည်း ငွေတွေရစရာရှိသေးတယ်"

"ဒါ... ဦးရဲ့လိပ်စာကတ်၊ ရုံးရော အိမ်ရော၊ မောင်ရင်ကြိုက်တဲ့အချိန် ဆက်သွယ်နိုင်တယ်"

သူ ရန်ကုန်မှပြန်လာသည့် ခရီးလမ်းတွင် ဂျွန်နိုင်၏ သားရေအညိုရောင် ဖုံးထားသော ဒိုင်ယာရီစာအုပ်ကလေးကို ဖတ်ရှုခဲ့သည်။ စာမသင်ခဲ့ရသူ တစ်ယောက်၏ ဒိုင်ယာရီသည် အဖွဲ့အနွဲ့မရှိလှ။ သို့သော် အဆုံးသတ်က စိတ်ဝင်စားစရာ။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင် အေးစိမ့်မှုထက် တိတ်ဆိတ်မှုက ပိုကြီးစိုးနေသည်။ ထွန်းထားသော မီးချောင်းအရောင်သည် တဖျပ်ဖျပ် လင်းလိုက်၊ မှိန်သွားလိုက်ဖြင့်။ မီးရောင် မမှိတ်တမှိတ်တွင် နရီသည် သူ့ရှေ့၌ လူတစ်ယောက် ရပ်နေသကဲ့သို့ ခံစားရသည်။ ထိုလူမှာ ဝမ်းနည်း ကြေကွဲနေသလိုပဲ ဟုလည်း သူ့စိတ်ထဲက သိနေသည်။

မီးရောင်သည် ပြတ်တောင်း ပြတ်တောင်း ဖြစ်နေရာမှ ပကတိ လင်းထိန်သွားသည်။ မီးအလင်းရောင်အောက်တွင် ပြတ်သား ထင်ရှားစွာ ပေါ်လာသည်က မြင့်မားသောအရပ်နှင့် သူ မကြာခဏတွေ့သည့်လူ။

"ဂျွန်နိုင်"

"ဟုတ်တယ်… ငါ့နာမည် ဂျွန်နိုင်ပဲ"

ဖြောင့်စင်းသော နှာတံအကျ။ ပိရိသေသပ်သော နှုတ်ခမ်းအစုံနှင့် ယောကျ်ားချင်းပင် ချောမောသည်ဟု သတ်မှတ်ရမည့် ရုပ်ရည်ပိုင်ရှင်။





"မင်းကိုတော့ ငါ သိပြီးသားပဲ နရီ၊ ငါ့ကိုသာ မင်း မသိတာပါ၊ မင်းကို ငါ ဘယ်လိုသိလဲ မသိချင်ဘူးလား၊ ဒါနဲ့ မေရီ မရှိတော့ မင်း နေတတ်ရဲ့လား၊ မေရီ မရှိလည်း မင်းမှာ တခြားမိန်းမတစ်ယောက် ရှိတာပဲ"

"တော်တော့… မင်း မဟုတ်တာတွေ မပြောနဲ့"

ဂျွန်နိုင်သည် စီးကရက်ကို ဟန်ပါပါဖြင့် ဖွာလျက် စီးကရက်ထိပ်မှပြာကို လက်ညှိုးဖြင့် ပုတ်ကာ ခြွေသည်။

"မေရီ့ကို မင်း ဘာလို့သတ်လိုက်တာလဲ နရီ"

"ငါ မသတ်ဘူး"

"မင်း ဘာလို့ ငါ့ကိုလိမ်နေတာလဲ၊ မင်းပဲ မေရီ့ကို မင်းလက်တွေနဲ့ ကိုယ်တိုင်သတ်ခဲ့တာ ငါမြင်သားပဲ၊ တခြားသူတွေကို လိမ်လို့ရချင် ရမယ်၊ ငါ့ကိုတော့ မင်း လိမ်လို့ မရဘူး နရီ"

"မေရီ့ကို ငါ မသတ်ဘူး"

"ဒါဆို ဘယ်သူသတ်လဲ၊ ငါလား… ဟားဟားဟား"

ဂျွန်နိုင်သည် နရီ သွေးပျက် တုန်လှုပ်နေပုံကို ကြည့်၍ ရယ်မောလေသည်။

"အင်း… မေရီ… မေရီ… ငါ့ကိုချစ်တယ် တဖွဖွ ပြောခဲ့သားပဲ၊ ပြီးတော့လည်း ငါ မဟုတ်တဲ့ မင်းနဲ့လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့မှာ ပျော်နေလိုက်တာ၊ ငါ့ကိုတောင် မေ့နေတယ်၊ မင်းနဲ့ မေရီ တူတူပဲ နရီ၊ မင်းတို့ဟာ ကိုယ်ပိုင်ချစ်သူတွေ ရှိလျက်နဲ့ အဲဒီလူတွေကို ထားခဲ့တယ်၊ မင်းတို့ကိုချစ်တဲ့ ချစ်သူတွေကို သစ်စိမ်းချိုး ချိုးပြီး မင်းတို့နှစ်ယောက်ကတော့ ဘုရားသခင်ရှေ့မှာ သစ္စာဆိုလို့ မင်းတို့ ကိုယ့်လိပ်ပြာ ကိုယ် မရှက်ဘူး၊ မင်းကြောင့် ရတနာ့ခမျာ မိန်းကလေးတန်မယ့် သူများတံတွေးခွက် ပက်လက်မျောရတယ်၊ ငါကရော... ငါလည်း ဘာထူးလဲ၊ ငါက ကံအဆိုးဆုံးပဲ၊ မေရီလေ... ငါ့ကို တွန်းချတယ်၊ ငါမရှိမှ မင်းနဲ့ အနှောင့်အယှက်ကင်းကင်း လက်ထပ်နိုင်မယ် မဟုတ်လား"

"မင်း ဘာတွေ လာပြောနေတာလဲ၊ အခု ငါ့ရှေ့က ထွက်သွားစမ်း၊ မင်းလိုကောင်ကို မေရီက ဘာလို့လက်ထပ် ချင်မလဲ၊ မင်းမှာ မိန်းမတစ်ယောက် အားကိုးနိုင်တာ ဘာရှိလို့လဲ၊ ပညာရော... အလုပ်ရော၊ ဘာမှမရှိဘူး"

"ဟုတ်လား... ငါ့မှာ ဘာမှမရှိလို့ သူ ငါ့ကို လက် မထပ်ဘူး၊ ကဲ... အခု မင်းရော... မင်းမှာရော ဘာရှိသေး လဲ၊ ဟင်... မင်းမှာ အခု မေရီအားကိုးတဲ့ ဘာများရှိသေး လို့လဲ၊ မင်းမှာ မေရီလည်း မရှိတော့ဘူး၊ အလုပ်လည်းပြုတ် ပြီ၊ ရှေ့လထဲ မင်း တရားရုံးတင်ခံရမယ်၊ ပြီးရင် တစ်သက်





တစ်ကျွန်းလား၊ ကြိုးစင်လား... တစ်ခုခုပဲ၊ မင်းကို အင်မတန် လိုချင်တဲ့ မိန်းမကိုမှ မင်း လက်ထပ်ပြီး သတ်ပစ်မိတယ် မဟုတ်လား၊ မင်းလည်း ငါနဲ့ ဘာထူးလဲ"

နရီ၏သွေးများ ပွက်ပွက်ဆူလာသည်။

ဂျွန်ခိုင်သည် နှုတ်ခမ်းကို မဲ့ပြုံး ပြုံးလျက်ရှိသည်။ အောင်နိုင်သော မျက်နှာ။ နရီမှာကား ဒေါသဖြင့် ဆွေ့ဆွေ့ ခုန်နေသည်။

"မင်း အခု ငါ့ရှေ့က ထွက်သွားစမ်း၊ မင်းကို ငါ သတ်မိမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလူတော့ စိတ်သိပ်မှန်ရဲ့လား မသိဘူးဗျာ၊ အခု တစ်ယောက်တည်း အော်နေတယ်၊ ခင်ဗျား လာကြည့်ဦးမလား"

ရှေ့နေကြီးမှာ အိပ်ရာဝင်မည့်ဆဲဆဲ ရဲစခန်းမှ ဖုန်းလာသဖြင့် အဝတ်အစားကမန်းကတန်းလဲကာ နရီ့ထံ ထွက်လာခဲ့သည်။

သူ ရောက်သွားချိန်တွင် နရီသည် ကြမ်းပြင်ကိုလည်းကောင်း၊ နံရံကိုလည်းကောင်း လက်သီးဖြင့် တရစပ်ထိုးနေပြီး နှုတ်ကလည်း ငါ မင်းကို သတ်မယ်ဟု ထပ်ခါတလဲလဲ အော်နေသည်။

ဘယ်သူမှလည်း အခန်းထဲ မဝင်ရဲကြ။ နရီသည် သောင်းကျန်းနေသော တိရစ္ဆာန်တစ်ကောင်နှင့် တူနေသည်။

မွန်ရည်၍ ယဉ်ကျေးသော ဟန်ပန်သည် လုံးဝပျောက်ဆုံးလျက်ရှိပြီး တစ်စုံတစ်ရာကို ပြင်းထန်စွာ နာကျင်စေလိုသော စိတ်ဆန္ဒသာ ကြီးစိုးလျက်ရှိပုံရသည်။ အာခေါင်ကို





ခြစ်၍ အော်အပြီးမှာ ရုတ်တရက် ငြိမ်ကျသွားသည်။ ခဏအကြာတွင် နရီသည် သူ့ဒူးခေါင်းပေါ် ျမက်နှာအပ်၍ ငိုလေသည်။

"ငါ မေရီ့ကို မသတ်ပါဘူး၊ ငါ တကယ်မသတ်တာပါ၊ ငါ့မှာ သူ့ကိုသတ်ရလောက်အောင် ဘာအကြောင်းမှ မရှိပါဘူး"

ဟု တတွတ်တွတ် ရွတ်လျက်ရှိသည်။

"ကဲ... ခင်ဗျားလူ မြင်ပြီမဟုတ်လား၊ စိတ်မှန်တဲ့ပုံတောင် မပေါက်ဘူး ရှေ့နေကြီးရေ၊ ခင်ဗျားတော့ ဒီတစ်ခါ လှလှပပ ခံရဦးမယ်... ဦးစိုးဝင်း လက်ထဲမှာ"

"အရှုံး အနိုင် ဘာမှမသေချာခင် ဘာမှကြိုမပြောတာ အကောင်းဆုံးပဲဗျ"

ရှေ့နေကြီးသည် သူ့အမှုသည်၏ ဖြစ်ပျက်ပုံအလုံးစုံကို မြင်ပြီးသောအခါ အိမ်သို့ ပြန်လာခဲ့သည်။ ဒီညတော့ သူ အိပ်ပျော်မှာမဟုတ်တော့တာ သေချာသည်။

သူ့ရင်ဘတ်ပေါ်တွင် ဒိုင်ယာရီစာအုပ်ကို တင်လျက် သူ စဉ်းစားသည်။

နရီဟာ စိတ်ဝေဒနာကို ခံစားနေရတာ တကယ်လား။ နရီ့ပတ်ဝန်းကျင်ရှိ လူအားလုံးကတော့ နရီသည် မေရီ့ကို သတ်ရန်ပင်မဖြစ်နိုင် ဟူသော ထင်မြင်ချက်ကို အားလုံးပေး



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ အေးဆေးစွာနေတတ်သော လူငယ်သည် ရုတ်တရက် စိတ်ထ,ဖောက်ပြီး လူသတ်ရန် ရဲရင့်လာသည်ဆိုလျှင်...။

"အဲဒီအချိန်မှာ ဘာမှမမြင်တော့ဘူး၊ သိလည်း မသိတော့ဘူး၊ စိတ်နဲ့ ကိုယ် လွတ်သွားတယ်၊ သတိပြန်ဝင်တဲ့အချိန်မှာ ကျွန်တော့်တစ်ကိုယ်လုံး သွေးတွေနဲ့၊ ကျွန်တော့်ယောက်ဖလည်း အသက်မရှိတော့ဘူး"

"ပထမတော့ စိန်ခေါ်ကြတာပဲ၊ သတ္တိရှိတဲ့သူ ဖိုက်ကြေး၊ နောက်ကျတော့ ဘာလုပ်မိမှန်း မသိဘူး၊ သတိဝင်လာတဲ့အချိန်မှာ ကျွန်တော်တို့နှစ်ယောက်လုံး ဒဏ်ရာတွေနဲ့ ဆေးရုံပေါ်မှာ ရောက်နေတယ်"

အမှုသည်တချို့ရဲ့ စကားများကို ပြန်ကြားယောင်မိသည်။ သူတို့အားလုံးသည် အမှုတစ်ခုကို ကျူးလွန်ခါနီးတွင် သတိလုံးဝပျောက်သွားကြောင်း တညီတညွတ်တည်း ပြောဆိုခဲ့ကြသည်။

ဒေါသဖြင့်ဖြစ်စေ၊ လောဘဖြင့်ဖြစ်စေ လူတစ်ယောက်အသက်ကို ကြက်ကလေး ငှက်ကလေး တစ်ကောင် သတ်သလုမျိုး ဘတ်ပစ်လိုက်ဖို့ သူတို့မှာ လုံလောက်သောသတ္တိမရှိကြ။





ဒါနဲ့တောင် သူတို့ဟာ လူသတ်ခဲ့ကြသေးသည်။

မကောင်းဆိုးဝါး နတ်မိစ္ဆာတစ်ကောင်ကောင်၏ စေခိုင်းမှုကြောင့် သို့မဟုတ် တိုက်တွန်းချက်ကြောင့် ဆိုရင်ကော...။

သူ့အနေဖြင့် တစ်ခါမှ အဲသလို မတွေးဘူးခဲ့။

နရီ့ကိုမြင်မှပဲ တွေးမိခြင်း ဖြစ်သည်။

ပြီးတော့ ဌာန်နိုင်၏ ဒိုင်ယာရီအရ ဌာန်နိုင်သည် "မနက်ဖြန် မေရီနဲ့ သွားတွေ့ရမယ်" ဟု အဆုံးသတ်ထားသည့် စာကြောင်းမှာ သဲလွန်စတွေ အများကြီးပါဝင်နေသလိုရှိသည်။ ဌာန်နိုင်ဟာ သက်ရှိထင်ရှားရော ရှိသေးရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



မနေ့ညက မှူခင်းဆရာဝန်တစ်ယောက်ထံ အကူအညီတောင်းခံပြီး နရီ့အား အရေးပေါ်စိတ်ငြိမ်ဆေးထိုးပြီး ကုသမှုခံစေခဲ့ကြောင်း၊ မနက် ၁၀ နာရီတွင် ရှေ့နေကြီးထံ စခန်းမှ အကြောင်းကြားပေးခဲ့သဖြင့် နရီ့အခြေအနေသိရန် သူ့အိမ်မှ ထွက်လာခဲ့သည်။ သူ့ဆိုင်ကယ်လ်ကို ယူရန် အိမ်နောက်တက်ဂိုဒေါင်ကိုသွားစဉ် အိမ်မှာမွေးထားသော သူ့ဇနီး အချစ်တော် တယ်ရီလေးက သူ့နောက်မှ လိုက်လာပြီး ဆိုင်ကယ်လ်ကို ထိုးဟောင်နေတော့သည်။

"ဟော့ကောင်... သားလေး... ဘာတွေ့လို့လဲ"

တယ်ရီလေးက ဟောင်နေရင်း သူ့ခြေထောက်နားတိုးကပ်လာသည်။ ဇနီးဖြစ်သူပါ အိမ်ထဲက ထွက်လာပြီး သူတို့နား ရောက်လာကာ...

"ရှင့်ဆိုင်ကယ်လ်မှာ သူ မကြိုက်တာ တွေ့လို့နဲ့တူတယ်"

ဟု တယ်ရီ့ကို မပြီး ပြန်ထွက်သွားသည်။





ဆိုင်ကယ်လ်ပေါ်တက်၍ စက်နှိုးရာ တော်တော်နှင့် မထွက်။

တစ်ခုခု ဒုက္ခတွေ့တိုင်း "နမောတဿ" ဟု ရွတ်ဖတ်တတ်သော အကျင့်အတိုင်း နှုတ်က ဘုရားရှိခိုးလိုက်ခါမှ ဆိုင်ကယ်လ် စက်နှိုး၍ရသွားသည်။

နရီ့ဆီ ရောက်ချိန်တွင် အိပ်ဆေးအရှိန်ဖြင့် အိပ်မောကျနေခဲ့ဖြစ်သည်။ အစောင့်တစ်ယောက်က သူ့အား ညတုန်းက အခြေအနေကို ခပ်တိုးတိုး ပြန်ရှင်းပြသည်။

"ခင်ဗျား ပြန်သွားပြီးတဲ့အချိန်ကျမှ သူ တော်တော်ဆိုးလာတယ်၊ သူ့ခေါင်းနဲ့ နံရံကို ဝင်တိုက်တယ်၊ နောက် သူ့အိပ်ရာခင်းတွေကို ပါးစပ်နဲ့ ကိုက်ဖြဲပစ်တယ်၊ သူ့ကို ကြည့်ရတာ စိတ်တအားဆိုးနေသလိုပဲ၊ လူ့စိတ်တောင် ရှိပုံမရဘူး၊ တိရစ္ဆာန် အရိုင်းတစ်ကောင် သောင်းကျန်းနေသလိုပဲ၊ သူ့ကို ဖမ်းချုပ်ဖို့ လူဆယ်ယောက်လောက် သုံးရတယ်"

နရီသည် အိပ်နေချိန်တွင် အပြစ်ကင်းစင်သော ကလေးတစ်ယောက်လိုပဲ။ သူ နရီ့ဘေးတွင် ထိုင်နေစဉ် မိဘများပါ ထပ်ရောက်လာသည်။

လေးဖက်လေးတန် ခုတင်နှင့် လက်ထိပ်တွဲထားသော ရင်မှဖြစ်သည့်သားကို တွေ့သည့်အခိုက်မှာ နရီ့မိဘများသည် ဟန်မဆောင်နိုင်။ ကြုံကြုံပါအောင် ငိုတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူမှာလည်း ရုတ်ခြည်း ပြောင်းလဲသွားသော သားဖြစ်သူ၏ အနေအထားကို ရင်ထုမနာ ဖြစ်ပုံရသော အကြည့်ဖြင့် ကြည့်လျက် ခေါင်းကိုသာ ခါယမ်းလျက်ရှိသည်။

"ဘယ်လိုတွေ ဖြစ်ကုန်မှန်းကို မသိတော့ပါဘူးရှင်၊ ဒါတွေအားလုံး ကျွန်မကြောင့်ပါ၊ ကျွန်မသာ သားကို မေရီနဲ့ လက်မထပ်ပေးခဲ့ရင် ဒါမျိုးတွေကြုံရမှာ မဟုတ်ဘူး၊ မေရီကို လက်ထပ်မိလို့ ဖြစ်ရတာ၊ အမယ်လေး… ကျွန်မ ဘာလုပ်ရပါ့မလဲ"

"စိတ်ကိုထိန်းပါ အစ်မကြီးရယ်၊ ကျွန်တော်တို့ တစ်ခုခု လုပ်နိုင်မှာပါ၊ နရီ့အတွက် သင့်တော်တဲ့ ဆရာဝန်တစ်ယောက်ယောက် သူတို့ရှာပေးမှာပါ၊ သိပ်ဆိုးဆိုးဝါးဝါးကြီးတော့ မဖြစ်လောက်ပါဘူး"

ပြောသာ ပြောရသည်။ သူလည်း ခေါင်း အမှန်တကယ် ရှုပ်နေသည်။ အမှုအတွက် လိုအပ်သောကွင်းဆက်များက ပျောက်ဆုံးနေသည်သာမက နရီ့အဖြစ်အပျက်မှာ သာမန်လူတို့ သိနိုင်ခဲသော တချို့အရာတွေ ပါဝင်နေပြီဟု သူ စတင်လက်ခံလာရပြီ ဖြစ်သည်။

နရီ့ရဲ့ စိတ်ဝေဒနာ ပြန်ဖြစ်တယ်ပဲထားဦး… တစ်ဖက် ရှေ့နေပါးစပ်ထဲတွင်တော့ နိုင်ကွက်တွေ နည်းမှာကိုမဟုတ်။





နရီ့ဘေးနားတွင် တစ်နေကုန်နီးပါး အချိန်ကုန်မယ့် အတူတူ သူ့အနေဖြင့် နရီတို့အိမ် (မေရီနှင့် နေသောအိမ်)ကို သွားရန် စိတ်ကူးရသည်။

ထိုအိမ်ကို အစပိုင်းက ရဲဘက်မှ ခေတ္တပိတ်ထားသော်လည်း လက်ရှိ အစောင့်နှစ်ယောက်ရှိပြီး သူ့အနေဖြင့် ဝင်ကြည့်ရန် အခွင့်ရှိသည် မရှိသည်ကတော့ ကံတရားသဘောအတိုင်းပဲ။

"ကျွန်တော် အပြင်သွားစရာရှိသေးလို့ ခွင့်ပြုကြပါဦး"

"ဟုတ်ကဲ့…ဟုတ်ကဲ့… ဆရာ၊ ကျွန်မသားလေး တစ်ခုခုမဖြစ်အောင် တတ်နိုင်သလောက်ကယ်ပါ ဆရာရယ်"

သူ စကားပြန်မပြော။ ခေါင်းကိုသာ ညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ရှေ့နေကတ်ကို ထုတ်ပြသောအခါ အစောင့်များက "ဘယ်သူမှ ဝင်ကြည့်လို့မရဘူးလို့ အမိန့်ထုတ်ထားပါတယ်" ဟု တားသည်။

သူ ဘယ်လိုပြောပြော မရ။ ဒီတော့ ခိုးဝင်ဖို့သာ ရှိတော့သည်။ ဒီအိမ်ထဲ ခိုးဝင်ဖို့ဆိုတာ လွယ်ပေမယ့် ခိုးဝင်ရတာမို့ လိပ်ပြာမသန့်ချေ။

ပစ္စည်းများအားလုံးသည် လူနေသလိုပဲ နေသားတကျစီ ရှိသည်။ သူသည် ဘာရယ်မဟုတ် တွေ့သမျှ အံဝှက်များ၊ ဗီရိုများထဲ မွှေနှောက်၍ အမှုနှင့် အဓိကဆက်နွယ်နိုင်သည့် တစ်စုံတစ်ရာကို ရှာဖွေသည်။ အဲဒီမှာ မီးရှို့ ဖျက်ဆီးထားသော အင်္ကျီတစ်ထည်ကို သတင်းစာစက္ကူနှင့် ထုပ်လျက်သား သွားတွေ့လေသည်။

အင်္ကျီမှာ ယောက်ျားဝတ် ရှပ်အင်္ကျီအဖြူ။ သို့သော် အင်္ကျီပုံစံက တစ်ခုခုနှင့်ငြိလျက် ပြဲထွက်ကျန်ခဲ့သည့် အနေအထားမျိုးကို မီးရှို့ ဖျောက်ဖျက်စဉ် မပြီးမပြတ်ဘဲ ကျန်ခဲ့





သော ပုံစံမျိုး။ အင်္ကျီလည်ကုတ်သားမှာ 'ဂျေ' ဟူသော အင်္ဂလိပ်အက္ခရာ အမှတ်အသားရှိသည်။

ရုတ်တရက် သူ့အနားမှ တစ်ခုခု ဖြစ်သွားသလို ခံစားမှုမျိုးကို ရလိုက်သည်။

ကြက်သီးများ ဖြန်းခနဲထ,သွားပြီး အခုတွေ့သည့် အင်္ကျီကို သေချာစွာ ထုပ်ပိုးလိုက်သည်။

နှစ်ယောက်အိပ်ခုတင်အစွန်းတွင် ထိုင်နေရာမှ ထလိုက်စဉ် မွေ့ရာအောက်မှ ညပ်နေသော လက်စွပ်တစ်ကွင်းသည် သံမံတလင်းပေါ်သို့ ပြုတ်ကျလာသည်။

လက်စွပ်က မောင်းကွင်း။ လက်ထပ်လက်စွပ် ဖြစ်ရမည်ဟု အလိုလိုသိနေသည်။ ခရစ်ယာန်ထုံးစံအရ လက်ထပ်လက်စွပ်သည် အစင်းရာ၊ အဆက်ရာ မရှိသော ချောမွေ့သည့် ပြောင်ကွင်းမျိုး။

နရီက လက်ထပ်လက်စွပ် ပျောက်နေသည်ဟု ပြောခဲ့တာ အမှတ်ရသည်။

သူ နရီ့ထံ ပြန်လာသည့်အခါ နရီမှာ ကောင်းကောင်း နိုးနေပြီ။ သတိလည်း ကောင်းကောင်းရနေပြီ။

"ကျွန်တော့်မိဘတွေ ပြန်သွားကြပြီ၊ ခုလေးတင်ပဲ၊ ဦးနဲ့ ရှေ့ဆင့် နောက်ဆင့်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



စောစောက သူ တွေ့ခဲ့သည့် လက်စွပ်လေးကို နရီ့ရှေ့သို့ ချပေးလိုက်သည်။ နရီသည် လက်စွပ်လေးကို ဝမ်းသာအားရဖြင့် ယူသည်။

"ဒါ... ကျွန်တော့်လက်စွပ်ပဲ၊ ဦး ဘယ်ကရခဲ့လဲ"

"မင်းတို့အိပ်ခန်းထဲက"

"ဟုတ်လား... ကျွန်တော်တော့ ကိုယ့်ဘာသာ မချွတ်မိဘူးလို့ ထင်တယ်၊ မသိပါဘူးဗျာ... ကျွန်တော် ဘာမှ စဉ်းစားလို့ကိုမရဘူး"

"မနေ့ညက ဘာတွေဖြစ်ခဲ့လဲ ဆိုတာကိုရော အခု စဉ်းစားလို့ ရရဲ့လား"

"မနေ့ညက... ဟုတ်သားပဲ... ဦးကို အဲဒါပြောပြမလို့၊ လက်စွပ်ကိစ္စ အရင်ရောက်သွားတာနဲ့ မနေ့ညက ဂျွန်နိုင် ဆိုတဲ့လူကို မျက်ဝါးထင်ထင် ကျွန်တော် တွေ့တယ်"

"ဘယ်မှာလဲ"

"ကျွန်တော့်ကိုထားတဲ့ အခန်းထဲမှာ"

နရီ့မျက်လုံးများကို သူ အကဲခတ်ကြည့်သည်။ စိတ်မူမမှန်သူတို့လို ဂဏာမငြိမ် ဖြစ်မနေ။ ပုံမှန်လူတစ်ယောက် စကားပြောနေသလိုပဲ။

နရီ့ကိုထားတဲ့ အခန်းထဲကို လူသူစိမ်းတစ်ယောက် ဝင်လာဖို့ဆိုတာလည်း ဖြစ်မှမဖြစ်နိုင်ဘဲ။ အစောင့်အထပ်ထပ်





ရှိသည်။ အုဝ်ိနံ့ရုံရှိသည်။ နရီ သူ့ကို နောက်ပြောင်ပြောနေပုံလည်း မရ။

"သူ ကျွန်တော့်ကို ဒီလိုဖြစ်တာ အားရဝမ်းသာနေပုံပဲ"

"ဂျွန်နိုင်က ဘယ်လိုပုံစံမျိုးလဲ"

"ဒီတစ်ခါ မျက်နှာမြင်ရတယ်၊ တော်တော်ရုပ်ဖြောင့်တဲ့လူပဲ၊ အင်းလေ... ဒီရုပ်မျိုးရှိလို့လည်း မေရီက သဘောကျစွဲလမ်းခဲ့တာနေမယ်၊ မိန်းကလေးတွေက ရုပ်ချောတာ ကြိုက်ကြတယ် မဟုတ်လား"

"သူ ကျွန်တော့်ကို အရမ်းမုန်းနေတာ ကျွန်တော် ခံစားလို့ ရတယ်"

"မေရီ့ကို အရမ်းချစ်လို့ ဖြစ်ပါလိမ့်မယ်၊ မောင်ရင်က မေရီနဲ့ လက်ထပ်ခဲ့တယ် မဟုတ်လား"

"ဟင့်အင်း...မေရီ့ကိုလည်း သူ မုန်းနေတယ်၊ အဲဒါ ထူးဆန်းနေသလိုပဲ၊ ပြီးတော့ ပြောသေးတယ်၊ မေရီက သူ့ကို တွန်းချတယ်ဆိုလားပဲ"

"ဘယ်လို"

"ဟုတ်တယ်...သူ ကျွန်တော့်ကို အဲသလိုပြောခဲ့တယ်"

ရှေ့နေကြီးမှာ သူ့အမူသည်ကို စတင်နားလည်စပြုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



နရီသည် သူ့ကို ဘာတစ်ခုမှမလိမ်ဘဲ ပြောနေခြင်း ဖြစ်သည်။ သနားစရာ လူငယ်ပါလား။ ဇနီးသည်၏ သစ္စာမဲ့မှုကိုလည်း ခံရသေးသည်။

"နရီ"

"ဗျာ..."

"အခင်းဖြစ်တဲ့ညကို လုံးဝပြန်စဉ်းစားလို့ မရဘူးလား"

"မရဘူး... စဉ်းစားလိုက်ရင် ခေါင်းထဲမှာ မီးတောက်နေသလိုပဲ၊ ပူလာတယ်၊ ဦးနှောက်တွေ ပွက်ပွက်ဆူလာတယ်"

"ဒါဆို... ဦး ပြောပြမယ်"

"ဟုတ်ကဲ့"

"မောင်ရင့်ဇနီးကို ကျောင်းကနေ မောင်ရင် သွားကြို လာတယ်၊ ပြီးတဲ့နောက် မောင်ရင်တို့ အိမ်ရောက်တယ်၊ အိမ်ရောက်တော့ ရေမိုးချိုး အဝတ်လဲပြီး လင်မယားနှစ်ယောက် လမ်းလျှောက်ထွက်ကြတယ်၊ တောစပ်အရောက်မှာ မှောင်ရီပျိုးနေပြီ၊ မောင်ရင်က ပြန်လှည့်ရအောင် မေရီလို့ ပြောမယ်၊ မေရီက မပြန်ချင်သေးဘူး... နေဦးမယ်လို့ ပြောမယ်... အဲဒီအချိန်မှာ မောင်ရင့်အနားကို လူတစ်ယောက် ရောက်လာတာ မောင်ရင်မြင်မယ်၊ အဲဒီလူက မောင်ရင့်ကို စိတ်ဆိုးမာန်ဆိုးနဲ့ ထိုးကြိတ်မယ်၊ မေရီက လေသံနဲ့ပဲ တားမယ်၊





နောက် အဲဒီလူကို မောင်ရင်က အနိုင်ယူပြီး အသာလေး လှဲသိပ်နိုင်ခဲ့တယ် ထားပါတော့၊ မောင်ရင်က အိမ်အရင်ပြန်ခဲ့မယ်၊ မေရီကတော့ စောစောကလူအနားမှာ ကျန်နေခဲ့မယ်၊ သူ့ချစ်သူကို အဲသလိုအချိန်မှာ မေရီ့ကို အနားမှာရှိတဲ့ လေးလံတဲ့အရာဝတ္ထုတစ်ခုနဲ့ သူ့ချစ်သူက တအားကုန်ထုချလိုက်မယ်၊ မေရီဟာ မထင်မှတ်ဘဲ တစ်ချက်တည်း အသက်ထွက်သွားတယ် ဆိုပါတော့၊ မောင်ရင်ကတော့ အိမ်ပြန်ရောက်ပြီး အိပ်ပျော်သွားမယ်၊ မောင်ရင့်ကိုပါ အပျောက်ရှင်းဖို့ သူ့ချစ်သူက အိမ်ထိလိုက်လာပါလိမ့်မယ်၊ ဒါပေမယ့် မောင်ရင် အိပ်ပျော်နေတော့ သူ အကြံတစ်ခုခုရပြီး မောင်ရင့်ဖိနပ်တွေ၊ လက်တွေမှာ သွေးတွေသုတ်မယ်၊ ပြီးတော့ မောင်ရင့်အသံအတုနဲ့ ရဲစခန်းကို မနက်စောစော ဖုန်းဆက်ခဲ့မယ်၊ မောင်ရင်ကတော့ အိပ်ပျော်နေတယ်၊ ဘာမှမသိဘူး၊ အဲသလိုမဟုတ်လား"

နရီသည် သူ့ရှေ့နေပြောသလို မျက်လုံးထဲမှာ မြင်ကြည့်သည်။ အစီအစဉ်မကျသော အခြေအနေများကိုပင် မြင်မိသည်။

"ကျွန်တော် မေရီ့မှာ ချစ်သူ ရှိနေခဲ့မယ်လို့ လုံးဝမစဉ်းစားမိဖူးဘူး၊ ပြီးတော့ ကျွန်တော် ဂျွန်ခိုင် ဆိုတာကို မေရီ ဆုံးပြီးမှသိလာတာ"

"ဒီလိုဆို စောစောက ဦးပြောပြခဲ့သလို နည်းနည်းမှ မဖြစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... ကျွန်တော် အဲဒီညကို တကယ်သိချင်တယ်၊ ကျွန်တော် ဘာလို့ အဲဒီညကို မေ့သွားတာလဲ မသိပါဘူးဗျာ"

"ညက ဂျွန်ခိုင့်ကိုတွေ့တာ သေချာလား"

"သေချာပါတယ် ဦးရဲ့၊ ကျွန်တော့်ဆီ ဒီည သူ ထပ်လာဦးမလား မသိဘူး"

"သူ လာမယ်လို့ ထင်နေတာလား"

"ဟုတ်တယ်... သူ ကျွန်တော့်ဒေါသကို လာဆွပေးဦးမယ် ထင်တယ်၊ သူ့ကို မတွေ့ချင်ဘူး၊ သူ့ကိုတွေ့ရင် စိတ်ထဲမှာ တစ်မျိုးပဲ၊ သွေးဆူလာတယ်"

နရီ၏ စိတ်ရောဂါအခြေအနေကို အမြန်ဆုံး ဆရာဝန်ကြီး တစ်ယောက်နှင့်ပြမှ ဖြစ်မည်ဟု သူ ဆုံးဖြတ်လိုက်သည်။

ပြန်ခါနီး နရီ သူ့ကို စကားတစ်ခွန်း ပြောသည်။

"ဦး... ဝိညာဉ်တွေရှိတာကို ယုံလား"

"အဲဒါတွေက သိပ္ပံပညာနဲ့ ဖြေရှင်းလို့မရနိုင်ဘူး နရီ၊ ဦးက လက်တွေ့သမားပဲ"





သူ စုဆောင်းရရှိထားသော ဓာတ်ပုံများအားလုံးကို ကွန်ပျူတာဖြင့် စကန်နာဖတ်ပြီး ဖိုင်တစ်ခုဖွင့်ကာ သိမ်းထားလိုက်သည်။ ဖိုင်ကို ဆေ့ဗ်လုပ်ပြီး ပြန်ဖွင့်ကြည့်သောအခါ ဓာတ်ပုံတွေက သိပ်မဆိုးလှ။ ရတနာနှင့် နရီတို့၏ပုံများ၊ နရီနှင့် မေရီတို့ လက်ထပ်ပွဲကပုံ၊ မေရီနှင့် ဂျွန်ခိုင်တို့တွဲလျက် တစ်ခုတည်းသောပုံ၊ ပြီးတော့ ဂျွန်ခိုင့်ဒိုင်ယာရီထဲမှ မေရီ့ဓာတ်ပုံများ၊ မေရီနှင့် ဂျွန်ခိုင် တွဲလျက်ဓာတ်ပုံကို ကွန်ပျူတာမျက်နှာပြင်မှာ ပြည့်အောင် ချဲ့ကားလျက်ကြည့်သည်။ အနီးကပ် ဆွဲယူပြီး ဂျွန်ခိုင့်မျက်နှာကို သေချာကြည့်ပြီး ဒီလူ ဘယ်ရောက်နေလဲဟု စိတ်ကတွေးမိသည်။

သူ့မျက်လုံးများ ငိုက်စင်းလာစဉ် ကွန်ပျူတာမျက်နှာပြင်မှ အလင်းသည် မှိန်သွားလိုက် လင်းသွားလိုက် ဖြစ်နေသည်။

အိမ်နားတစ်ပိုက်မှ ခွေးအူသံများကို ကျယ်လောင်စွာကြားရသည်။ ဖုန်းသံစူးစူးရှရှ မြည်လာသဖြင့် အိပ်ချင်သော



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံကို ပွတ်ကာ ဖုန်းကို ကောက်ယူ နားထောင်လိုက်သည်။

တစ်ဖက်မှ ဘာစကားမှမပြော။ စန္ဒရားသံတိုးသဲ့သဲ့ကို ကြားရသည်။

"ဟဲလို... ဘယ်သူပါလဲခင်ဗျာ"

"ခင်ဗျား တစ်ချိန်လုံး လိုက်ရှာနေခဲ့တဲ့သူလေ"

သူ ထိတ်လန့်စွာဖြင့် ကွန်ပျူတာဘက် မျက်နှာလှည့်လိုက်သောအခါ အနီးကပ် Zoom ဆွဲထားသည့် ဂျွန်နိုင့်မျက်နှာမှ နှုတ်ခမ်းတို့က ပြုံးရယ်နေကြသည်။ ထိတ်လန့်စိတ်က ငယ်ထိပ်ကို တက်စောင့်သည်။ ခြေလက်များအားလုံး ထုံကျင်သွားကြသည်။

လူတွေဟာ Shock ကို ဘယ်အချိန်အခါမျိုးမှာ ရတတ်ကြပါသလဲ။

မတည့်သော အစာတစ်ခုခု စားမိတဲ့အခါ၊

ဓာတ်လိုက်တဲ့အခါ၊

စိတ်လှုပ်ရှားစရာတစ်ခုခု ကြားတဲ့အခါ၊

ထိတ်လန့် ခြောက်ခြားဖွယ်ရာ တစ်ခုခု မြင်တဲ့အခါ...

ရှေ့နေကြီးအား ကွန်ပျူတာမျက်နှာပြင်မှ ဂျွန်နိုင့်မျက်လုံးများသည် စူးစိုက်စွာကြည့်သည်။





လက်ထဲမှ တယ်လီဖုန်း လွတ်ကျသွားသည်။

"ခင်ဗျားက ဘာကြောင့် ကျွန်တော်ဆင်ထားတဲ့ ဓာတ်ကွက်တွေကို ဝင်ဖျက်နေတာလဲ၊ ခင်ဗျားကိုယ် ခင်ဗျား သိပ်တော်လှပြီလို့ ထင်တာလား"

"မင်းကရော ဘာလို့ နဲရီ့ကို ဒီလိုလုပ်ရတာလဲ"

"ရှင်းရှင်းလေးပဲ... မေရီ့ကိုမုန်းလို့၊ မေရီက သူ့ကို အားကိုးပြီး ကျွန်တော့်ကို ထားခဲ့တာလေ"

"ဒါ... အပြစ်မှမဟုတ်ဘဲ၊ မိန်းကလေးတစ်ယောက်က သူ မယုံတဲ့လူတစ်ယောက်ကို အိမ်ထောင်ဖက် ဘယ်ရွေးမလဲ"

"သူ မယုံတဲ့လူ... ဟား ဟား... သူ ယုံတဲ့သူက အခု သူ့ကို သတ်လိုက်ပြီလေ"

"ငါတော့ နဲရီ သတ်တယ်လို့ မယုံဘူး"

"သိပ်တော်တဲ့ ရှေ့နေပဲ၊ ခင်ဗျားဟာ ရှေ့နေလုပ်စားဖို့ မကောင်းဘူး၊ စုံထောက်လုပ်ပါလား... ခင်ဗျား ကျွန်တော့်အိမ်တောင် ရောက်ခဲ့သေးတာပဲ၊ ဘယ်သူမှ အလွယ်တကူ ရှာမတွေ့နိုင်တဲ့ ကျွန်တော့်သူငယ်ချင်းကိုလည်း ရှာတွေ့ခဲ့သေးတယ်၊ ဒါပေမယ့် ခင်ဗျား ဘာလုပ်လုပ် ကျွန်တော် သိနေတယ်၊ ခင်ဗျားလုပ်သမျှတွေအားလုံး ဘာမှအကျိုးရှိမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အဲသလိုပြောရအောင် မင်းက ဘာမို့လို့လဲ၊ ငါဘာလုပ်မယ်ဆိုတာ မင်း သိလို့လား"

"ခင်ဗျားလုပ်နိုင်တာ ခင်ဗျားအမှုသည် နုရီကို စိတ်ဝေဒနာ ခံစားနေရပါတယ်ဆိုပြီး လျှောက်လဲရုံပဲလေ၊ နို့မို့ဆို သူ ကြိုးစင်ကို တန်းနေတာပဲ၊ ခင်ဗျား သက်သေပြနိုင်တာ ဘာမှမရှိဘူးလေ"

"မင်း ဘာလို့ အပြစ်မရှိတဲ့သူကို အပြစ်ပုံချနေတာလဲ၊ မင်းကြောင့် မေရီလည်း သေသွားရပြီ၊ နုရီလည်း ခုဆို စိတ်ရောကိုယ်ပါ ဆင်းရဲနေရတယ်"

"ကျွန်တော့်ကြောင့် မေရီ သေတယ်လို့ ဘာဖြစ်လို့ ပြောတာလဲ"

"မင်းကြောင့်မဟုတ်ရင် ဒီလိုတွေဖြစ်လာစရာမှ မရှိတာ၊ မင်း အခု ဘယ်ကလာလဲ၊ မင်းကို မေရီ လက်မထပ်ဖြစ်တာ သိပ်မှန်တယ်၊ စိတ်ဆိုးစိတ်ပုပ်ရှိတဲ့ လူမျိုးကို သူ လက်မထပ်ခဲ့တာ သိပ်မှန်တယ်"

"ခင်ဗျားနော်..."

"မင်း ငါ့ကို ဘာလုပ်နိုင်လဲ"

ဂျွန်ခိုင်၏မျက်နှာသည် သူ့နားသို့ တဖြည်းဖြည်းနီးကပ်လာသော်လည်း သူ့အနားအရောက်တွင် အဝေးသို့ ဝုန်းခနဲ





လွင့်ထွက်သွားလေသည်။ အားသင်းရောင် စူးစူးရှရှတစ်ခုက သူ့တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားပြီးနောက် သူ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ကုလားထိုင်ပေါ်တွင် သူ ရှိနေသည်။

သူ့ဇနီးက အနားမှာ။

"ကွန်ပျူတာကြီးဖွင့်ပြီး အိပ်ပျော်နေရလား၊ လာကြည့်မိလို့ပေါ့"

"ကိုယ် စောစောက ဘာတွေဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး... ဝိုင်ခုံမှာ ထိုင်လျက် အိပ်ပျော်နေတယ်၊ ကွန်ပျူတာ ပိတ်ထားလိုက်ပြီ၊ တယ်လီလေးလည်း အခုမှ အိပ်သွားတာ၊ တို့သားလေး တအီအီနဲ့ချည်း အော်နေတယ်၊ နေမကောင်းဘူးလား မသိဘူး၊ တိရစ္ဆာန်ဆရာဝန်နဲ့ သွားပြကြည့်ရင် ကောင်းမလားဘဲ ကိုရေ"

သူ့ဇနီးက ကလေးမရနိုင်သောကြောင့် ခွေးကလေးကို သားကလေးလို သဘောထားပြီး ဘာမဆိုသဲသဲလှုပ်။

"မနက်ဖြန် သွားပြလေ"

"ကို မလိုက်ဘူးလား"

"ကိုယ် အမှုကိစ္စ နည်းနည်းသွားစရာရှိတယ်"

"ဒီတစ်ခါအမှုက သိပ်ခက်လို့လား"

"ဘာဖြစ်လို့ မေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ကို ခရီးထွက်ပြီးပြန်လာတာ ဘာကြာသေးလို့လဲ၊ ဒီအမှု လိုက်တဲ့အချိန်ကစပြီး ကို့ကို ကြည့်ရတာ ပင်ပန်းလိုက်တာ၊ အဆင်မပြေဘူးလားဟင်"

"ပြေသွားမှာပါကွာ"

"အရင်တုန်းက ရှေ့နေမိန်းမ လုပ်ရတာ ကောင်းတယ်၊ ဂုဏ်ရှိတယ် အဲသလိုထင်ခဲ့တယ်၊ အခုကျတော့ ကို ပင်ပန်းတာတွေကြည့်ပြီး စိတ်မကောင်းဘူး၊ ယောကျ်ားက ပြေးလွှားရှာဖွေပြီး မိန်းမလုပ်တဲ့ လူကကျတော့ အိမ်မှာ အခန့်သားထိုင်စားလို့၊ ကလေးလည်း မမွေးပေးနိုင်ဘူး"

"မင်းကကည်း ကလေး မမွေးနိုင်တာဘဲ ပြောနေတာပဲ၊ တော်ပါတော့ကွာ... ကလေး မွေးမပေးနိုင်တာကို အရည်အချင်းတစ်ခုလို့ ပြောလို့မှမရတာ"

"ဒါပေမယ့် တွေးရတာပေါ့၊ ကလေးမရှိတော့ သံယောဇဉ်ဆိုတာ ဖြတ်ချင်တဲ့အချိန် ဖြတ်နိုင်တယ်လေ"

"ဘာလဲ... ကိုယ် နောက်မိန်းမယူမှာ စိုးလို့လား၊ မယူပါဘူး... အဲဒီအတွက် စိတ်မပူနဲ့၊ ကိုယ့်လိုအဘိုးကြီးကို စိတ်ဝင်စားမယ့်လူလည်း မရှိဘူး"

"နေ့လယ်က မိန်းကလေးတစ်ယောက် အိမ်ကို ဖုန်းဆက်တယ်၊ ညိုလဲ့ရည်တဲ့... ရန်ကုန်ကလို့ ပြောတယ်၊





အရေးကြီးတာ ပြောစရာရှိလို့ မနက်ဖြန်မနက် ပြန်ဆက်ပါဆိုပြီး နံပါတ်တစ်ခု ပေးသွားတယ်၊ အဲဒါ ဘယ်သူလဲ"

"အဲဒါကြောင့် မင်း တောင်တွေးမြောက်တွေး တွေးနေတာကိုး၊ အဲဒါ အခုအမှုမှာ အသတ်ခံရတဲ့ ကလေးမလေးရဲ့ သူငယ်ချင်းမလေးပါ"

"ဩော်... ကို ရန်ကုန်ဆင်းသွားတာ သူနဲ့ သွားတွေ့တာလား"

"သူနဲ့တင်မဟုတ်ဘူး... သူ့အမျိုးသားနဲ့ပါ တွေ့တာ"

သူ့ဇနီးမျက်နှာက ခုမှ ကြည်လင်သွားသည်။ မချစ်ဘဲနှင့် လက်ထပ်ယူထားရသော သူတို့လင်မယား၏ သံယောဇဉ်သည် အချစ်ထက် ပိုမိုခိုင်မြဲလေသည်။

ဘယ်လိုခေါ်မလဲ... တူတူနေတာ နှစ်ကြာလာတော့ မောင်နှမတွေလိုမျိုး တစ်ယောက်ကို တစ်ယောက် ရင်းနှီးတွယ်တာလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဦးဆီကဖုန်းကို စောင့်နေတာ”

“အရေးကြီးတယ်ဆို”

“ဟုတ်တယ်… ညီထွေး ဆုံးသွားပြီ ဦး”

“ဘယ်သူ…”

“ညီထွေးလေ… ဂျွန်နိုင့်သူငယ်ချင်း”

“သြော်… သိပြီ၊ ကလေးမရဲ့… အင်း… ပြောပါဦး”

“သူဆုံးတာ တစ်ရက်ပဲရှိသေးတယ်၊ မဆုံးခင် ကျွန်မဆီ ဖုန်းဆက်သေးတယ်”

“ဟုတ်လား”

“သူ ဂျွန်နိုင့်ကို တွေ့လိုက်တယ်တဲ့”

“ဘယ်လို… သူ ဘယ်မှာတွေ့တယ် ပြောလဲ”

“သူတွေ့တာ ဆိုင်ကယ်လ်စီးပြိုင်ပွဲတစ်ခုမှာလို့ ပြောတယ်၊ ရှပ်အင်္ကျီဖြူနဲ့ ဂျင်းဘောင်းဘီ ဝတ်ထားတယ်လို့ ပြောတယ်၊ သူ့ကိုမြင်တော့ ဂျွန်နိုင် ပျောက်သွားတယ် ပြောတယ်၊ ပြီးတော့ သူ ဆုံးတယ်လို့ ကြားရတာပဲ ဦး“





“ဘယ်လို ဆုံးသွားတာလဲ”

“သူ ငှားနေတဲ့တိုက်ခန်းက ခြောက်ထပ်မြောက်မှာ၊ တိုက်ပေါ်ကနေ ပြုတ်ကျသေတယ်လို့ ပြောတယ်၊ ရဲဘက်က စစ်ဆေးနေတုန်းပဲ၊ ဆရာဝန် ရင်ခွင်စစ်တဲ့ အဖြေကတော့ ပြုတ်ကျလို့သေတာလို့ပဲ ထွက်တယ်၊ ရုတ်တရက်ဆိုတော့ ကျွန်မဖြင့် ယုံတောင်မယုံနိုင်ဘူး၊ သူ့အလောင်းလည်း သွားမကြည့်ရဲဘူး၊ ကျွန်မတို့ ပတ်သက်မှုကို လူသိမခံရဲဘူး၊ သူ ဖုန်းဆက်တုန်းက ဦးဆီ သူ ဆက်သွယ်ဦးမယ် ပြောသေးတယ်”

“ဟုတ်လား… ဦးဆီတော့ သူ မဆက်ခဲ့ဘူး၊ အေးကွယ် ကြားရတာ ဦးလည်း စိတ်မကောင်းပါဘူး၊ ကလေးမလည်း နေကောင်းအောင်နေပါ၊ ပြီးတာတွေ ပြီးသွားပြီပဲ၊ ဦးဆီ အကျိုးအကြောင်းဆက်ပေးတာ ကျေးဇူးပဲနော်”

ညိုလဲ့ရည်နှင့် စကားပြောပြီးနောက် သူ့စိတ်တွေ ပိုလေးလံလာသည်။ ညီထွေး ဆုံးတာ သိပ်တိုက်ဆိုင်လွန်းမနေဘူးလား၊ ဂျွန်နိုင့်ကို ညီထွေး မသေခင် တွေ့သွားခဲ့သေးလား သူ သိချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နံ့ရုံနှင့် တိုက်ထားသောအရှိန်ကြောင့် နရီမှာ သူ့ခေါင်း၌ ဒဏ်ရာကြီးကြီး ရထားသော်လည်း ခေါင်းထဲ၌ ထူးထူးခြားခြား ကြည်လင်လို့နေသည်။ အိပ်ချင်စိတ်လည်း မရှိ။

သူ့လက်သူကြွယ်၌ ထင်သော လက်ထပ်လက်စွပ်အရာကို စမ်းနေ့ကာ တစ်စုံတစ်ရာကို သတိရလိုလို။

"လက်ထပ် လက်စွပ်က စိန်လက်စွပ် "မဟုတ်လား ကိုကို"

လက်ထပ်ပြီးခါစက မေရီ သူ့ကို ဤသို့မေးလေသည်။

"ဘာလို့လဲ"

"မေ့ရီ့သူငယ်ချင်းတွေ လက်ထပ်တုန်းက စိန်လက်စွပ်တွေ ဝတ်ကြလို့ပါ၊ မေရီ့ကျတော့ ရွှေမောင်းကွင်းဆိုတော့"

"အဆက်အရာမရှိတဲ့ သဘောပေါ"

"ဒါပေမယ့် ဒီလက်စွပ်မှာ ဆက်ထားတဲ့အရာ ပေါ်နေတယ် ကိုကို"

သူ မေရီ့လက်စွပ်ကို ကြည့်လိုက်တော့ ဟုတ်သည်။





"ရွှေဆိုင်က လက်ရာ မသေသပ်တာဘဲ ဖြစ်ရမယ်၊ ဒါပေမယ့် လက်စွပ်ကို မာမီတို့ပြတုန်းက အကောင်းအတိုင်းပဲ မြင်သားပဲ၊ အခုကျမှ ဆက်ရာပေါ်လာတာ..."

"ကိုကို့လက်စွပ်ရော"

သူ့လက်စွပ်ကတော့ အကောင်း။

"ကိုကို"

"ဟင်"

"မေရီတို့ ကြာကြာမပေါင်းရဘူးနဲ့ ထင်တယ်"

"ဘာလို့ မလုပ်တာ လျှောက်ပြောနေတာလဲ"

"စိတ်ထဲရှိတာ ပြောတာပါ၊ မေရီလေ... ကိုကိုနဲ့ လက်ထပ်ပြီး စိတ်ထဲမှာ တစ်သက်လုံးဒီလိုနေရရင် သိပ်ကောင်းမှာပဲလို့ ခဏခဏတွေးမိတယ်၊ ကိုကိုနဲ့နေရတာ မပျော်ရပေမယ့် အေးချမ်းတယ်"

"ကိုကိုနဲ့နေရတာ မပျော်ဘူးလား"

"အင်း"

သူ စိတ်မကောင်း ဖြစ်သွားရသည်။

"ပျော်တယ် မပျော်ဘူးဆိုတာ သိပ်အရေးမကြီးပါဘူး ကိုကို၊ အရေးကြီးတာ အေးအေးချမ်းချမ်း မပူမပင်နေရဖို့ဘဲ၊ ကိုကို သိလား... မေရီ ကိုကိုနဲ့ လက်ထပ်ဖြစ်လို့သာ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



နေရတာ၊ ကိုကို မဟုတ်ဘဲ တခြားတစ်ယောက်ဆို ခုလောက်ဆို မေရီ အရိုက်ခံနေရပြီ”

“ဘယ်သူက မေရီ့ကို ရိုက်မှာလဲ၊ မိန်းမဆိုတာ ချစ်ဖို့ယူထားတာ၊ ရိုက်ဖို့မှမဟုတ်ဘဲ”

မေရီသည် သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ သက်ပြင်းတိုးတိုးချသည်။





“အခုတွေ့ချင်တယ်... အခုချက်ချင်း တွေ့ရမှဖြစ်မယ်”

ရွှေနေကြီးသည် ဒိုင်ယာရီထဲတွင် ပါဝင်သော ဇာတ်ကြောင်းအား ပုံဖော်၍ စဉ်းစားကြည့်ဆဲဖြစ်သည်။ ဂျွန်နိုင်၏ ဒိုင်ယာရီ အစနှင့် အဆုံးသတ်ထားသော စကားမှာ အထက်က ဖော်ပြထားသော စာသားဖြစ်နေသည်။

ဒိုင်ယာရီစာအုပ်ကို နောက်တစ်ခေါက် ထပ်လှန်၍ အသေးစိတ် ဖတ်ကြည့်သည်။ ဖတ်ရင်းနဲ့ ပေါ်လာသော ကောက်ကြောင်းသည် သာမန်အချစ်ဇာတ်လမ်းမျိုး မဟုတ်တော့။

နူးညံ့သိမ်မွေ့၍ လှပသော မိန်းကလေးတစ်ယောက်အား အနိုင်ကျင့် နှိပ်စက်ကလူ ပြုတတ်သော ချစ်သူ တစ်ယောက်၏ အရုပ်ဆိုးရုပ်ပုံက တဖြည်းဖြည်း ပြတ်သားစွာ ပေါ်လာသည်။

ဒီလူ ဘာလို့ ဒီလောက် အနိုင်ကျင့်ရတာလဲ။

ရက်စက်ရတာလဲ...။



www.burmeseclassic.com

www.burmeseclassic.com

ကျစ်ဆံမြီးကျစ်ထားသော ဆံပင်များက အနည်းငယ် ဖွာလန်ကြဲနေသည်။ မိတ်ကပ်ရောင်ဝမ်းဆက်ကြောင့် ပါးလွှာ၍ ကြော့ရှင်းသော ခန္ဓာကိုယ်သည် သူ့စီးကရက် အခိုးအငွေ့ များကြားတွင် သူနှင့် ပိုနီးကပ်လာသည်။

ခုချိန်ဆို ညိုလဲ့ရည်နှင့် ညီထွေးတို့ နှစ်ယောက်ကတော့ အဖော်အဖြစ် ခေါ်လာခဲ့သော သူနှင့် ဒီကောင်မလေးကို မေ့နေလောက်ပြီ။

"ဒီမှာ..."

ခေါ်သံကို ကြားပေမယ့် မကြားချင်ဟန် ဆောင်နေ လိုက်သည်။

"ဒီမှာရှင့်..."

"ဘာလဲ"

သူ့အသံမာမာကြောင့် ကောင်မလေး ဘာမှထပ်မပြော ဘဲ ငြိမ်ကုပ်သွားသည်။ မျက်ခုံးထူထူလေးများကို အစွမ်းကုန် ကျုံ့၍ထားပုံမှာ သူ့ကိုရော ညိုလဲ့ရည်တို့ အတွဲကိုပါ စိတ်တိုင်းမကျပုံ။





"ညိုလဲ့ရည်တို့ ဘယ်ပျောက်သွားလဲ"

"ကိုယ် ဘယ်သိမလဲ"

"မဟုတ်ဘူး... ရှင် သိရမယ်"

"ဒီမယ်... မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေး တစ်ယောက် ချိန်းတွေ့ကြပါတယ်ဆို မင်းက ဘာကိစ္စသေချာ သိချင်နေတာလဲ၊ ဘာလဲ...အတွေ့အကြုံတွေ သိချင်တာလား"

"ရှင်နော်..."

"မင်းကြည့်ရတာ ရည်းစားထားဖူးတဲ့ပုံတောင် မပေါ်ဘူး"

ကောင်မလေးမျက်နှာ ရဲခနဲ ဖြစ်သွားသည်။

"ကိုယ် အကြံတစ်ခုပေးမယ်၊ မင်းလည်း ကိုယ့်ကို ရည်းစားလို သဘောထားကြည့်ပါလား"

ကောင်မလေးမျက်နှာက အနီရင့်ရောင် ဖြစ်လာသည်။ သူ့ကို မျက်မှောင်ကြုတ်ရင်း သေချာကြည့်နေပုံက နမ်းချင်စရာ။

"မင်းပဲ ညိုလဲ့ရည်တို့ကို စိတ်မရှည်တော့ဘူး မဟုတ် လား၊ သူတို့က ကမ္ဘာကြီးတစ်ခုလုံးတောင် မေ့ချင် မေ့နေ ကြမှာ၊ ဒါက ဒီလိုပဲ... ကိုယ်တော့ ရိုးသွားပါပြီ၊ မင်းအတွက် တော့ အသစ်အဆန်း ဖြစ်ချင်ဖြစ်နေမှာ၊ သူတို့ကို တစ်နေကုန် အောင် စောင့်ရမှာပဲ၊ မျှင်းရင်တော့ စောစောက ကိုယ် ပြောသလိုလုပ်ပေါ့၊ ဘယ်လိုလဲ... စိတ်ဝင်စားလား"


www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးမှာ မျက်နှာကို သူ မမြင်ရာဘက်သို့ လှည့်သွားသည်။ ခြေထောက်ကလည်း မြက်ခင်းထူထူထဲသို့ ချထားသည်။

"မေရီ... မင်းခြေထောက်ပေါ် ကင်းခြေများတစ်ကောင် တက်နေတယ်"

"ဟင်... အမယ်လေး"

ခြေထောက်ကို ဆတ်ခနဲရုတ်ကာ သူ့ရင်ခွင်ထဲ အရုပ်ကြိုးပြတ် တိုးဝင်လာပြီး ဖက်ထားကာ မလွှတ်တော့။ ကင်းခြေများက တကယ်မရှိ။ သူ စ,လိုက်ခြင်းသာဖြစ်သည်။

သို့သော် အတွေ့အထိက နူးညံ့၍ ယဉ်ပါးနေသော သူ့ကို ကောင်းကောင်းနှိုးဆွသလိုမျိုး။

"မင်း သိပ်ကြောက်သွားလား"

ပြန်ဖြေသံ မကြားရ။ ချစ်စရာ မျက်နှာကလေးမှာ နှုတ်ခမ်းကလေးများက ဖူးသစ်စ နှင်းဆီကလေးနှယ်။

မခူးခင်က ကြွေချင်စရာ။

မကြွေခင်ကတည်းက သူ ဆွတ်ခူးရာတွင် ညွတ်နူးစွာ ကြောက်လန့်စွာ... ပြီးတော့ သူ့ကို ရှုံရှာစွာ...။





မေရီသည် သူ့ကို ထိုနောက်ပိုင်း ရှောင်လေသည်။ သူတို့ သူငယ်ချင်းသုံးယောက် ငှားနေသောအိမ်ဘေးထံမှ ဖုန်းကိုဆက်ပြီး သူ စကားပြောသော်လည်း ဖုန်းမျှလာမကိုင်။ လူချင်းတွေ့လျှင် ခင်နှင်းမှုန်ကို ကာ၍ သူ့ကို မျက်လုံးချင်းတောင် ဆိုင်မကြည့်။ သူ့ကို ကြောက်ရွံ့သော ခံစားမှုကို သူ ရသည်။

မကြုံဘူးသော အရိုင်းလေးမို့ ရှောင်လေသလားဟု တွေးမိပေမယ့် မရတာဆို ပိုလိုချင်သော သဘာဝရှိသည် မဟုတ်လား။

သူ မေရီ့ကို နှစ်ယောက်တည်းတွေ့အောင် ကြိုးစားသည်။ ဒီလိုနှင့် မေရီ ကျောင်းပိတ်ရက် အိမ်ပြန်မည့်ကားမှာ သူနှင့် တွေ့ကြသည်။

ကားထွက်ချိန်မှ ကားပေါ်တက်လာသော သူ့ကို မေရီ မတွေ့။ မေရီက ပြတင်းပေါက်နံဘေးရှိခုံ။ အပြင်ဘက်ကို ငေး၍နေသော မေရီနား သူ ဝင်ထိုင်ပြီး ဦးထုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်ငိုက်ငိုက်ဆောင်းထားရာ မေရီသည် သူ့မှန်းမသိသေး။ ကားထွက်ပြီး ဆယ်မိနစ်ကြာမှ မေရီ့ပခုံးကို သူ လက်တင်လိုက်ရာ သူ့ဘက်သို့ စောင်းငဲ့ကြည့်ပြီး...

"ရှင် ဘယ်လိုရောက်လာတာလဲ"

"လန့်သွားလား... မင်းအိမ် လိုက်လည်မလို့လေ"

"အို... ဒုက္ခပါပဲ၊ အိမ်ကမိဘတွေသိရင် တစ်မျိုးထင်တော့မှာပဲ"

"ကိုယ့်ကို အလည်မခေါ်ချင်ဘူးလား"

"မခေါ်ချင်ဘူး"

"ကိုယ်ကလည်း လိုက်ရမှကိုဖြစ်မှာ"

"ဘာဖြစ်လို့ စိတ်ညစ်အောင် လုပ်နေတာလဲ"

"ချစ်လို့လေ... မင်းနောက်ကို လိုက်ရတာ ပုရစ်ဖမ်းရသလိုပဲ၊ အင်မတန် ပြေးတတ်တယ်၊ ပုရစ်လည်း ဒီလိုပဲ... လူနဲ့အဝေးကြီး မပြေးနိုင်ပေမယ့် ရသလောက်တော့ ပြေးတာပဲ၊ ဒါပေမယ့် ပုရစ်ကို အမြဲဖမ်းလို့မိတယ်၊ ပြီးရင်တော့ သေလမ်းပဲ၊ မဟုတ်လား"

"တောင်းပန်ပါတယ်ရှင်... ကျွန်မနောက် မလိုက်လာပါနဲ့၊ ရှင့်ကို အိမ်ကမြင်သွားရင် ကျွန်မ ကျောင်းဆက်တက်ရမှာ မဟုတ်တော့ဘူး၊ ကျွန်မမှာ ဘွဲ့တစ်ခုရဖို့ မလွယ်ကူ





ပါဘူး၊ ပြည့်ပြည့်စုံစုံနဲ့လည်း ငွေမဖြုန်းနိုင်ပါဘူး၊ ကျွန်မမိဘတွေက စာသင်ဖို့ တက္ကသိုလ်လွှတ်လိုက်တာ"

"မင်းကို ကိုယ်က အရွယ်ရောက်ပြီထင်တာ၊ လက်စသတ်တော့ မင်းဟာက သူငယ်တန်းစိတ်ပဲ ရှိသေးတယ်၊ ညှိုလှဲ့ရည်ဆို ဘယ်လိုလုပ်မလဲ၊ ဟင်... ကိုယ်က သိပ်ကြောက်စရာကောင်းလို့လား၊ ကဲ... ကိုယ့်ကို ကြည့်ပါဦး"

သူက အတင်းတိုးကပ်၍ ကြည့်နိုင်းရာ မေရီမှာ ကြောက်လန့်တကြားနှင့် သူ့မျက်နှာကို မော့ကြည့်ရှာသည်။

"မင်း သိပ်ချစ်ဖို့ကောင်းတာပဲ... သိလား"

သူ ခပ်တိုးတိုး ပြောတာတောင်...

"လူတွေ ကြားကုန်ပါ့မယ်ရှင်"

ဟု ပြောရှာသည်။ လက်ဖျားလေးတွေက အေးလို့။

မေရီ့ကို သူ ဒီတစ်သက် လွှတ်မပေးနိုင်တော့အောင် မြဲတံနိုး နှစ်သက်သွားရပြီဆိုတာ သေချာလှသည်။ သူ ဖက်လိုက်တိုင်း ပခုံးကျုံ့သွားကာ ကားမှန်ဘက် ပိုတိုးကပ်သွားလေသည်။

သူ ပတ်သက်နေသော . မိန်းမများနှင့် မတူသော အဖြူထည်မလေး။ သူမတို့ မြို့ကလေးကိုရောက်တော့ သူက သူမ,ပခုံးကိုဖက်ကာ သူမအိမ် လိုက်ဖို့ဟန်ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ... ရှင် လိုက်မလာပါနဲ့လို့ ပြောတယ်လေ"

"ကိုယ် မင်းအိမ်ကို လိုက်ပို့ရုံပဲ"

"ရတယ်... မပို့နဲ့၊ ကျွန်မ ဆိုက်ကား ငှားသွားမယ်"

"ဒါဆို ကိုယ်လည်း မင်းဆိုက်ကားနောက်ခံက လိုက်စီးမယ်"

"ရှင် ပြောလို့မရပါလား"

"ကိုယ်ပြောမယ် မေရီ၊ မင်းကို ကိုယ်ချစ်တယ်၊ ဒါကြောင့် မင်း ကိုယ့်ဆီက ဘယ်တော့မှ ထွက်ပြေးလို့ မရဘူးမှတ်ပါ၊ ကိုယ့်တစ်သက် ဘယ်မိန်းမဆီမှ အောက်ကျ မခံဖူးဘူး၊ မင်းကိုသာ ချစ်လွန်းလို့ ကိုယ် ဒီလောက်ဒုက္ခခံပြီး လိုက်လာတာ"

"မချစ်ပါနဲ့ရှင်... ရှင့်ကို ကျွန်မ ကြောက်လို့ပါ၊ တကယ်ပါ"

သူကတော့ ယုန်ကလေးလို ဖြူစင်လွန်းသော မေရီအား ရယ်စရာအဖြစ်ကြည့်လျက် မေရီ့အိမ်ကို ဆိုက်ကားနှင့် တူတူသွားခဲ့ပြီး အိမ်ထဲတော့ မဝင်ခဲ့ချေ။

ဒီမြို့မှာ သူ့အသိ မရှိ။ သို့သော် အသိဖြစ်ဖို့ရာ အရက်ဆိုင်၊ ဘီလီယက်ခုံ စတာတွေတော့ရှိသည်။ တည်းခိုခန်း အလတ်စားတစ်ခုရှိသည်။





တည်းခိုခန်းမှာ တစ်ယောက်ခန်းတစ်ခန်းအား ငှားရမ်းလိုက်သည်။ တရေးတမော အိပ်ပြီးနောက် ရေချိုးသည်။ အဝတ်အစားလဲကာ တည်းခိုခန်းပိုင်ရှင်ယံ စုံစမ်းပြီး ဆိုင်ကယ်လ် တစ်စီး ငှားလိုက်သည်။ သုံးသမျှဆီ ကိုယ့်ဟာကိုယ်ထည့်ပြီး တစ်နေ့စာ ငါးထောင် ဆိုင်ကယ်လ်ဖြင့် မြို့တစ်ပတ် ပတ်လိုက်သည်။

မေရီတို့အိမ်ရှေ့ သုံးခေါက်လောက် ဖြတ်မောင်းသော်လည်း မေရီ့ကို အရိပ်ပင်မတွေ့ရ။ မေရီ့အဖေကိုတော့ ညဘက် အရက်ဆိုင်မှာ တစ်ယောက်တည်း တွေ့ရသည်။ သူ့အနေဖြင့် မိတ်ဖွဲ့ဖို့မလိုချေ။ အဘိုးကြီးက အရက်ချိုးကြီးပဲ။ ည ရှစ်နာရီလောက်မှာ ယိုင်တိုင်တိုင်ဖြင့် အိမ်ပြန်သည်။ သူ မလှမ်းမကမ်းကနေ အဘိုးကြီးနောက် လိုက်သွားသည်။ တစ်နေရာမှာ ဓာတ်တိုင်ကို တည့်တည့်ဝင်တိုက်ပြီး လဲလေသည်။ အဲဒီတော့မှ သူ ဆိုင်ကယ်လ်ပေါ်က ဆင်းကာ သွားထူရသည်။

"ဦးလေး... ဆိုင်ကယ်လ် စီးနိုင်ရဲ့လား"

"စီးနိုင်တာပေါ့ကွ... ငါ့လယ်တွေက အရင်တုန်းက ငါပိုင်တာ၊ အခု သူများပိုင်သွားပြီ၊ အခုတော့ ဆိုင်ကယ်လ် မစီးနိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ… ကျွန်တော်ပြောနေတာ အခု ကျွန်တော့် ခါးကိုဖက်ပြီး နောက်က လိုက်စီးနိုင်လား မေးတာ"

"စီးနိုင်တယ်… စီးနိုင်တယ်၊ ဘယ်မှာလဲ မင်း ဆိုင်ကယ်လ်၊ လာ… သွားမယ်"

အိမ်က သိပ်မဝေးတော့သော်လည်း သူကတော့ ဒီအကွက်ဆင်နေသူ မဟုတ်လား။ အဘိုးကြီးက သူ့ခါးကို ဖက်ပြီး သီချင်းတွေ အော်ဆိုလိုက်လာသည်။ အိမ်ထဲရောက် တော့ အဘိုးကြီးက…

"ဟော့… ငါ့ကိုလာတွဲစမ်း… ငါ မူးလာတယ်"

ဟု ဆိုင်ကယ်လ်ပေါ်ကနေ လှမ်းအော်တော့ မေရီ ထွက်လာသည်။

"အဖေကလည်း လုပ်လာပြန်ပြီ"

ဆိုကာ အဘိုးကြီးကို အရင်တွဲပြီး…

"ကျေးဇူးတင်ပါတယ်ရှင်"

ဟု သူ့ကို မော့မကြည့်ဘဲ ပြောလေသည်။

"ဟော့… လူလေး… မင်းကို သိပ်ခင်တယ်ကွာ၊ နောက်လည်း လာလည်ဦး… ကြားလား"

မေရီသည် အဲဒီတော့မှ သူ့ကို မော့ကြည့်ရင်း ထိတ်လန့်နေသော ခံစားမှုဖြင့်…





"ရှင်နဲ့ ဘယ်လိုတွေ့လာတာလဲ"

"မင်းအဖေကို အရင် အိပ်ရာထဲပို့လိုက်ဦး၊ နောက်မှ သိချင်တာမေး၊ အကုန်ဖြေမယ်"

❦ ❤ ❦

မေရီတို့အိမ် အနေအထားက စီးပွားရေး မပြေလည် သော အခြေအနေမျိုး ဖြစ်သည်။ ဒါ ဘာထူးဆန်းလို့လဲလေ။

လက်ဝတ်ရတနာ ဟူ၍ တစ်ခုမှ မဝတ်နိုင်တဲ့အပြင် ဆန်းသစ်မှုမရှိသော အဝတ်အစားဒီဇိုင်းကလေးတွေကလည်း စွဲမက်စရာမရှိတဲ့ ပုံစံ။ နွမ်းဖတ်သော အဆင်အယင်ထဲက ထင်လင်းစွာပေါ်နေတာ ဖြူစင်ရိုးသားမှု။

ဟုတ်သည်… သူ့ရဲ့မေရီသည် ဖြူစင်ရိုးသားလှသည်။ သူကတော့ မည်းညစ်နေသော နှလုံးသားနှင့်လူ။ မှောင်မိုက် သော ဘဝထဲကလူ။

နှံ့ထဲက သူသည် ကြာပွင့်ကလေးကိုတော့ မက်မက် မောမောနှင့် ချစ်ခင်လှသည်။ ကောင်မလေးက သူ့ကို အမြဲတစေ ကြောက်လန့်နေရှာသည်။ အဲဒီအတွက်ဟော



www.burmeseclassic.com

www.burmeseclassic.com



အချိန်နည်းနည်းယူရမည်။ သူ့ကိုငြင်းဆန်နိုင်သော မိန်းမမျိုးကို သူ့တစ်သက် မတွေ့ခဲ့ဘူးချေ။

ရုပ်ရည်အရရော အညွတ်အနူးအရရော မေရီသည် သူ့ရဲ့ ကျွမ်းကျင်လိမ္မာမှုအောက်မှာ တဖြည်းဖြည်း ပျော့ပြောင်းလိုက်ပါလာသည်။

"မောင်" ဟု သူ့ကို မေရီ စ,ခေါ်သောအခါ သူ့ထံမှာ မေရီ အကြီးအကျယ် ပျော်ဝင်နေပြီမှန်း သူ သဘောပေါက်သွားသည်။

ယောက်ျားတစ်ယောက်နဲ့ ချစ်ကြိုက်ရတာဟာ ပျော်စရာကောင်းတဲ့ အဖြစ်ဟု မေရီ့ဘက်က စိတ်ကူးယဉ်တွေးတောတတ်လာချိန်တွင် သူ့အနေဖြင့် သူဌေးမ တစ်ယောက်၏ လိုရာသုံးဘဝမှာ ရှိနေသည်ကို မေရီ မသိအောင် ဖုံးရဖိရတာ မလွယ်လှ။

မင်းချစ်တဲ့ မောင်ဟာ မူးယစ်ဆေးဝါးရဲ့ သားကောင်လည်း ဖြစ်တယ်။

တဏှာကို ငွေနဲ့ရောင်းတဲ့သူလည်း ဖြစ်တယ်။

သူတစ်ပါး နာကျင် ခံစားရမှ ငွေရသူဖြစ်တယ်ဟု သူ ဘယ်လို ပြောထွက်ပါ့မလဲ။

မေရီ့သူငယ်ချင်း ခင်နှင်းမှုန်ကတော့...





"ရှင်နဲ့ မေရီ မတန်ဘူး"

ဟု သူ့ကို ထိပ်တိုက်စွပ်စွဲခဲ့သည်။

"ရှင့်လိုလူမျိုးဟာ လမ်းဘေးက မိန်းမတစ်ယောက်နဲ့ပဲ ဖြစ်သင့်တာ၊ လူဆိုတာ တန်ရာတန်ရာပဲ မှန်းသင့်တယ်၊ ကျွန်မသူငယ်ချင်းက သိပ်ဖြူစင်တာ၊ တန်ဖိုးရှိတဲ့ မိန်းကလေး၊ တစ်နေ့နေ့မှာ ရှင့်ထက်သာတဲ့ လူတစ်ယောက်နဲ့ ကျိန်းသေပေါက်ရမှာ"

ဤစကားမျိုးကို ကြားရလျှင် သံပူရည်နှင့် လောင်းချသလိုပဲ သူ့မှာ အဆမတန် နာကျင်ခံစားရသည်။

ဒီပန်းဟာ သူ့အတွက် ပွင့်တဲ့ပန်းပဲ။ သူများမခူးခင် သူ အရင်ခူးဖို့ ကံကြမ္မာက ပျိုးပေးတဲ့ပန်းပဲ။

"မေရီ့ကို ချည်ထားတာလား မောင်"

"မဟုတ်ပါဘူးကွာ... ချစ်လို့ပါလို့ ပြောပြီးပြီပဲ"

"မေရီ့ကို ဒီလိုပုံစံမျိုးနဲ့တော့ ချည်ထားလို့ ရမယ် မထင်ပါနဲ့ မောင်၊ အချိန်မရွေးဘဲ... ဒီလိုချည်တဲ့ကြိုးမျိုးက ပြတ်သွားနိုင်တယ်"

"မင်းကို မောင် မခွဲနိုင်မှန်းသိရက်နဲ့ ဘာလို့ ဒီစကားမျိုးကို ပြောရတာလဲ ချစ်ရဲ့"

"မောင့်အကြောင်းတွေ မေရီ အကုန်သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



မေရီ့ကို ဖက်ထားသော သူ့လက်တွေ ပြေလျော့သွားသည်။

"ဘယ်သူ ပြောပြတာလဲ"

"ဘယ်သူမှ မပြောပြဘူး၊ မောင်ကိုယ်တိုင်ပဲ ပြောပြတာ၊ မောင်ရဲ့အမူအကျင့်တွေက မေရီ့ကို ပြောပြနေတာ"

သူတို့နှစ်ဦးကြားက အသံများ ခဏတိတ်ဆိတ်သွားသည်။ ပြီးတော့မှ မေရီ့ရှိုက်သံသဲ့သဲ့ ထွက်လာသည်။ သူ မေရီ့ကို ကျောပေးထိုင်လိုက်ပြီး စီးကရက်တစ်လိပ် ကောက်ဖွာလိုက်သည်။

"မောင် ဘယ်လိုလူစားဆိုတာ ညီထွေးနဲ့ ညိုလှဲ့ရည် စပတ်သက်ကြကတည်းက ခန့်မှန်းပြီးသားပဲ၊ ညိုလှဲ့ရည်ကို တားမရလို့ လိုက်စောင့်ရှောက်ပေးရင်း မောင်နဲ့ တစ်နေ့ ဒီလိုဖြစ်လာမှာကို ကြိုရှောင်ခဲ့ပါသေးတယ်၊ မောင်က သိပ်အတင့်ရဲလွန်းတယ်၊ မေရီ ဘယ်လိုပဲ မောင့်လက်ထဲက လွတ်အောင်ပြေးပါစေ မောင်က ရအောင်လိုက်တဲ့သူပဲ"

"မောင်တို့နှစ်ယောက် လက်မှတ်ထိုးထားကြရအောင်"

"ဘာအတွက်လဲ"

"လက်ထပ်တာလေ... လက်ထပ်စာချုပ်ဆိုတာ နှစ်ဦးသဘောတူ လက်မှတ်ထိုးရတာပဲ၊ မင်းမိဘတွေ သဘော





တူတူ မတူတူ တကယ်လက်မှတ်ထိုးရမှာ လက်ထပ်မဲ့လူ နှစ်ယောက်ပဲ"

"ဒါပေမယ့် လက်ထပ်တယ်ဆိုတာ တစ်ယောက်တည်း လက်ထပ်ချင်လို့ မရဘူးလေ၊ နှစ်ယောက်လုံး စိတ်ပါမှ ဖြစ်တာ"

"မင်း မောင့်ကို လက်မထပ်ဘူးပေါ့"

"မောင့်ကို မေရီ ချစ်တာပဲဥစ္စာ"

"မဟုတ်ဘူးလေ... မောင် မေးနေတာ လက်ထပ်မယ့်ကိစ္စ"

"လက်မထပ်ချင်တာပါ... ဘယ်လိုပြောမလဲ၊ မောင့်ကို ရှောင်လွှန်းလို့မရလို့ ချစ်သူဘဝ ရောက်ခဲ့ပေမယ့် တတ်နိုင်သလောက်တော့ လက်မထပ်ချင်ဘူး၊ မောင့်ကို ယောကျ်ားကောင်းလို့ မယူဆဘူး၊ မောင့်ကို အိမ်ထောင်ဦးစီးကောင်းဖြစ်လိမ့်မယ်လို့ မယုံဘူး၊ မောင့်မှာ မိန်းမတစ်ယောက်ကို လုံခြုံအောင် ကာကွယ်ပေးနိုင်တဲ့အရာ ဘာမှမရှိဘူး"

"ဒါဆို မင်း တကယ်လက်မထပ်ဘူးပေါ့"

မေရီ ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြသည်။ ထစ်ခနဲဆို ဒေါသထွက်တတ်သော စိတ်သည် သူ့ကိုယ်ကို ဦးဆောင်လျက် မေရီ့အား ရိုက်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သတိလက်လွတ်ဖြစ်နေသော စိတ်ဖြင့် သူ့ခေါင်းထဲ၌ စိုးမိုးထားသည်မှာ သူ မေရီ့ကို သတ်ရင် သတ်ပစ်လိုက်မည်။ သူမှတစ်ပါး အခြားယောကျ်ားတစ်ယောက်ကို လက်ထပ်ဖို့ ဘယ်တော့မှ ခွင့်မပေး။ ဝန်တိုစိတ်နှင့် ကြီးမားသော အချစ်စိတ်သည် မေရီ့အား ရိုက်နှက်လိုက်မှပဲ သူ့ရင်ထဲမှာ ဒေါသ ပြေလျော့သွားသလို နည်းပါးသွားသည်။

သတိဝင်လာချိန်မှာ မေရီသည် ဒဏ်ရာဒဏ်ချက် အသီးသီးနှင့် ငိုနေပြီ။ သူ့အသိစိတ် ဝင်လာချိန်တွင်မှ သူ အဲဒီလို ဘာလို့လုပ်မိမှန်းပင် မသိချေ။ မေရီ့လက်မောင်းသား ဝင်းဝင်းမှာ ညိုမည်းရာ အကွင်းလိုက်ဖြင့် ပြည့်နေခြင်းကို သူ စိတ်မကောင်းပေမယ့် မတတ်နိုင်။





"အဲသလို ကြမ်းတမ်းနေရင် သူ မင်းကို ကြောက်ပြီး ပြေးမှာပေါ့"

"ပြေးလို့ရမလား... ငါ့လက်ထဲက သူ ဘယ်လိုပြေးမလဲ၊ ဘယ်လိုပြေးပြေး ငါ ရအောင်လိုက်မှာပဲ"

"မင်းဟာက ချစ်တာလား၊ သတ်နေတာလား၊ ကြာလာရင် မင်းကို သူ တဖြည်းဖြည်း မုန်းလာလိမ့်မယ်"

သူ့စိတ်နှင့် သူ့ကိုယ်သည် မေရီ့ကို ရိုက်နှက်ပြီးတိုင်း အမြဲကမ်းရန်ဖြစ်ရလေ့ရှိသည်။ မေရီ့ကို သူ့ပါးစပ်ထဲ ငုံထားချင်အောင် ချစ်လှသည်။ သို့ပါလျက် ဘာလို့ရိုက်မိမှန်း လုံးဝမသိတော့။

မေရီသည် သူ အဲသလိုရိုက်တတ်ပါလျက်နှင့် သူ့ကို စွန့်ခွာမသွားခြင်းသည် ကြောက်လို့တော့ မဖြစ်နိုင်။ မေရီ ကိုယ်တိုင် အရိုက်ခံရခြင်းကို နှစ်သိမ့် ကြည်နူး ခွဲလမ်းနေတာ ဖြစ်နိုင်သည်ဟု သူ ထင်လာသည်။

သူ့အနေဖြင့် မေရီ့ကို လက်ထပ်ယူပြီး အတူနေနိုင်ရန် ဆန္ဒသည်လည်း ပိုမိုပြင်းပြလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်တို့ လက်ထပ်ကြရအောင်ကွာ"

"ဘာဖြစ်လို့ ဒီလောက် လက်ထပ်ချင်တာလဲ"

"အတူတူနေချင်တယ်၊ အနားမှာ စောင့်ရှောက်ပေးချင်တယ်၊ ဘယ်သွားသွား လိုက်ပို့ပေးချင်တယ်"

"မေရီကတော့ လက်မထပ်ချင်ဘူး"

"မောင် သိပ်များဆိုးနေလို့လားဟင်"

"မောင့်ကိုယ် မောင် လိမ္မာတယ်လို့ ထင်နေလား"

"ဘာပဲဖြစ်ဖြစ်ကွာ မေရီနဲ့ အမြန်ဆုံး တူတူနေရမှ ဖြစ်မယ်"

မေရီနဲ့ သူ သိပ်ကြာခင်ဘဲ ပြဿနာတစ်ခု အကြီးအကျယ် တက်ကြသည်။ သူ နောက်ဆုံးတွဲခဲ့သော မမကြီးတစ်ယောက်က မေရီ့အား ကျောင်းတွင် လာရှာသွားပြီး ပြဿနာအလုံးအရင်းလိုက် ရှာသည်။ စကားလုံးများဖြင့် နစ်နာအောင် ပြောဆိုသည်။

သူ သိချိန်မှာ မေရီ သူ့ကို အဆက်ဖြတ်ဖို့စကား စတော့သည်။

"မောင့်ကို သူက စိန်လက်စွပ်တောင် လုပ်ပေးခဲ့ဖူးတာတဲ့၊ မောင့်ကို ဒီလောက်ချစ်တဲ့မိန်းမ ရှိပါလားနော်၊ မောင် မေရီ့ကို လက်ထပ်လိုက်ရင် ဒီလိုကောင်းတဲ့ အခွင့်အရေးတွေ ဆုံးရှုံးသွားမှာစိုးလို့ မေရီက လက်မထပ်ချင်တာ"





"မင်းက ဘယ်လိုလူမျိုးကို လက်ထပ်ချင်တာလဲ"

"မောင့်လိုမဟုတ်တဲ့ တခြားတစ်ယောက်ယောက်ပေါ့"

"မင်းမှာ ငါမဟုတ်တဲ့ တခြားတစ်ယောက် ရှိနေပြီလား"

မေရီသည် သူ့ကို သေချာပိုင်နိုင်ခြင်းမျိုးနှင့် ပြုံးပြသည်။

"သိပ်မကြာခင် မောင် သိမှာပဲ၊ ဘာပြောပြစရာလိုလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဒိုင်ယာရီပါ ဇာတ်လမ်းအရ မကြာခင်သိရမည်ဆိုသော စကားကြောင့် ဂျွန်နိုင့်အားတွေ့ရန် မေရီမှ **တစ်နေရာသို့** ချိန်းဆိုခဲ့ပါလိမ့်မည်။

ထို့ကြောင့်သာ အခုတွေ့ချင်တယ်။ **အခုချက်ချင်းတွေ့** ရမှ ဖြစ်မယ်ဟု **အဆုံးသတ်ထားခြင်း ဖြစ်နိုင်သည်။**

**ဆက်စပ်တွေးခေါ်ကြည့်သောအခါ** ဂျွန်နိုင်သည်သာ အားလုံး၏ **မြစ်ဖျားခံရာ ဖြစ်နေသည်။**

**သိပ်မကြာခင် မိုးလင်းတော့ပေမယ့်** သူ့မှာ မအိပ်ချင်သေး။ ဒိုင်ယာရီစာအုပ်ကို ပိတ်၍ စားပွဲထဲထည့်လိုက်သည်။ အိပ်ရာပေါ် လဲလျောင်းရင်း မျက်လုံးကို စုံမှိတ်ထားလိုက်သည်။

ခဏနေ မှေးခနဲအိပ်ပျော်သွားပြီး ဖျတ်ခနဲ နိုးလာချိန်မှာ မနက် **ဆယ်နာရီထိုးနေပြီ**။ နရီ့ထံသွားဖို့ အဝတ်အစား လဲနေစဉ် **သူ့စိတ်ထဲ** လေးလံလာသည်။





သူ့ဇနီးက "ကိုရေ... စခန်းက ဖုန်းလာနေတယ်" ဟု ပြောစဉ် ရင်ထဲ၌ ထိတ်ခနဲဖြစ်သည်။

သူ ရောက်သွားချိန်မှာ နရီသည် မကောင်းဆိုးဝါး တစ်ကောင် ပူးကပ်နေသလို သောင်းကျန်းနေလေသည်။ သူ့အကျီကို သူ့ဟာသူ ဖြဲစုတ်ကာ လက်သည်းများဖြင့် နံရံ၌ တစ်စုံတစ်ရာကို ရေးဖို့ ကြိုးစားနေသည်။ လက်ထိပ်များ ပေါက်ပြဲထွက်နေပြီး သွေးစက်တချို့ နံရံမှာစင်နေသည်။

"နရီ..."

ရှေ့နေကြီးကို လှည့်ကြည့်လိုက်သောအခါ နရီ့မျက်လုံးများက လည်နေသည်။

"ခင်ဗျား ရောက်လာပြီကိုး"

ပြောသည့်အသံကိုက နရီ့အသံ မဟုတ်။ နရီ သူ့ကို ခင်ဗျားဟု မသုံး။ 'ဦး'ဟု ယဉ်ကျေးစွာ သုံးတတ်သည်။

"မင်း ဘယ်သူလဲ"

နရီ့မျက်လုံးများက နီရဲ စိုလက်နေသည်။ နှုတ်ခမ်းကို တွန့်၍ပြုံးသော အပြုံးမျိုးသည် ရှေ့နေကြီးကို လှောင်ပြုံး **နေသလိုမျိုး။**

"**ကျုပ် ဘယ်သူလဲ**... ဟုတ်လား... ကျုပ် နရီလေ"


www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး... နရီဟာ ဒီလိုမျိုးမဟုတ်ဘူး။ ဒါနဲ့ မင်း ဘာတွေလုပ်နေတာလဲ၊ လက်တွေလည်း စုတ်ပြတ်နေပြီ"

"ကျုပ် သက်သေပြနေတာ၊ ကျုပ် စာရေးဖို့ကြိုးစားနေတာ"

"ဘာကိုလဲ... ဘာကို သက်သေပြချင်တာလဲ"

"ခင်ဗျား ဝိညာဉ်တွေကို ယုံလား"

ရှေ့နေကြီးအသံ တိတ်သွားသည်။ ဒီအမူဟာ သူ့ကို ခေါင်းစားသည်ထက် ပိုစားစေခဲ့ပြီ။

"ကျုပ်ရှိတဲ့နေရာကို ပြောချင်တယ်၊ ကျုပ် ခင်ဗျားကို ထပ်ပြောမယ်၊ ခင်ဗျား ကျုပ်ရှိတဲ့နေရာကို သိချင်ရင် မေရီ့ကို မေး"

သူ ဘာမှမပြောနိုင်ခင်မှာဘဲ နရီသည် အရုပ်ကြိုးပြတ်သလို လဲကျသွားသည်။ သူ အနားကပ်ကြည့်လိုက်တော့ သတိလစ်နေပြီ။





နရီသည် သူ့ကိုယ်သူ ဘယ်နေရာ ရောက်နေမှန်း မသိနိုင်အောင် စိတ်ရှုပ်ထွေးလျက်ရှိသည်။ ခေါင်းတွေလည်း မကြည်လင်။ တဖြည်းဖြည်းနဲ့မှ သူ ရောက်နေတာ တောင်စောင်းတစ်ခုမှန်း မြင်စေသည်။

တောင်ကိုပတ်၍ ဖောက်ထားသော လမ်းတစ်ခု၏ဘေး တောင်စောင်းအထက်တွင် သူ ရောက်နေသည်။ တစ်ဖက်မှာ ချောက်၊ တစ်ဖက်မှာ တောင်ကိုထွင်းထားသောလမ်း။ သူသည် ချောက်ကမ်းပါးကို မငုံ့ကြည့်ဘဲ အသည်းတယားယား မြင်နေရသည်။

သူ့ပခုံးပေါ် လက်လာတင်လိုက်သောကြောင့် လန့်ဖျပ်သွားကာ နောက်ဘက်သို့ လှည့်ကြည့်လိုက်တော့...

"ဘယ်လိုလဲ... ဒီချောက်ကြီးကိုမြင်ရတာ ကြောက်စရာ မကောင်းဘူးလား၊ ဒီချောက်ထဲကို တွန်းချခံရရင်ရော ဘယ်လိုနေမလဲ သိချင်လား"

"ဂျွန်ခိုင်"

ဂျွန်ခိုင့်ကို အနီးကပ်မြင်လိုက်ရခြင်းကြောင့် နရီ့နလုံး ခုန်သံတွေ မြန်လာသည်။ ဒီတစ်ခါမြင်ရသော ဂျွန်ခိုင့်မျက်နှာသည် ညိုးငယ်လှသည်။ စိတ်မချမ်းသာစရာ တစ်ခုခုသည် ဂျွန်ခိုင့်ဆီကနေ သူ့ဆီကို ကူးစက်လာသလို ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား မေရီ့ကို ချစ်လား"

ဌွန်နိုင်က တောင်စောင်းဘေး ချောက်ထဲသို့ ငုံ့ကြည့်ကာ မေးသည်။ သူ လိမ်ညာပြော၍ မရဟု သူ သိသည်။

"ဒီလိုပဲ"

"ဘယ်လို ဒီလိုပဲလဲ"

"မေရီက ချစ်စရာတော့ ကောင်းပါတယ်"

"ခင်ဗျားတို့အိမ်ထောင်ရေး အဆင်ပြေရဲ့လား"

"ကကောက်ကဆ နည်းနည်းရှိတာကလွဲရင် ကြီးကြီးမားမား မရှိဘူး"

"ဒါဆို မေရီ့ကို ခင်ဗျား တစ်ခါမှ မရိုက်ခဲ့ဖူးဘူးပေါ့"

"ဘာလို့ရိုက်ရမှာလဲ... မေရီ့မှာ ရိုက်နှက် ဆုံးမရလောက်အောင် အပြစ်မရှိဘူး။ ရှိခဲ့ရင်လည်း ကျွန်တော် ရိုက်မှာမဟုတ်ဘူး၊ ကျွန်တော်လက်ထပ်ထားတဲ့ မိန်းမကို ရန်သူလိုမျိုး ဆက်ဆံစရာမလိုပါဘူး"

"မေရီနဲ့ ခင်ဗျား လက်ထပ်ပွဲကို ကျွန်တော် ရောက်ခဲ့တယ်"

နရီ အံ့သြသွားပါသည်။

လူအနည်းအကျဉ်းသာ ဖိတ်ခဲ့သော သူတို့လက်ထပ်ပွဲကို ဌွန်နိုင် လာသွားတယ်ဆိုတာ သူ မယုံပါ။ ဌွန်နိုင့်ကို သူ





အရင်က မသိပေမယ့် ဌွန်နိုင့်လိုရုပ်မျိုးဟာ လူအများထဲမှာ သိသာထင်ရှားသော ရုပ်ရည်မျိုးမို့ လူအနည်းအကျဉ်းထဲမှာ မှတ်မိအောင် ပေါ်လွင်မည်မှာ သေချာလှသည်။

"အဲဒီတုန်းက မေရီ သိပ်လှတာပဲ၊ မေရီ့ဘေးမှာ အမှန်ဆို ကျွန်တော်ဖြစ်ရမှာ၊ ကျွန်တော် ခင်ဗျားကို သိပ်မုန်းတာပဲ နရီ၊ ခင်ဗျားကို ကျွန်တော် မနာလိုဘူး"

"မေရီက ခင်ဗျားရှိနေလျက်နဲ့ ကျွန်တော့်ကို ဘာလို့ လက်ထပ်ရတာလဲ၊ ကျွန်တော်တို့ဘက်က သူ့ကို ဖိအား အများကြီး မပေးခဲ့ပါဘူး"

"ကျွန်တော့်ကို ခင်ဗျားနဲ့ လက်ထပ်တော့မယ့်အကြောင်း ဒီနေရာမှာ မေရီ ပြောခဲ့တယ်"

"ဗျာ..."

"ကြားကြားချင်း ကျွန်တော် သိပ်စိတ်တိုသွားခဲ့တယ်၊ မေရီ့ကို ကျွန်တော် လည်ပင်းညှစ်ပြီးသတ်ဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့်... တကယ်တမ်း ချောက်ထဲ ပြုတ်ကျသွားတာ ကျွန်တော်ပဲ၊ ကျွန်တော် အခု ခင်ဗျားမြင်နေရတဲ့ ချောက်ထဲ ပြုတ်ကျသွားတယ်"

နရီသည် အခုမှ သူ မြင်မက်ခဲ့သော အိပ်မက်လိုလို အကြောင်းအရာများသည် တကယ်ပဲဖြစ်ပျက်ခဲ့တာ [illegible]လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ချောက်ထဲပြုတ်ကျသွားသူသည် အခု သူ့နံဘေးတွင် ရောက်နေသည်။ အဲဒါ သိပ်ထူးဆန်းသည်။

"ခင်ဗျားသိလား နရီ... အမြင့်ကြီးပေါ်ကနေ အောက်ကို ပြုတ်ကျသွားတဲ့ ခံစားမှုကိုလေ၊ အသည်းတအေးအေး ရင်တလှပ်လှပ်နဲ့၊ ကျွန်တော် ဝမ်းအနည်းဆုံးက မေရီ တစ်ယောက်တည်း ဒီနေရာမှာထိုင်ငိုနေတာပဲ၊ ကျွန်တော် ပြုတ်ကျသွားတဲ့အချိန်မှာ သူကြောင်နေတယ်၊ ပြီးတော့သူငိုတော့တာပဲ"

"ခင်ဗျား မသေဘူးမို့လား"

ဂျွန်ခိုင် ပြုံးသည်။

"ခင်ဗျား ဝိညာဉ်တွေကိုယုံသလား နရီ"

နရီ့မှာ ကြက်သီးများ ဖြန်းခနဲထသွားသည်။

"ကျွန်တော် ခင်ဗျားတို့ နှစ်ယောက်နောက် တောက်လျှောက် လိုက်နေခဲ့တယ်၊ တစ်နေ့မှာ ခင်ဗျားတို့နှစ်ယောက် အကြီးအကျယ် စကားများကြတယ်၊ ခင်ဗျား မှတ်မိမှာ မဟုတ်ဘူး...ဘာလို့လဲဆို အဲဒီအချိန်တုန်းက မေရီနဲ့ စကားများနေတဲ့သူဟာ ခင်ဗျားမဟုတ်ဘဲ ကျွန်တော် ဖြစ်နေလို့ပဲ"

"မေရီ အဲဒါကို သိလား"

"သိတယ်... သိလို့လည်း သိပ်ခြောက်ခြားသွားပြီး သူက အရင်ရန်ပြုတာပေါ့၊ ကျွန်တော့်အကျီ သူ့ဆီမှာရှိတယ်၊





ကျွန်တော် ချောက်ထဲပြုတ်ကျမလို့ လုပ်တုန်းက သူ ဖမ်းဆွဲတာ အကျီ ပြုတ်ကျန်ခဲ့တယ်၊ အဲဒီအကျီကိုလည်း သူ မီးရှို့ပစ်သေးတယ်"

"ကျွန်တော့်လက်ထဲက လက်ထပ်လက်စွပ်ရော"

"ခင်ဗျားတို့ အိပ်ခန်းထဲမှာပဲ ရှိတယ်"

နရီသည် မယုံနိုင်သော အရာတွေကို လက်တွေ့မြင်နေကြားနေရပြီ။

တစ္ဆေဆိုတာ တကယ်ရှိသလား...။ သူတို့က ဘယ်လိုစားသောက်နေထိုင်ကြသလဲ။ သူတို့က လူတွေလိုပဲ အသက်ရှင်နေကြရင် သူတို့ဟာ လူတွေလိုပဲ ထိတွေ့ ကိုင်တွယ်နိုင်သလား။

မဟုတ်ဘူး... မဖြစ်နိုင်ဘူး။ သူ အိပ်မက် မက်တာပါ။

သူ အိပ်မက် မက်နေတာ။ သူဟာ အမြဲအိပ်မက်မက်တတ်သူပဲ။ သူ့အိပ်မက်ဟာ တခြားသူတွေအတွက် အရူးတွေမက်သော အိပ်မက်လို့ အမည်တပ်နိုင်တဲ့အိပ်မက်။

"ခင်ဗျား မေရီ့ကို သတ်ပစ်ခဲ့တယ်မဟုတ်လား ဂျွန်ခိုင်"

သူ တုန်လှုပ်စွာ မေးမြန်းသည်။ ဂျွန်ခိုင်က သူ့ဘက် တစ်ချက်လှည့်ကြည့်ပြီး ဘာမှဆက်မပြော။

"ဘာပဲဖြစ်ဖြစ် သူဟာ ခင်ဗျားချစ်တဲ့မိန်းမ မဟုတ်လား၊ ပြီးတော့ ကျွန်တော့်မှာ ဘာအပြစ်ရှိလဲ၊ ကျွန်တော့်လက်တွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မိန်းကလေးတစ်ယောက်ကို သတ်ဖို့ ကျွန်တော့်မှာ သတ္တိ လုံးဝမရှိဘူး”

“ခင်ဗျား သိပ်သိချင်နေလား နရီ”

“ကျွန်တော် အခု မေရီ့အတွက်နဲ့ ဘယ်လောက် စိတ်ဆင်းရဲရလဲ၊ ခင်ဗျား ကိုယ်ချင်းစာကြည့်ပါဦး”

“မေရီ့ကို ခွင့်မလွှတ်နိုင်ဘူး၊ အဲသလိုပဲ… ခင်ဗျား လည်း သူ့ကိုလက်ထပ်တဲ့အတွက် ခွင့်မလွှတ်နိုင်ဘူး၊ ခင်ဗျား ရှေ့နေကတော့ တော်ရှာပါတယ်၊ ခင်ဗျားကိုကယ်ဖို့ အစွမ်း ကုန် ကြိုးစားနေလေရဲ့”

ပြောပြီးတာနဲ့ ဝွန်နိုင်သည် ချောက်ထဲသို့ ဇောက်ထိုး လမ်းလျှောက်ဆင်းသွားလေသည်။

မြင်ရသောမြင်ကွင်းသည် ထိတ်လန့်စရာ ကောင်းလွန်း လှသဖြင့် နရီမှာ တစ်ကိုယ်လုံး အသက်မရှိသလို တောင့်တင်း ပြီး ကြက်သေ သေနေသည်။

ဝွန်နိုင်သည် ရှပ်အင်္ကျီအပြာနှင့် ဂျင်းဘောင်းဘီကို ဝတ်ထားသည်။ ကြည့်နေရင်းမှာပင် နရီ့နားထဲ၌ အော်ဟစ် သံတွေကို ကြားလာရသည်။ မေရီ့အသံနှင့်…အခြားအသံများ။





ကျောင်းရှေ့ မေရီ မတ်တတ်ရပ်နေသည်။ နရီ ဆိုင် ကယ်လ်ဖြင့် မေရီ့ရှေ့ ထိုးရပ်လိုက်သောအခါ…

“ကိုကို ကလည်း ကြာလိုက်တာ၊ မေရီ စောင့်နေတာ လေးဆယ့်ငါးမိနစ်တောင် ရှိပြီ”

“ဆောရီးကွာ… ဒီနေ့ လကုန်ရက်ဆိုတော့ အလုပ် ပိုများသွားလို့၊ ကဲ… တက်”

မေရီက ဆိုင်ကယ်လ် နောက်ခုံပေါ် တက်လိုက်ပြီး…

“ထမင်းချက်ဖို့ အချိန်နောက်ကျနေလို့ ပြောတာပါ၊ ကိုကို့ကို စိတ်ဆိုးလို့ မဟုတ်ပါဘူး”

“ကိစ္စမရှိပါဘူး… ကျက်တဲ့အချိန် စားကြတာပေါ့“

သူတို့အိမ်ရောက်ချိန်တွင် ညနေမှောင်နေပြီ။ မေရီက မနက်ကချက်ထားသော ထမင်းအကျန်ကို ပြန်နွှေးပြီး ထမင်း အသစ်ချက်ဖို့ ဆန်ဆေးပြီး မီးဖိုပေါ်တင်သည်။ ထင်းကတော့ ရေခဲသေတ္တာထဲမှာ ခဲပြီးသား။



www.burmeseclassic.com

www.burmeseclassic.com

"မေရီ ရေချိုးလိုက်ဦးမယ် ကိုကို၊ ထမင်းအိုး ခဏ ကြည့်ထားနော်"

မေရီ ရေချိုးခန်း ဝင်သွားပြီးနောက် မဂ္ဂဇင်းတစ်အုပ်ကို ကိုင်ကာ မီးဖိုခန်းထဲရှိ ခုံတစ်ခုံတွင် သူ စာထိုင်ဖတ်နေသည်။

ရုတ်တရက်ဆိုသလို သူ့နားထဲမှာ အသံ နှစ်သံသည် ပြိုင်၍လာသည်။ တစ်သံက ရေချိုးခန်းထဲမှ စကားပြောသံနှင့် ရောထွေးနေသော ရေသံ၊ နောက်တစ်သံက ထမင်းအိုး ဆူသံ။ သူ စာအုပ်ကိုပိတ်လိုက်ပြီး ရေချိုးခန်းရှေ့ မတ်တတ်ရပ်သည်။

"မေရီ... မေရီ"

"ရှင်... ကိုကို"

"ဘယ်သူနဲ့ စကားပြောနေတာလဲ"

"သီချင်းဆိုနေတာပါ ကိုကိုရဲ့"

"ဩော်... ဟုတ်လား"

"ထမင်းအိုး ဆူပြီလား ကိုကို"

"အေး... ဆူပြီ"

"ယောက်မနဲ့ မွှေလိုက်ဦးလေ၊ ခဏလေး... မေရီ ပြီးတော့မယ်"





"မင်း ငုံ့မှာလား"

"ဟုတ်ကဲ့"

သူ ထမင်းအိုးကို ယောက်မဖြင့် မွှေသည်။

မေရီ ရေချိုးခန်းမှ ရင်လျားဝတ်အပေါ်တွင် သဘက်လွှမ်းကာ ထွက်လာပြီး ထမင်းရည်ငှဲ့သည်။ မေရီ သနပ်ခါးသွားလိမ်းချိန်တွင် ထမင်းအိုးလည်း နပ်ပြီးပြီ။ သို့သော် သူ့စိတ်သည် ဂယောက်ဂယက် ဖြစ်လျက်ရှိသည်။

ရေချိုးခန်းထဲမှာ မေရီက ကျွန်းသေပေါက် တစ်ယောက်ယောက်ဖြင့် စကားပြောနေသည်။ သနပ်ခါးလိမ်းပြီး၍ အဝတ်အစား လဲထွက်လာသော မေရီသည် သူ့ကို မျက်နှာချင်း မဆိုင်ဘဲ...

"ကိုကို... ဗိုက်ဆာနေပြီလား၊ ခဏနော်... ဟင်း နွှေးဦးမယ်"

မေရီ့လက်ကို သူ ပြုံးခနဲ ဆွဲလှည့်လိုက်သည်။

သူ ဘာတွေပြောမိလဲ ဆိုတော့ ခုမှပဲ ပြန်စဉ်းစား၍ ရတော့သည်။

"မင်း သိပ်ပျော်နေတယ်ပေါ့"

"ဘာဖြစ်လို့လဲ"

"မင်း ဘာတွေမဟုတ်တာ လုပ်ထားလဲ၊ ပြန်တွေး ဦးလေ"


www.burmeseclassic.com

www.burmeseclassic.com



မေရီ့မျက်နှာ ကွက်ခနဲပျက်သည်။

"ဂျွန်နီဒ့်ကို သတိမရတော့ဘူးပေါ့"

မေရီ့မျက်နှာမှာ ပျက်ယွင်းရာမှ ဖွေးဆုတ်လာသည်။ ခြေလှမ်းများက အိမ်နောက်ဘက်တံခါးဆီသို့ တရွေ့ရွေ့။

နရီ့မှာ စဉ်းစားရင်း ခေါင်းကိုက်လာသည်။ အာရုံထဲတွင် မေရီ့နောက်သို့ အဲဒီတုန်းက သူ ပြေးလိုက်ခဲ့ကြောင်း ပြန်မှတ်မိစေသည်။ မေရီသည် တွေ့မိတွေ့ရာ ပြေးသည်။ ဘာကိုလန့်ပြီး ပြေးလဲဆိုတာ သူမ ဘာသာပဲ သိလိမ့်မည်။

သူတို့အိမ်နဲ့ သိပ်မဝေးသော ညာဘက် သုံးခြံကျော် လေးအိမ်မြောက်ရှေ့မှာ မေရီ လဲကျသွားသည်။

"မင်း ဘာလို့ ထွက်ပြေးနေတာလဲ"

"နင်... အနားမကပ်နဲ့၊ ငါ့နား မလာနဲ့"

သူ မေရီ့နား တိုးကပ်သွားသည်။

"မင်းကို ငါ ဘယ်လောက်ချစ်ခဲ့လဲ ဆိုတာ မင်း တစ်ခါတလေတောင် စဉ်းစားမိရဲ့လား၊ မင်း မရှိရင် ငါ့ဘဝကြီးက ဘာထူးမှာလဲ မေရီ၊ မင်းက တခြားတစ်ယောက်နဲ့ ငြိမ်းချမ်းနေတဲ့ အချိန်မှာ ငါကတော့ ပူလောင်နေတယ်၊ မင်းက အဖော်နဲ့ အေးချမ်းနေတဲ့အချိန်မှာ ငါကတော့ အထီးကျန်နေရတယ်၊ မင်း ဘာလို့ ဒီလောက်ရက်စက်ရ





တာလဲ၊ မင်း ငါ့ကို ချောက်တဲ ထွန်းချခဲ့တယ်မဟုတ်လား၊ မေ့ချင်ဟန် ဆောင်နေတာလား"

"နင်... နင်..."

သူ့လက်တစ်ဖက် မြှောက်တက်လာပြီး မေရီ့ကို ရိုက်ဟန်ပြုတော့မည်။

လဲနေရာမှ ကြိုးရုန်း၍ မေရီ ထ,ပြေးသည်။

အိမ်ပျက်ထဲသို့ ဝင်ပြေးသော မေရီ့နောက်သို့ သူ လိုက်သည်။ ဒါပေမယ့် အဲဒီအချိန်မှာ သေချာနေတာ သူသည် သူ မဟုတ်။

အဲဒါကို သူသိသည်။ ကြောက်လန့်ဖွယ်ရာကောင်းသော အော်သံသည် အိမ်ထဲမှ ပတ်ဝန်းကျင်သို့ လွင့်ပျံ့သွားသည်။

အသက်ဝိညာဉ်ကင်းနေသော မေရီ့အနားတွင် အသက်ဝိညာဉ်တစ်ခုသည် အညိုးဖြင့် အားပါးတရ ပြုံးနေသည်။

အသိစိတ် ကင်းမဲ့သော ခန္ဓာကိုယ်ဖြင့် သူ့အိမ်ဆီသို့ သူ တစ်ယောက်တည်း ပြန်လာခဲ့သည်။

သူသည် နရီဘဝတွင် ဘယ်တုန်းကမှ စန္ဒရား မတီးတတ်ခဲ့။ ဘုရားရှိခိုးကျောင်းတွင် စန္ဒရားတီးတတ်သော မေရီ့ရုပ်ပုံလွှာကို စန္ဒရားခုံနှင့်တွဲ၍ မြင်ယောင်လာသလို ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒရားခလုတ်ပေါ် လက်တင်ကာ အသာအယာတီးခတ်လိုက်သည်။

ပြီးတော့ သူ ရှိုက်ကြီးတငင် ငိုယိုလေသည်။

နာရီလက်တံ လည်သံ တစ်ချပ်ချပ်ကို ငိုသံနှင့် ရောထွေး၍ ကြားရသည်။

မနက် ငါးနာရီခွဲခါနီးတွင် သူ ဖုန်းခေါ်သည်။ ဖုန်းခေါ်လျက်ကနေ စန္ဒရားခလုတ်ကို ခပ်ဆဆ တီးခတ်နေလိုက်သည်။ တစ်ဖက်မှ ဖုန်းထူးသံ ကြားရသည့်အခါ...

"ရဲစခန်းကပါလားခင်ဗျာ... ကျွန်တော် နရီပါ၊ ဟုတ်ကဲ့ ...........ပုဂ္ဂလိကဘဏ် မန်နေဂျာပါ၊ ကျွန်တော့်ဇနီးကို ကျွန်တော် ဒေါသထွက်ပြီး ညက သတ်ခဲ့မိပါတယ်၊ ပြီးတော့ ကျွန်တော်တို့အိမ်နဲ့ သုံးခြံကျော်က လူမနေတဲ့ အိမ်ထဲမှာ ပစ်ထားခဲ့တယ်၊ အဲဒါ မနက် ခြောက်နာရီကျရင် ကျွန်တော့် အိမ်မှာ လာဖမ်းပါလို့ ကိုယ်တိုင် ဝန်ခံတာပါ"

ဖုန်းခွက်ကို လွှတ်ချလိုက်ပြီး စန္ဒရားကို စိတ်ပါလက်ပါ ပြန်တီးသည်။ ခဏအကြာတွင် သူ ခုတင်ပေါ် ပစ်ချလှဲကာ မျက်လုံး စုံမှိတ်လိုက်တော့သည်။





မျက်လုံးကို ဆတ်ခနဲ ဖွင့်လိုက်ချိန်တွင် သူ့နံဘေး၌ ရှေ့နေတစ်ဦးတည်းသာ ရှိနေသည်။

"မင်း သတိရလာပြီလား... မင်းမိဘတွေ ဦး အကြောင်းကြားထားတယ်၊ အခု နေလို့ကောင်းရဲ့လား"

"ကျွန်တော် အိပ်မက်တစ်ခု မက်ခဲ့တယ်"

"ဟုတ်လား..."

"အိပ်မက်ထဲမှာ မေရီ အသတ်ခံရတဲ့ညကို မြင်တယ်"

"ပြီးတော့ရော..."

"ထူးဆန်းတာ ကျွန်တော့်စိတ် မဟုတ်ဘဲ အဲဒီလူ သတ်ခဲ့တာ၊ လျှန်ခိုင့်စိတ် ဖြစ်နေတယ်"

"မင်းပြောချင်တာ မင်း မသတ်ခဲ့ဘူးပေါ့"

"ဟုတ်တယ်... ကျွန်တော် မဟုတ်ဘူး"

"မင်းကို ဘယ်သူ ယုံမယ်ထင်လဲ နရီ"

"ဗျာ..."



www.burmeseclassic.com

www.burmeseclassic.com

"အေးလေ… မင်းကို ဘယ်သူယုံမယ် ထင်လဲလို့ မေးနေတယ်"

"အနည်းဆုံးတော့ ဦး ယုံမှာပေါ့"

"မင်းကို ငါ မယုံဘူး နရီ၊ မင်းရဲ့စိတ်ကို ငါမယုံဘူး၊ မင်းမှာ မင်းကိုယ်မင်း သူရဲကောင်းလို့ထင်နေတဲ့စိတ် ရှိတယ်၊ အဲဒီစိတ်နဲ့ ဘာကိုမဆို မင်း လုပ်နိုင်တယ်၊ လူတစ်ယောက်ကိုတောင် မင်း သတ်ပစ်နိုင်တယ်၊ မမြင်ရတဲ့ဟာတွေကို ငါ မယုံဘူး၊ မြင်ရတာတွေပဲ ငါယုံတယ်"

နရီ့မှာ ပြောမပြတတ်လောက်အောင် ဝမ်းနည်းသွားရသည်။

ဒီရှေ့နေဟာ သူ့ကိုယုံကြည်သူများအနက် အားအထားရဆုံးသောလူ။ သူ့အတွက် တစ်မျှင်တည်းသောကြိုး။

"သူများအသက်ကို သတ်ဖို့ဆိုတာ လွယ်တဲ့အလုပ်လို့ ဦး ထင်လား၊ အဲဒီအလုပ်ကို လုပ်တဲ့လူဟာ သူ့ကိုသင့်နေတဲ့ ကျိန်စာတစ်ခုကို မတော်လှန်နိုင်တဲ့လူမျိုး ဆိုရင်ကော"

"မင်းကို ယုံနိုင်းနေတာလား"

အသံသည် ရှေ့နေ၏ပင်ကိုယ်အသံ မဟုတ်တော့။

ပြောင်းသွားပြီ… ထိုအသံသည် မိမိအား ဒဏ်ပေးမည့် အသံ။





နရီသည် ခုတင်ပေါ်မှ ထ,ရန် အားယူလိုက်သည်။ ဟာကွာ… သွားပြီပဲ။ သူ့အား သောင်းကျန်းလွန်းသဖြင့် ခုတင်မှာ လက်ထိပ်ဖြင့် ခတ်ထားခြင်းဖြစ်သည်။ ပြီးတော့ သူဟာ တရားခံမဟုတ်လား။

"ဒီလောကကြီးမှာ ဘယ်သူ့ကို ယုံရလို့လဲ… မင်းကိုယ် မင်းတောင် ယုံရလို့လား နရီ၊ ဟား ဟား… ဘယ်သူ့ကိုမှ မယုံရတဲ့ ဒီလောကကြီးမှာ အဲဒီမယုံရတဲ့သူတွေကို အရှင်မထားသင့်ဘူး၊ အဲဒါ ကျိန်စာပဲ၊ မင်းမှာသင့်နေတဲ့ ကျိန်စာ"

"ခင်ဗျား ကျုပ်နားမကပ်နဲ့… မကပ်နဲ့ဆို"

ပြောင်လက် တောက်ပသော မျက်လုံးများသည် မီးဝင်းဝင်း ထွက်လာသည်။ ရှေ့နေသည် သူ့ဘောလ်ပင်ဖြင့် နရီ့အနားတိုးကပ်လာသည်။ ခုတင်ပေါ်မှ နရီ ခုန်ဆင်းသည်၊ ကံဆိုးလှသော လက်ထိပ်သည် လက်မှပြုတ်ထွက်မသွား။

ရှေ့နေ၏ ခန္ဓာကိုယ်တွင် အရိပ်တစ်ခုသည် ပူးတုန်ခွာတုန် ဖြစ်နေသည်။ ဒေါသဖြင့် ရန်လိုမှုသည် နရီ့အား ပို၍ကြောက်လန့်စေသည်။

ဒီအချိန်မှာ သူ့အနေဖြင့် အရာအားလုံးကို လည်စင်းခံရန်သာ ရှိတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကို စုံမှိတ်၍ သူ့ဆီ ရောက်လာသည့် နာကျင်ခြင်းနှင့်... သေခြင်းတရားကို ခံယူရန်သာရှိတော့သည်။

လူ့ဟာ အပြစ်နဲ့ မွေးလာတာဟု သူ့ကို ဘာသာတရားက သင်ကြားခဲ့သည်။

သူ့အနေဖြင့် သူ့အပေါ်တွင် မေရီနှင့်ပတ်သက်သော ကျိန်စာသင့်နေသည်ဟု အခုအချိန်တွင် အယုံကြည်ဆုံး ဖြစ်လေသည်။





လူအားလုံးသည် မြင်သမျှ ကြားသမျှ အခြေအနေကို ဘယ်သူမှ နားမလည်နိုင်ဘဲ ရှိလေသည်။

နရီသည် ခုတင်ပေါ်တွင် သွေးအလိမ်းလိမ်းဖြင့် အသက်ပျောက်နေသည်။

နံရံပေါ်တွင် စာသားတချို့...

အချစ်ဟာ သိမ်မွေ့ နူးညံ့မှုရဲ့
အစွန်းတစ်ဖက်ကို ရောက်သွားတဲ့အခါ
ယုံကြည်ထားတာတွေအားလုံး
တစ်စစီ ဖြစ်သွားတဲ့အခါ...
ချစ်သူကို ပွေ့ဖက်ခဲ့တဲ့ သူ့လက်တွေက
သူသတ်သမားအသွင်သို့ တဖြည်းဖြည်း
ပြောင်းလဲ ရောက်ရှိသွားတော့သည်။
တကယ်တော့...
သူက အရင်ဆုံး သေဆုံးခဲ့ရသူသာလျှင် ဖြစ်သည်။

ညွှန့်နိုင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေသည် အကြာကြီး သတိလစ် မေ့မြောလျက်ရှိပြီး သူ မယုံနိုင်ပေမယ့် ကိုယ်တိုင်ကြုံခဲ့သော အဖြစ်ကို တအံ့တသြ ဖြစ်လျက်ရှိသည်။

သူ့လက်ထဲတွင်ရှိသော ပတ်ကားဘောလ်ပင်သည် လူတစ်ယောက်ကို ဇီဝိန်ခြွေနိုင်ပေမယ့် ထိုဘောလ်ပင်ပေါ်တွင်ရှိသော လက်ဗွေရာသည် သူ့လက်ဗွေရာ မဟုတ်ခဲ့။

ထို့ပြင် သူ့ကို လူသတ်တရားခံအဖြစ် စွပ်စွဲနိုင်သော မျက်မြင်သက်သေအားလုံးက သူ့ကို လူသတ်သည်ဟု လုံးဝ မမြင်ခဲ့ဘဲ သူ့အား တစ်စုံတစ်ရာက ပူးကပ်နှောင့်ယှက်သည်ဟုပဲ မြင်ခဲ့ကြသည်။


ပိုသေချာသွားတာက ဂျွန်ခိုင့် ရုပ်အလောင်းကို ချောက်ထဲမှ ပြန်လည်ရှာတွေ့ခဲ့ပြီး လူသတ်သမားသည် ဂျွန်ခိုင်ဟု ညီလုံ့ရည် ကိုယ်တိုင်ကပင် ယုံကြည်ခဲ့ခြင်း ဖြစ်သည်။

**မြလွန်းချို(ဆေးတက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com